


11.10.2016

Alien မှ pdf အဖြစ် စကန်ဖတ်သည်

Alien-ချစ်စုလှိုင်

သိုင်းစာစဥ်များ PAGE



ဘက္ကသိုလ်
နေလင်းငေအောင်
စာစဉ်(၂)

ကြေးခိုင် ၁၁၆ပ

တက္ကသိုလ်

# နေလင်းအောင်

---

## အထီးကျန်၏အတ္ထုပ္ပတ္တိ

(စာစဉ်–၂)

စာမူခွင့်ပြုချက် ၅၀၀၅၄၄၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၅၈၄၀၅၀၅

၂၀၀၅ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး၊ ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသန်းဝင်း၊ (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ စေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း၊ (မိုးဝ အော့ဖ်ဆက်)
အမှတ် ၁၄၇-၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့



ကောခိုင်

## အခန်း (၉)
## ဘဝတူနှစ်ဦး

ည...

ကောင်းကင်ပေါ်ဝယ် လဝန်း ထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေသည်။

ညလေများက သုန်သုန်ညင်းညင်း တိုက်ခတ်နေပြီး ဝန်းကျင်တစ်ခုလုံး အေးမြသာယာနေ၏။

ထိုအချိန်တွင် ငှက်ရိုက်သံသဲ့သဲ့လွင့်မျှောလာ၏။

မည်သူက ငိုကျွေးနေပါသနည်း။

ငိုရှိုက်သံသည် တစ်စထက်တစ်စ ကျယ်လောင်လာသည်။ အသည်းနှလုံး ကြေကွဲပျက်ပြုန်းသွားမတတ် အူလှိုက်သည်းလှိုက်ငိုကျွေးလိုက်ပုံမျိုး ဖြစ်သည်။

ငိုကျွေးသံကို ကြားရသူတိုင်း စိတ်မချမ်းမမြေ့ မိကြပေလိမ့်မည်။

ငိုသံပျောက်ကာ ရှိုက်သံ ထွက်လာပြီး နောက်ဆုံး ရှိုက်သံ

လည်း ကွယ်ပျောက်သွားလေတော့သည်။

*

လရောင်ဖြင့် သစ်ပင်ချုံနွယ်များကြား၌ ပျက်စီးယိုယွင်းနေသော အဆောက်အဦးပျက်တစ်ခု ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ထိုအဆောက်အအဦးပျက်အတွင်း၌ ကလေးငယ်တစ်ယောက် ရောက်ရှိနေ၏။

ထိုကလေးငယ်မှာ ကျင်းဖုံး ဖြစ်ပါသည်။

ကျင်းဖုံးသည် သူဌေးလီကျိုးနှင့် သူ၏လူများအလစ်တွင် ထွက်ပြေးလာခဲ့ခြင်းဖြစ်ပြီး ဘယ်ရပ်ဘယ်ဝယ် ရောက်လေပြီး မသိနိုင်ဘဲ ညကလည်းရောက် လနှင့် တောအုပ်အတွင်း၌ တွေ့ရသော အိမ်ပျက်ကြီးတစ်ခုအတွင်း၌ ဝင်ရောက်နားခိုနေခြင်းဖြစ်ပါသည်။

ယခု ကျင်းဖုံး မငိုတော့ပါ ...။

သူ၏မျက်နှာပေါ်တွင် မည်သို့သော ခံစားချက်မှ ရှိမနေတော့ဘဲ အေးတိအေးစက် ဖြစ်နေပါသည်။

အားရပါးရ ငိုကျွေးပြီးနောက် သူ့တွင် ငိုစရာ မျက်ရည်များ မကျန်တော့ပါ။ သူသည် ငိုကျွေးခြင်းမှ လွန်မြောက်သွားခဲ့ပြီ ဖြစ်ပါသည်။

သူ ဘယ်တော့မှ ငိုကျွေးတော့မည် မဟုတ်ပါ။

သူသည် အရွယ်နှင့် မလိုက်အောင် ကြုံတွေ့ခဲ့ရသည့် ဆိုးဝါးလှသော ဖြစ်ရပ်များကြောင့် ကျင်းဖုံး၏ အသည်းနှလုံးကား အေးစက်မာကျောသွားခဲ့ချေပြီတကား။



သူက သူဌေးကြီးလီကျိုး၏ အိမ်မှ ထွက်ပြေးလာပြီးကတည်းက ကိုယ့်အားကိုယ်ကိုးရမည်ဟူသော အသိဝင်နေပြီ ဖြစ်ပါသည်။

အသက်ရှင်နိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးကာ ရုန်းကန်ရမည် ဖြစ်သည်။

ထိုသို့ ရုန်းကန်ခြင်းမပြုနိုင်လျှင် သူတစ်ပါး၏ နှိပ်စက်မှုကို ခံရမည်ဖြစ်ပြီး အသက်ရှင်သန်ဖို့ အခွင့်အရေး နည်းပါးသွားမည် ဖြစ်သည်။

နုနယ်လှသော ကျင်းဖုံး၏ ဦးနှောက်ထဲသို့ ရက်စက်လှသော အသိတရားကြီး ဝင်ရောက်ကိန်းအောင်းသွားခြင်း ဖြစ်ပါတော့သည်။

ဝမ်းနည်းကြေကွဲခြင်း၊ ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်း စသည့် ခံစားချက်များ ပျောက်ကွယ်သွားသောအခါ ကျင်းဖုံးသည် အသည်းနှလုံးကင်းမဲ့သော ကောင်လေးတစ်ယောက် ဖြစ်သွားလေတော့သည်။

ထို့နောက် ရှဲတောင်းနှင့် ဆုံတွေ့ရန် အကြောင်းဖန်လာလေတော့သည်။

ညက ပို၍ နက်ရှိုင်းလာသည်။

အအေးဓာတ်က ပိုကဲလာသည်။

ကျင်းဖုံးသည် အကျႌပါးပါးလေးနဲ့ ပြေးလာခြင်းဖြစ်၏။ အလွန်ချမ်းအေးလှသည်။ သူသည် အရိုးပေါ် အရေတင် ပိန်ချုံးချိနဲ့နေသည်။

သူ့အား အစာရေစာ ဝအောင်မကျွေးသည့်အပြင် နှိစ်စက်ခဲ့ကြသည် မဟုတ်လား။

ကျင်းဖုံးသည် ခါးသီးသော လောကခံကို အရှုံးနှင့်မလိုက်အောင် ခံစားရကာ သက်ဆိုးရှည်မည်မဟုတ်ဟု ထင်ရသည်။

သို့သော် သူ၏မျက်လုံးအစုံကား အရောင်တဖိတ်ဖိတ် တောက်ပဝင်းလက်နေသည်။

ထိုမျက်လုံးအစုံအား တွေ့မြင်သူတိုင်းသည် ကျင်းဖုံးမှာ လဲကျသွားမည်မဟုတ်သည့်အပြင် သူတစ်ပါးအား လဲကျသွားအောင် ပြုလုပ်မည့်သူဟု နားလည်လိုက်ကြမည်သာ ဖြစ်ပါတော့သည်။

ကျင်းဖုံးက အဆောက်အဦးပျက်၏ အမှောင်ရိပ်ထဲ၌ မလှုပ်မယှက် ထိုင်နေ၏။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်က အဆောက်အဦးပျက်အတွင်းသို့ တိတ်ဆိတ်စွာ ဝင်ရောက်လာလေတော့သည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့် လူမမာရုပ် ပေါက်နေသူတစ်ယောက်သည် အဆောက်အဦးပျက်ထဲသို့ တိတ်တဆိတ် ဝင်ရောက်လာလေသည်။

ထိုလူသည် အဆောက်အဦးပျက်အတွင်းသို့ ရောက်လျှင် ခါးကိုင်းသွားအောင်ပင် ချောင်းတဟွတ်ဟွတ် ဆိုးနေလေ၏။ ပျက်စီးနေသော နံရံကို ကျောမှီကာ ထိုင်ချလိုက်သည်။

သူ၏ နှုတ်ဖျားမှ မကျေနပ်သံများ၊ ညည်းတွားထွက်ပေါ်လာလေတော့သည်။

'တောက်၊ ဒီကောင် ရှမ်းတုံး လူတွင်ကျယ် လုပ်နေချင်လိုက်တာ၊ ငါ့မှာသာ ဒဏ်ရာမရခဲ့ဘူးဆိုရင် ကောင်းကောင်းကြီး ဆုံးမလိုက်တယ်'



တဖန် ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။

ကျင်းဖုံးက အမှောင်ထဲမှ နေပြီး သူ့အား စိုက်ကြည့်နေသည်ကို မသိခဲ့ပါချေ။ ထိုလူသည် အေးစိမ့်နေသော နံရံကို ကျောမှီကာ မျက်လုံးမှိတ်ထားလိုက်သည်။

နောက်ထပ် ညည်းတွားခြင်း ချောင်းဆိုးခြင်း မပြုတော့ပါ။

အသံဗလံများ တိတ်ဆိတ် ငြိမ်သက်သွား၏။ ည၏ ပိုးကောင်မှက်ကောင်လေးများ၏ အော်မြည်သံများကသာ ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလိုက်လေတော့သည်။

ဤသို့ဖြင့် ညသည် တဖြည်းဖြည်း ကုန်လွန်လာသည်။

'အောက်အီးအီးအွတ်'

တောကြက်တွန်သံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။ အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ပျို့အန်လာပြီ ဖြစ်သည်။

တစ်ညတာ အချိန်ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီ ဖြစ်ပါသည်။

အမှောင်ထုက တစ်စတစ်စ ပါးသွားကာ နေခြည်အလင်းတန်းများက ထွက်ပေါ်လာသည်။

အဆောက်အဦပျက်အတွင်း၌ လင်းလင်းရှင်းရှင်း ဖြစ်လာလေတော့သည်။

ဤတွင် အနက်ရောင်ဝတ်ဆင်ထားသူနှင့် ကျင်းဖုံးတို့ မျက်နှာချင်းဆိုင်လျက် တစ်ညလုံးရှိနေခဲ့သည်အဖြစ် ပေါ်လွင်လာသည်။

ကျင်းဖုံးက တစ်ညလုံး မအိပ်ပါ။ တုတ်တုတ်မျှ မလှုပ်ပါ။ သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေဆဲပင်။

အနက်ရောင်ဝတ်ထားသူသည် ဝါးကနဲ သမ်းဝေကာ မျက်လုံးဖွင့်လိုက်၏။

ထိုအခါ သူ၏ ရှေ့တည့်တည့်၌ရှိနေသည့် ကျင်းဖုံးအား တွေ့မြင်သွားလေတော့သည်။

'ဟင်'

ထိုလူက ကပျာကယာ ထရပ်လိုက်၏။

ကျင်းဖုံးလည်း ငေါက်ခနဲ ထလိုက်၏။ ထိုအခါမှ ကောင်လေးတစ်ယောက် ဖြစ်ကြောင်း ထိုလူ သတိပြုမိသွားလေသည်။

'မင်း ဘာလုပ်နေတာလဲ'

ခပ်ထန်ထန် ငေါက်လိုက်လေသည်။

ကျင်းဖုံး ဘာမှ မပြောပါ။

ထိုလူက

'မင်း ဘယ်တုန်းက ဒီနေရာကို ရောက်လာတာလဲ'

ကျင်းဖုံး ဘာမှ မပြောပါ။

ထိုလူ မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းကို ကြည့်ရတာ အခြေအနေမဲ့လေးတစ်ယောက်ပဲ ဖြစ်ရမယ်။ ကောင်းပြီ မင်းက ငါ့ကို ကူညီမယ်ဆိုရင် မင်းကိုငါ ပြန်ကူညီမယ်၊ ဘယ်နှယ့်လဲ'

ကျင်းဖုံး ဘာမှ မပြောပါ။ ထိုလူက ငွေစအနည်းငယ် ထုတ်ယူလိုက်လေသည်။

'တောအုပ်ထဲက ထွက်ပြီး အရှေ့ဘက်စူးစူးကို သွားရင် မြို့ကလေးတစ်မြို့ကို ရောက်သွားလိမ့်မယ်၊ အဲဒီမှာ ငါ့အတွက် ဘရဆေး နည်းနည်း ဝယ်ပေး၊ ဘာတွေ ဝယ်ရမယ်ဆိုတာ ငါရေးပေးလိုက်မယ်'



ကျင်းဖုံးသည် ထိုလူအား မမှိတ်မသုန် စိုက်ကြည့်နေပြီး မည်သို့ စိတ်ကူးပေါက်သွားမှန်းမသိ ချာခနဲ လှည့်ကာ အဆောက်အဦး ပျက်ထဲမှ ထွက်သွားလေတော့သည်။

ကျင်းဖုံးသည် အဆောက်အဦးပျက်ထဲမှ ထွက်လာခဲ့သည်။ အပြင်ဘက်သို့ ရောက်လျှင် ရှေ့ဆက်သွား၍ မဖြစ်အောင် အနှောင့်အယှက်က ပေါ်လာလေတော့၏။

ခြုံပုတ်များကြားမှ ဝံပုလွေနှစ်ကောင်ထွက်လာခြင်း ဖြစ်ပါသည်။

ထိုဝံပုလွေများသည် ညဘက် အစာရှာမရသဖြင့် ဆာလောင်မွတ်သိပ်ကာ မိုးလင်းလာချိန်၌ ဒေါသတကြီး ဖြစ်နေကြပုံ ရှိနေသည်။

ကျင်းဖုံးအား တွေ့သောအခါ သူတို့အတွက် အစာရပြီဟု သဘောထားလိုက်ကြပုံ ရနေသည်။

သွားဖြဲကာ မာန်ဖီရင်း ပြေးလာကြတော့သည်။

ကျင်းဖုံး တုံ့ခနဲ ရပ်သွား၏။ ဝံပုလွေနှစ်ကောင်က သူ့အား ရန်မူတော့မည်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

အသက်ရှင်ဖို့ ရုန်းကန်ရမည်။ အန္တရာယ်ဟူသမျှကို ရင်ဆိုင်သွားနိုင်ရမည်။

ငိုကြွေးတောင်းပန်နေ၍ ဘယ်သောအခါမှ ချမ်းသာရာ ရမည် မဟုတ်။ ကျင်းဖုံးမှာ အရွယ်နှင့်မလိုက်အောင် ခါးသီးသော ခံစားချက်များကို ရင်ဝယ်ပိုက်မိနေပြီ မဟုတ်ပါလား။

'ဝေါင်း'

ဝံပုလွေနှစ်ကောင်သည် မာန်ဖီလာပြီး ပြေးဝင်လာသောအခါ ကျင်းဖုံးသည် မြေပေါ်မှ ကျောက်ခဲနှစ်လုံးကို ဆတ်ခနဲ ကောက်ယူ

လိုက်ကာ ရင်ဆိုင်လိုက်သည်။

ထိုအချိန်တွင် အနက်ရောင်ဝတ်ဆင်ထားသူက အဆောက်အဦးအပြင်ဘက်သို့ လှမ်းထွက်လာပြီ ဖြစ်သည်။

ကျင်းဖုံးနှင့်ဝံပုလွေနှစ်ကောင် ရင်ဆိုင်နေသည်ကို မြင်လျှင်ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝံပုလွေနှစ်ကောင်ကြောင့် ကျင်းဖုံး ဒုက္ခရောက်သွားတော့မည်ထင်မိလေသည်။

သို့သော် သူ၏ အထင်နှင့်အမြင် တလွဲစီ ဖြစ်သွားတော့သည်။

ကျင်းဖုံးက ဝံပုလွေနှစ်ကောင်အနီးသို့ ရောက်လာသည်အထိ စိတ်ရှည်ရှည် စောင့်ဆိုင်းနေပြီးမှ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုချလိုက်လေသည်။

သူစောင့်နေသည်မှာ လွန်စွာ အန္တရာယ်ကြီးကြောင်း ဝတ်စုံနက်နဲ့လူ သိသည်။

ဝံပုလွေနှစ်ကောင် ရူးရူးဝါးဝါး အော်ဟစ်ကာ ချက်ချင်းထွက်ပြေးသွားကြတော့သည်။

သူတို့သည် အစာမရ ကျောက်ခဲရသွားကြသည်မဟုတ်ပါလား။

အနက်ရောင်ဝတ်ဆင်ထားသူ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ကျင်းဖုံးက ဘာကိုမှ မမှုတော့ဘဲ ခြေလှမ်းမှန်မှန်ဖြင့် အဆောက်အဦးပျက်ကို ကျောခိုင်းကာ ထွက်သွားလေတော့သည်။

ကျင်းဖုံးသည် ဝတ်စုံနက်နှင့်လူပြောသော မြို့ကလေးဆီဦးတည်သွားလေတော့သည်။



မြို့ကလေးမှာ သေးငယ်သော်လည်း မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး စည်ကားမှုရှိသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် မြို့ထဲသို့ ရောက်လာပြီး ဘာယဆေးဆိုင်၌ ဘာယဆေးများ ဝယ်ယူလိုက်သည်။

တစ်ဖန် စားသောက်ဆိုင်တစ်ဆိုင်သို့ သွားကာ ဗိုက်ဖြည့်လိုက်လေသည်။

အစာစားရမှ လူသည် ခွန်အားရှိသည် မဟုတ်ပါလော။ သူ၏ အသွင်မှာ လူမမာတစ်ယောက်နှင့် တူနေပြီး အနက်ရောင်ဝတ်ဆင်ထားခြင်းကြောင့်လည်း ထူးထူးခြားခြား ပေါ်လွင်နေသည်။

ထိုလူကိုယ်တိုင်လည်း အခြေအနေကို ရိပ်စားမိကာ မရဲတရဲဖြစ်နေပါသည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် အကဲခတ်ရင်းခပ်သွက်သွက် စားသောက်နေလိုက်သည်။

ထိုအချိန်တွင်

'သနားကြပါဗျာ'

တောင်းရမ်းစားသောက်နေသူတစ်ယောက် ရောက်လာရာ ဆိုင်လုလင်များက ချက်ချင်း မောင်းထုတ်လိုက်ကြလေသည်။

'ဟေ့ ထွက်သွားစမ်း'

'စောစောစီးစီး ကျက်သရေ မရှိလိုက်တာ'

တောင်းရမ်းသူကလည်း ကြောက်လန့်ကာ ချက်ချင်းထွက်သွားတော့သည်။

မကြာပါချေ။

အဝတ်အစားနွမ်းပါးသော ကောင်လေးတစ်ယောက် ရောက်

ရှိလာသည်။ စားသောက်ဆိုင်ထဲမှ ဟင်းနံ့များ ထွက်ပေါ်နေရကား
ထိုကောင်လေးမှာ ဂဏှာမငြိမ် ဖြစ်နေသည်။

အလွန်ဆာလောင်မွတ်သိပ်နေပုံ ရသည်။ ထိုကောင်လေး
အား အနက်ရောင်ဝတ်ဆင်ထားသူ ချက်ချင်း မှတ်မိလိုက်သည်။

'လက်စသတ်တော့ သူကိုး'

ကောင်လေးက ကျင်းဖုံးဖြစ်သည်။

ထိုလူ ပြုံးလိုက်သည်။

'မင်း ဗိုက်ဆာနေပြီလား။ ရော့'

ပေါက်စီတစ်လုံးယူကာ ပစ်ပေးလိုက်လေသည်။

ကျင်းဖုံးက ဖမ်းယူခြင်း မပြုပါ။ ပေါက်စီကား မြေပေါ်
ကျသွားပြီး လိမ့်သွားသည်။

ကျင်းဖုံးက ပေါက်စီအား တစ်ချက်ကြည့်လိုက်ပြီး ချာခနဲ
လှည့်ထွက်သွားလေတော့သည်။

အနက်ရောင်ဝတ်ထားသူ သက်ပြင်းချလိုက်၏။

'တော်တော် မာရေကျောရေ နိုင်တဲ့ ကောင်လေးပါလား'

သူသည် တီးတိုးရေရွတ်လိုက်လေ၏။

ထို့နောက် သူသည် ဆိုင်ထဲမှ ထွက်ခွာလာလေတော့သည်။

'အဟွပ် အဟွပ်'

အနက်ရောင်ဝတ်ထားသူက ခါးကိုင်းသွားအောင်ပင် ချောင်း
တဟွပ်ဟွပ် ဆိုးလေတော့သည်။

ချောင်းဆိုးရလွန်းသဖြင့် မောဟိုက်သွားသကဲ့သို့ မျက်လုံး
များ ရဲရဲနီလာသည်။

'ဟူး'



ထိုလူ ပင့်သက်ရှိုက်လိုက်သည်။

လမ်းဘေးရှိ သစ်ပင်တစ်ပင်ကို လက်ထောက်ကာ အမောဖြေလိုက်သည်။

'ငါ သည်အတိုင်းနေလို့ မဖြစ်တော့ဘူး'

တီးတိုး ညည်းတွားလိုက်၏။

သူ၏ အခြေအနေကား သမားတော်တစ်ယောက်ယောက်ထံသို့ အမြန်ဆုံးသွားရောက်ကာ ဆေးဝါးကုသမှု ခံယူရမည် ဖြစ်ပါသည်။

သို့မှသာ ခံစားနေရသော ဝေဒနာများ အမြန်ဆုံး သက်သာပျောက်ကင်းသွားမည်ဖြစ်ပါသည်။

သို့သော် သူကား သမားတော်ထံ မသွားဝံ့ပါ။

သမားတော်မဆိုထားနှင့်။ လူအများနှင့် ဝေးရာအရပ်သို့ပင် ထွက်ပြေးလာခဲ့ ရသည် မဟုတ်ပါလား။

'ရှဲ့တောင်း မင်းဘာမှ အားမငယ်နဲ့၊ မကြာခင် အေးချမ်းတဲ့ အရပ်ဒေသတစ်ခုကို ရောက်သွားပြီး မင်းရဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားမှာပါ'

သူသည် ကိုယ့်ကိုယ်ကို အားပေးလိုက်၏။ သူ အမောဖြေနေစဉ် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်မိလေ၏။

✳

ကျင်းဖုံး၏ ခြေလှမ်းများ ယိမ်းယိုင်နေ၏။ သူ၏ ဝမ်းဗိုက်ထဲမှ တကြုတ်ကြုတ်မြည်ကာ ဆာလောင်နေသည်။

အားနည်းသဖြင့် သူ၏ ဦးခေါင်းထဲက မူးနောက်ရီဝေကာ

မျက်လုံးများ ပြာဝေနေသည်။

လေတိုက်လျှင် လဲကျသွားမည် ထင်ရသော်လည်း သူက လဲကျမသွားဘဲ ရှေ့ဆက်လျှောက်သွားနေဆဲ ဖြစ်သည်။

ရုတ်တရက်

'ဟေ့ကောင် ရပ်လိုက်စမ်း'

အော်ငေါက်သံနှင့်အတူ ညစ်ပေနေသော ကောင်လေး သုံးယောက်က လမ်းပိတ်ထားလိုက်ကြသည်။

ထိုကောင်လေးများသည် ကျင်းဖုံးထက် အကောင်ကြီးမြီး လမ်းပေါ်၌ ကျင်လည်ကျက်စားနေသော လူပေလူတေလေးများ ဖြစ်ပုံရ၏။

သူတို့အတွက် လူစိမ်းတစ်ယောက်ပမာ ဖြစ်နေသောကြောင့် ကျင်းဖုံး အား ရန်စကြခြင်းဖြစ်သည်။

'မင်း ဘယ်က လာတာလဲ ပြောစမ်း'

'ဟေ့ကောင် သည်မြို့ကိုလာပြီး မရှုပ်နဲ့နော်၊ ငါတို့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ကျင်းဖုံး ခြေလှမ်းရပ်သွားသည်။

သူ့ထက်ကြီးသော ကောင်လေးသုံးယောက်ကို တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ ရှေ့ဆက်လျှောက်သွားရန် ဟန်ပြင်လိုက်သည်။

ကောင်လေးသုံးယောက်က မကျေမနပ် ဖြစ်သွားကြသည်။

'အံမာ မင်းက ငါတို့ကို ဂရုမစိုက်ဘူး ဟုတ်လား'

'ဟေ့ကောင် မင်း ရပ်လိုက်စမ်း'

ကျင်းဖုံးက ခြေလှမ်း မရပ်ပါ။



ဤတွင် ကောင်လေးသုံးယောက်က လက်သီးစွမ်းပြလိုက်ကြလေသည်။

'ထုံပေပေနဲ့ ဘယ်လိုကောင်လဲ'

'ချကွာ'

ကျင်းဖုံးအား ဝိုင်းဝန်းထိုးကြိတ်လိုက်ကြလေတော့သည်။

ကျင်းဖုံး ဘာမှမပြောဘဲ ပြန်လည်ရင်ဆိုင်ထိုးကြိတ်လေသည်။

သို့သော် သူ့ထက် လူကောင်ကြီးကြသည့်အပြင် သုံးယောက်တစ်ယောက် ဖြစ်နေခြင်းကြောင့် ကျင်းဖုံးပင် ခံလိုက်ရလေတော့သည်။

ချက်ချင်းပင် မျက်နှာတစ်ခုလုံး ဖူးယောင်သွား၏။

နှာခေါင်းရိုးကျိုးသွားသလို နှုတ်ခမ်းပေါက်ပြဲကာ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီရဲသွားသည်။

ကျင်းဖုံး တစ်ချက်ကလေးမျှ ညည်းတွားခြင်း မပြုပါ။

ကြောက်လန့်ကာ ထွက်ပြေးခြင်းလည်း မပြုပါ။

ခွန်အားရှိသလောက် ပြန်လည်ခုခံထိုးကြိတ်လေသည်။

ကျင်းဖုံး၏ လက်သီးထိုးချက်၊ ခြေထောက်ကန်ချက်များသည် ထိရောက်မှုရှိသည် မဟုတ်ပါ။

သို့ပါသော်လည်း ဝိုင်းဝန်း ထိုးကြိတ်နေသည့် ကောင်လေးသုံးယောက်မှာ ကျင်းဖုံးကို ကြည့်ရင်း အလိုလို စိုးရွံ့လာကြတော့သည်။

ထိုအချိန်မှာပင် ကျင်းဖုံးက လမ်းပေါ်၌ တွေ့ရသော ကျောက်ခဲ တစ်လုံးကို ကောက်ယူလိုက်လေသည်။

ကောင်လေးသုံးယောက် ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ကျင်းဖုံးက ရှေ့တိုးလိုက်သည်။

ကောင်ဆိုးလေးသုံးယောက် အချင်းချင်း ကြည့်လိုက်ကြပြီး ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

ကျင်းဖုံး၏ နောက်တွင် အနက်ရောင်ဝတ်စုံနှင့် လူ ရောက်နေလေ၏။ သူသည် ဖြစ်ပုံပျက်ပုံ အလုံးစုံကို အားလုံး မြင်တွေ့နေရသည်။

အနက်ရောင်ဝတ်ထားသူ (ဝါ) ရှဲ့တောင်းသည် ကျင်းဖုံးကို ကြည့်ရင်း အံ့သြသွားသည်။

'ဘယ်လိုကောင်လေးလဲ'

လွှတ်ခနဲ ရေရွတ်လိုက်သည်။

ကျင်းဖုံးက ကျောက်ခဲကို လွှတ်ချကာ ဒယီးဒယိုင်ဖြင့် ရှေ့ဆက်လှမ်းသွား၏။

မည်သို့သောအရာကမှ သူ့အား ရှေ့ဆက်လှမ်းမသွားနိုင်အောင် ဟန့်တားနိုင်စွမ်း မရှိတော့ဟု ထင်ရလေသည်။

ရှဲ့တောင်း သက်ပြင်းချလိုက်သည်။

သူက ဘဝအမျိုးမျိုးတွင် ကျင်လည်ကျက်စားခဲ့သူ ဖြစ်ပါသည်။

ဘဝ အတွေ့အကြုံများစွာရှိပြီးသူလည်း ဖြစ်သည်။

သို့သော် ကျင်းဖုံးကဲ့သို့ ကောင်လေးမျိုးကိုကား တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး မကြုံဘူးခဲ့ပါ။

သူ၏ စိတ်ထဲ၌ အလိုလို သဘောကျလာလေသည်။



ထိုအချိန်မှာပင်

'ရှဲ့တောင်း ခင်ဗျား ဘယ်ပြေးမလဲ'

အော်ငေါက်သံ ထွက်ပေါ်လာသည်။

ရှဲ့တောင်း ကပျာကယာ လှမ်းကြည့်လိုက်ရာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စု သူ့ထံသို့ ဦးတည်ပြေးလာနေကြသည်ကို တွေ့လိုက်ရသည်။

'ဟာ'

ရှဲ့တောင်း လွှတ်ခနဲ အော်လိုက်သည်။

အခြေအနေမဟန်မှန်းသိ၍ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားလိုက်လေတော့သည်။

နောက်တစ်နေ့နံနက်တွင် ရှဲ့တောင်း အိပ်ရာမှ နိုးလာလေ၏။

'ဝါး'

ရှဲ့တောင်းသည် သမ်းဝေရင်း အပျင်းဆန့်လိုက်သည်။

ထို့နောက် ကောက်ရိုးပုံပေါ်မှ ထရပ်လိုက်လေသည်။ သူ့အား ဒုက္ခပေးမည့်သူများကြောင့် ထွက်ပြေးလာခဲ့ပြီး ညဘက်ရောက်လျှင် လယ်တောတစ်ခုမှ ကောက်ရိုးပုံပေါ်တွင် အိပ်စက် အနားယူလိုက်ခြင်း ဖြစ်သည်။

ရှဲ့တောင်း ကောက်ရိုးပုံပေါ်မှ ဆင်းလိုက်သောအခါ ကောက်ရိုးပုံဘေး၌ ခွေခွေကလေး အိပ်ပျော်နေသော ကျင်းဖုံးအား တကယ်နင်းမိမလို ဖြစ်သွားလေတော့သည်။

'ဟာ'

သူ၏အသံကြောင့် ကျင်းဖုံး လန့်နိုးလာ၏။

တစ်ချက် လူးလွန့်ကာ မျက်လုံးဖွင့်ကြည့်လိုက်ပြီး တစ်ဘက်သို့ လှည့်ကာ ပြန်အိပ်နေလိုက်လေ၏။

ရှဲ့တောင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ဟော့ မင်းက ဘယ်လို ကောင်လေးလဲကွ'

အော်ပြောရင်း ကျင်းဖုံး၏ တင်ပါးကို မနာအောင် ကန်လိုက်သည်။

ဤတွင် ကျင်းဖုံးသည် မြွေဟောက်တစ်ကောင်ပမာ ဝုန်းခနဲ ခုန်ထလာသည်။

ရှဲ့တောင်းကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်ရင်း မလှမ်းမကမ်း၌ ရှိနေသည့် ကောက်ရိုးပုံဆွသည့် သံခက်ရင်းခွကို ပြေးဆွဲလိုက်လေသည်။

ရှဲ့တောင်း ကပျာကယာ နောက်ဆုတ်လိုက်၏။

ကျင်းဖုံးအား ပိုပြီး သဘောကျသွားလေသည်။

'တကယ့်မြွေဟောက်လေးပဲ'

ကျင်းဖုံး ဘာမှ မပြောပါ။

ခက်ရင်းခွကို ဆွဲကာ ကောက်ရိုးပုံတစ်ဘက်သို့ သွားပြီး လှဲချလိုက်၏။

ရှဲ့တောင်းကို လုံးဝမကြည့်ဘဲ ကျောပေးကာ အိပ်စက်နေလေတော့သည်။

ရှဲ့တောင်းသည် ကျင်းဖုံး၏ အခြေအနေကို သတိပြုမိလိုက်သည်။

'လက်စသတ်တော့ သည်ကောင်လေး အပြင်းဖျားနေပြီကိုး' ကျင်းဖုံးသည် အာဟာရချို့တဲ့သည့်ဒဏ်၊ ပင်ပန်းဆင်းရဲသည့်ဒဏ်၊ ကောင်ဆိုးလေး သုံးယောက် ထိုးကြိတ်ထားသည့်ဒဏ်များကြောင့် အပြင်းဖျားနေပြီ ဖြစ်ပါသည်။



ရှဲ့တောင်း သက်ပြင်းချလိုက်သည်။

'တကယ့်ကောင်လေးပဲ ငါတောင် သူ့အရွယ်က သည်လောက် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး'

သူ ကူညီမည်ဆိုလျှင် ကျင်းဖုံး လက်ခံမည် မဟုတ်ကြောင်း နားလည်ထားသည်။ သူကလည်း ကျင်းဖုံးအား အရေးစိုက်ပြီး ကူညီမည် မဟုတ်ပါ။ ရှဲ့တောင်း ကျောခိုင်းကာ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူသုံးယောက် ပြေးလွှား ရောက်ရှိလာသည်။ ထိုလူသုံးယောက်မှာ ကိုယ်ကျပ်အကျီ ဝတ်ဆင်ထားကြပြီး ဓားကိုယ်စီ ဆောင်ထားကြသဖြင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားသည်။

ရှဲ့တောင်း မျက်နှာပျက်သွား၏။ ထိုလူသုံးယောက်အား သူကောင်းစွာ သိရှိထားသည်။

'လက်စသတ်တော့ မြေလတ်ပိုင်းက ဓားညီနောင်သုံးဖော်ကလည်း ကျုပ်နောက်ကို လိုက်နေကြတာကိုး'

ဓားညီနောင်သုံးယောက်မှာ မြေလတ်ပိုင်းမှ နာမည်ကျော် ဓားသမားများ ဖြစ်ကြလေ၏။

မြေလတ်ပိုင်း ဓားသုံးဖော်မှ အကြီးဆုံးဖြစ်သော ကျုံးတာက ခပ်ထန်ထန် ပြောလိုက်သည်။

'ရှဲ့တောင်း...သိုင်းရာဇာရဲ့ လက်ချက်နဲ့ ခင်ဗျား ဒဏ်ရာရ

သွားပေမယ့် သေဆုံးသွားဦးမှာ မဟုတ်ဘူးဆိုတာကို အားလုံး သိကြတယ်။ ဒါကြောင့် စိတ်ချလက်ချ ဖြစ်ရအောင် ခင်ဗျားကို ရှင်းပစ်ဖို့ ကျုပ်တို့ လိုက်လာကြတာပဲ'

ရှဲ့တောင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ရှမ်းတုံးကော မပါဘူးလား၊ ကျုပ်ကို လိုချင်တယ်ဆိုရင် သူ ကိုယ်တိုင် လာခဲ့ဖို့ ကောင်းတာ'

ကျိုးတကက

'သူလိုက်လာနေပါပြီ၊ ခင်ဗျား ဘယ်နည်းနဲ့မှ မလွတ်နိုင်တော့ပါဘူး'

'ဟား ဟား ဟား'

ရှဲ့တောင်း တဟားဟား ရယ်မောလိုက်လေသည်။

'လွယ်လွယ်နဲ့ ရမယ်ဆိုရင် ကျုပ်က ခုချိန်အထိ အသက်ရှင်နေပါ့မလား၊ မင်းတို့ ကိုယ့်ကိုကိုယ် အထင်ကြီးနေရင် မှားသွားလိမ့်မယ်'

သူက ခနဲ့လိုက်သောအခါ ကျန်းတကက အားကျမခံ ပြန်ပြောလိုက်သည်။

'ကျုပ်တို့ အထင်ကြီးနေတာ မဟုတ်ဘူး၊ ခင်ဗျားကို ဆုံးမနိုင်မှာ သေချာနေလို့ပါဗျာ၊ ကဲ အေးအေးဆေးဆေး အညံ့ခံလိုက်ပါ'

ရှဲ့တောင်းက

'ကျုပ်က ဒူးထောက် အရှုံးပေးမယ့်သူမှ မဟုတ်တာ'

သူသည် စကားဆုံးသည်နှင့် လက်ဖွေ့ယမ်းကာ စတင် တိုက်ခိုက်လိုက်လေတော့သည်။

'ခြွမ်း ခြွမ်း ခြွမ်း'



ဓားသုံးဖော်သည် ဓားကိုယ်စီ ဆွဲထုတ်ကာ ရှဲ့တောင်း အားဝိုင်းရံတိုက်ခိုက်ကြသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ပြင်းထန်သော ဓားချက်များသည် ရှဲ့တောင်းထံသို့ တိုးဝင်သွားလေသည်။

ရှဲ့တောင်းက နောက်ဆုတ်လိုက်၏။

သို့သော် သူက ဟန်ပြနောက်ဆုတ်လိုက်ခြင်းသာဖြစ်ပြီး ချက်ချင်းပင်။

'ယား'

ညာသံပေးကာ လက်ရှေ့တိုးပြီး ကျန်းတ၏ လက်ထဲမှ ဓားကို လုယူလိုက်လေသည်။

ရှဲ့တောင်း၏ လှည့်ကွက်ထဲ ဝင်သွားသောကြောင့် ကျန်းတ ရင်ထိတ်သွားလေ၏။

'ယား'

လွတ်ခနဲ အော်ပြီး နောက်ဆုတ်ရှောင်ဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

သူ၏ လက်ထဲမှ ဓားအား ရှဲ့တောင်း၏ လုယူခြင်း ခံလိုက်ရ၏။

'သတိထား'

ကျိုးတ၏ အဖော်နှစ်ယောက်က ကျန်းတ အခြေအနေ မဟန်မှန်း သိလာသောအခါ သတိပေးရင်း ကပျာကယာ ပြေးဝင်လာကြ၏။

သူတို့လည်း ရှဲ့တောင်း၏ ထောင်ချောက်မိသွားကြသည်။

ရှဲ့တောင်းက ကျန်းတအား တိုက်ခိုက်ခြင်း မပြုဘဲ ဒရော သောပါး ပြေးဝင်လာသည့် အဖော်နှစ်ယောက်ဘက် လှည့်ကာ အပိုင် တိုက်ခိုက်လိုက်ခြင်းကြောင့် ဖြစ်သည်။

'ဝှစ် ဝှစ်'

ဝင်းလက်သော ဓားရောင်များနှင့်အတူ စူးရှသော အော်ဟစ် သံများ ထွက်ပေါ်လာလေသည်။

'ဝှန်း ဝှန်း'

ကျုံးတ၏ အဖော်နှစ်ယောက်မှာ ရှဲ့တောင်း၏ ဓားချက် မိကာ မြေပေါ် လဲကျသွားလေတော့သည်။

'ဟား'

ကျုံးတ လွတ်ခနဲ အော်လိုက်သည်။

အခြေအနေ မဟန်မှန်း သိ၍ ချာခနဲ လှည့်ကာ ထွက်ပြေး သွားတော့သည်။

'ဟား ဟား ဟား'

ရှဲ့တောင်း ဟားတိုက်ရယ်မောလိုက်လေသည်။

'မင်းပြေးလို့ လွတ်မလား'

လက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်လျှင်

'ဒုတ်'

'အား'

ကျုံးတမှာ မြေပေါ် လဲကျကာ အသက်ပျောက်သွားလေ တော့သည်။ •

* * *



# အခန်း (၁၀)

## သနစ်စုံ အဖြစ်စုံ

မြေလတ်ပိုင်းဓားသုံးဖော်မှာ ရှဲ့တောင်း၏ လက်ချက်ဖြင့် သေဆုံးသွားကြပြီ ဖြစ်သည်။

ရှဲ့တောင်း ပခုံး တွန့်လိုက်သည်။

'ရှမ်းတုံးက ကျုပ်ကို လိုချင်ပေမယ့် လွယ်လွယ်နဲ့ မရဘူးကွ'

သူက ကျင်းဖုံးဘက်သို့ လှည့်လိုက်သည်။

ကျင်းဖုံးက ကောက်ရိုးပုံနံဘေး၌ လဲလျောင်းရင်း နီရဲနေ သော မျက်လုံးအစုံဖြင့် သူ့အား ကြည့်နေသည်ကို တွေ့ရသည်။

ရှဲ့တောင်း ပြုံးလိုက်သည်။

'မင်းက ဒုက္ခပေးလာတဲ့လူကို ခုခံတယ်၊ ငါကလည်း မင်းလို ပဲပေါ့'

ရုတ်တရက် ကျင်းဖုံး၏ မျက်ဝန်းအစုံ၌ ထူးခြားသော အရိပ် အရောင်များ ဖြစ်ပေါ်လာလေသည်။

သို့သော် ထိုအရိပ်အရောင်များသည် ချက်ချင်း မှေးမှိန်

ကွယ်ပျောက်သွားသည်။

ရှဲ့တောင်းက

'မင်းနဲ့ငါ အတူတူပဲ မဟုတ်လား၊ ရန်သူတွေက ငါ့ကို သတ်ပစ်ဖို့ နောက်က တကောက်ကောက် လိုက်နေကြတယ်၊ ငါပြေးလို့ မလွတ်ရင် သူတို့လက်နက်နဲ့ သေရမှာပဲ မင်းကော'

ကျင်းဖုံး ဘာမှ မပြောပါ။

ရှဲ့တောင်းက

'မင်းလည်း အကြောင်းတစ်ခုခုကြောင့် ထွက်ပြေးလာတာ မဟုတ်လား၊ မင်းကို လူတွေက ဒုက္ခပေးလိုက်ကြတယ် မဟုတ်လား'

ယခုတစ်ကြိမ် ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ရှဲ့တောင်း ပြုံးပြလိုက်သည်။

'ငါထင်တယ်၊ မင်းအရွယ်နဲ့ဆိုရင် မင်းရဲ့ မိဘဆွေမျိုးတွေကို တစ်ယောက်ယောက်က ဒုက္ခပေးခဲ့တာ မဟုတ်လား'

အကင်းပါးသူပီပီ စကား ထောက်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းဖုံး၏ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်လာသည်။

တစ်စုံတစ်ခုကို ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် စကားသံထွက်ပေါ်မလာဘဲ နှုတ်ခမ်းကို ပြန်ပြီး တင်းတင်းစေ့အောင် ပိတ်ထားလိုက်တော့သည်။

ရှဲ့တောင်း ပခုံးတွန့်လိုက်သည်။

'ငါမေးနေတာ မင်းကို ကူညီချင်လို့ မဟုတ်ဘူး၊ ဒုက္ခပေးမယ့်လူနဲ့ တွေ့ရင် ကိုယ်မခံရအောင် လက်ဦးအောင် တိုက်ခိုက်ရတယ်ဆိုတာ ပြောပြချင်လို့ကွ ကဲ ငါသွားမယ်'



စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ကျင်းဖုံးကလည်း ဘာမှ မပြောဘဲ မျက်လုံးမှိတ်ထားလိုက်လေတော့သည်။

'ဂျိန်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ပြိုးပြိုးပြက်ပြက် ဝင်းလက်သွား၏။

တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာကာ လေပြင်းများလည်း တဟူးဟူး မြည်အောင်တိုက်ခတ်လာသည်။

အချိန်အခါ မဟုတ်ဘဲ မိုးသက်လေပြင်း ကျရောက်လာတော့မည်ဖြစ်သည်။

ရှဲ့တောင်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ တဖန် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တွင် တောတောင်များဖုံးလွှမ်းနေပြီး လှနေပါသည်။

လူသူကင်းဝေးသော နေရာတစ်ခုသို့ ရောက်လာခြင်း ဖြစ်ပါသည်။

ရှဲ့တောင်းကိုယ်တိုင်က လူနှင့် ဝေးလံသည့် နေရာသို့ ထွက်ပြေးလိုသည် မဟုတ်ပါလား။

မိုးသက်လေပြင်းများ ကျလာပြီး မိုးခိုစရာ တစ်နေရာ တွေ့ဖို့ မျှော်လင့်မိလေသည်။

ရှဲ့တောင်းက မိုးခိုရန် နေရာရှာဖွေရင်း တောအုပ်ထဲ ဝင်လာခဲ့သည်။

'ဂျိန်း ဂျလိန်း'

မိုးခြိမ်းသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ မိုးစက်မိုးပေါက်ကလေးများ ကျဆင်းလာသည်။ ပတ်ဝန်းကျင်မှာပို၍ အေးစိမ့်သွားလေသည်။ ရှဲ့တောင်းစိတ်ပျက်ကာ သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေလှမ်းရပ်လိုက်လေသည်။

ထိုအချိန်မှာပင်

မလှမ်းမကမ်းတစ်နေရာ၌ တဲအိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်'

ရှဲ့တောင်း အံ့သြသွားသည်။

အမြင်မှားလေခြင်းလားဟု မျက်လုံးပွတ်ကာ သေသေချာချာကြည့်လိုက်သည်။

သူ အမြင်မှားခြင်း မဟုတ်ပါ။

သစ်ပင်များကြား၌ အိမ်ကလေးတစ်လုံး ရှိနေသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

'ငါ ကံကောင်းတာပဲ'

ရှဲ့တောင်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပဲ ထိုအိမ်ကလေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အိမ်ကလေးမှာ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော မုဆိုးအိမ်ကလေးဖြစ်ပါသည်။

ထိုအိမ်ကလေး၌ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရေးမကြီးပါ။

မိုးခိုစရာ နေရာရလျှင် အဆင်ပြေသွားလိမ့်မည် မဟုတ်ပါ



လား။

ရှဲ့တောင်း အိမ်ရှေ့သို့ ရောက်သွားသောအခါ အိမ်ထဲ၌ လူရှိနေသည်ကို တွေ့လိုက်ရလေသည်။

အမျိုးသမီးတစ်ယောက်၏ သီချင်းဆိုသံကို ကြားလိုက်ရခြင်း ဖြစ်ပါသည်။

'သားလေးရယ်၊ အိပ်ပါကွယ်၊ မငိုပါနဲ့ မေမေ ချော့သိပ်ပါမယ်'

ရှဲ့တောင်းက အသံမပေးဘဲ တံခါးပေါက်မှာနေပြီး အိမ်ထဲသို့ မသိမသာ ချောင်းကြည့်လိုက်သည်။

ထိုအခါ

ဆံပင်ဖားလျားချထားသော အသက် သုံးဆယ်ကျော်လေးဆယ်နီးပါးရှိသည့် အမျိုးသမီးတစ်ယောက်က ကြမ်းပြင်ပေါ်၌ ကောင်လေးတစ်ယောက်အား ချော့သိပ်နေသည်ကို တွေ့ရသည်။

အမျိုးသမီးက ပွဲလမ်းသဘင်သွားမည့် လူတစ်ယောက်ပမာ ပိုးပဲအင်္ကျီများကို ကြော့ကြော့မော့မော့ ပတ်ဆင်ထားသည်။

ပန်းများလည်း ပန်ထားသည်။

သူမ၏ မျက်နှာ၌ မှုန်နံ့သာများ လိမ်းကျံထားကြောင်း တွေ့ရ၏။

လှပတင့်တယ်သော ကိုယ်နေဟန်ထားရှိသော်လည်း အရုပ်ဆိုး အကျည်းတန်သူဖြစ်နေပါတော့သည်။

ရှဲ့တောင်း မျက်မှောင်ကြုတ်သွားလေသည်။

'ရူးနေလို့ပဲ ဖြစ်မယ်'

ထိုအမျိုးသမီးသည် စိတ်မနှံ့သူတစ်ယောက် ဖြစ်ရမည်ဟု

တွေးမိလိုက်သည်။

သူမ ချော့သိပ်နေသော သားငယ်လေးကို ကြည့်လိုက်သော အခါ ရှဲ့တောင်း မျက်လုံးပြူးသွားတော့သည်။

အဘယ်ကြောင့်ဆိုသော်...

ထိုကလေးငယ်မှာ ကျင်းဖုံးဖြစ်နေခြင်းကြောင့်ပင်တည်း။

'သည်ကောင်လေး ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက် လာတာလဲ'

ရှဲ့တောင်းတွေးနေစဉ် အမျိုးသမီး၏ စကားသံ ထွက်ပေါ် လာလေသည်။

'သားလေး နိုးလာနေပြီလား။ မေမေနို့သွားယူလိုက်ဦးမယ် နော်'

ထို့နောက် အိမ်တွင်းမှ ပြေးထွက်လာလေသည်။ ရှဲ့တောင်း ရင်ထိတ်သွားသည်။

ကပျာကယာအိမ်နံရံနှင့် ကွယ်ကာ ပုန်းနေလိုက်သည်။

'ဟူး'

လေတိုးသံ ထွက်ပေါ်လာ၏။

အမျိုးသမီးသည် လေပွေတစ်ခုပမာ အိမ်ပြင်ဘက်သို့ ထွက် လာပြီး တောအုပ်ထဲ ပြေးဝင်သွားကာ တစ်ခဏအတွင်းမှာပင် မြင်ကွင်း မှ ပျောက်ကွယ်သွားတော့သည်။ ရှဲ့တောင်း မလှုပ်မယှက် နေလိုက်၏။

အိမ်ထဲမှ နောက်ထပ် အသံဗလံများ ထွက်ပေါ်လာခြင်း မရှိ ပါချေ။

ရှဲ့တောင်းက အကဲခတ်နေပြီး စိတ်ချရပြီဟု ယူဆတော့မှ အိမ်ထဲ လှမ်းဝင်လိုက်သည်။

ကြမ်းပြင်ပေါ်၌ ကျင်းဖုံးက ခွေခွေကလေး လှဲလျောင်းနေ



ပါ၏။

သူ၏ ကိုယ်ပေါ်၌ စောင်တစ်ထည် လွှမ်းခြုံထား၏။

ရှဲ့တောင်း ရောက်သွားသောအခါ ကျင်းဖုံး သတိရနေချေပြီ။

ရှဲ့တောင်းကပြောလိုက်သည်။

'ကောင်လေး မင်း ဘယ်လိုဖြစ်ပြီး သည်နေရာကို ရောက် လာတာလဲကွ'

ကျင်းဖုံးက ရှဲ့တောင်းကို တွေ့လိုက်ရသော်လည်း ဘာမှ ခံစားရပုံ မရှိချေ။

ခံစားချက် ကင်းမဲ့သော မျက်လုံးများဖြင့် ကြည့်နေ၏။ ရှဲ့တောင်းက

'မင်းကို ဖမ်းခေါ်လာတာလား'

သူ ထပ်မေးလိုက်သောအခါ ကျင်းဖုံးက တစ်ဘက်လှည့်ကာ ကျောခိုင်းလိုက်လေတော့သည်။

ကျင်းဖုံး၏ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်ကာ အပြင်းဖျားနေပြီဖြစ်ပါသည်။

ရှဲ့တောင်း သက်ပြင်းချလိုက်သည်။

'ငါ့ကို လူတွေက ဒုက္ခပေးခဲ့ကြတယ်ကွ၊ ဒါကြောင့် လူတွေနဲ့ ဝေးအောင် ငါ ထွက်ပြေးလာခဲ့တာ မင်းကော သည်အတိုင်းပဲ မဟုတ် လား၊ မင်းနဲ့ငါဟာ ဘဝတူတွေ ဖြစ်နေပြီ။ ဒါကြောင့် မင်းကို ငါကူညီ မယ်'

ကျင်းဖုံး ပြန်လှည့်ကြည့်လာသည်။

ရှဲ့တောင်း ပြုံးပြလိုက်သည်။

'မင်းကို ငါကူညီမယ်'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်ကို ဘယ်သူမှ ကူညီစရာ မလိုပါဘူး။ ကျွန်တော်ကလည်း ဘယ်သူ့ကိုမှ ကူညီမှာ မဟုတ်ဘူး'

ရှဲ့တောင်းက

'ခုချိန်မှာ ငါမကူညီရင် မင်း ပိုပြီး ဒုက္ခရောက်သွားမှာပေါ့ကွာ၊ ကဲ လာ လာ'

ကျင်းဖုံးအား ဆွဲထူကာ ကျောပိုးလိုက်၏။

ကျင်းဖုံး ရုန်းကန်နိုင်စွမ်း မရှိချေ။

'ဟို အမျိုးသမီး ပြန်မရောက်ခင် ငါတို့ သွားကြမယ်'

ကျင်းဖုံးသည် ရှဲ့တောင်းနောက်သို့ လိုက်ပါသွားရလေတော့သည်။

'ဂျိမ်း'

မိုးခြိမ်းသံများ အဆက်မပြတ် ထွက်ပေါ်လာကာ မိုးသီးမိုးပေါက်များ ကျဆင်းလာသည်။

မိုးကြီးလေကြီး ကျလာချိန်၌ ရှဲ့တောင်းက ကျင်းဖုံးအား ကျောပိုးကာ တောအုပ်ထဲ၌ ပြေးလွှားနေ၏။

ရှဲ့တောင်းသည် ကျင်းဖုံးအား ကျောပိုးထားရခြင်းကြောင့်လည်းကောင်း၊ မိုးရေစိုရွှဲကာ မောပန်းနေခြင်းကြောင့်လည်းကောင်း တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းပြီး ဟပ်ဟိုက်လာလေတော့သည်။

'ငါ ဘာကြောင့် သည်ကောင်လေးကို ကယ်တင်လာရတာလဲ'

ရှဲ့တောင်း ကိုယ့်ကိုယ်ကို နားမလည်နိုင်အောင် ဖြစ်နေမိ



သည်။

သူတာ လူတွေနှင့် ဝေးအောင် ပြေးလာပြီးမှ ကောင်လေးတစ်ယောက်အား ကူညီရန် ကြိုးစားနေသည်မှာ သဘာဝကျနိုင်ပါမည်လော။

အဘယ်ကြောင့် ကျင်းဖုံးအား ကူညီခဲ့သည်ကို ရှဲ့တောင်းကိုယ့်ကိုယ်ကိုနားလည်မိသည်။

ကျင်းဖုံးသည် သူနှင့်တူသော လူတစ်ယောက်ဟု ထင်မှတ်ခံစားနေရခြင်းကြောင့် ဖြစ်ပါသည်။

အေးစက်မာကျောခြင်း၊ ခံစားချက် ကင်းမဲ့ခြင်း၊ အသက်ရှင်သန်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ရပ်တည်ရမည်ဟု ခံယူချက်ထားခြင်း၊ ထိုအချက်များမှာ သူတို့နှစ်ယောက် တစ်သဝေမတိမ်း တူညီနေကြသည် မဟုတ်ပါလား။

ရှဲ့တောင်း ပြေးလွှားလာရင်း

'အဟွတ် အဟွတ်'

ချောင်းတဟွတ်ဟွတ်ဆိုးလာကာ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာတော့သည်။

ရှေ့ဆက်ပြေးရန် ခွန်အား မရှိတော့ပါ။

ရှဲ့တောင်း ခြေလှမ်းရပ်လိုက်ချိန်မှာပင် လေတိုးသံကို ကြားလိုက်ရတော့သည်။

'ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်တစ်ခု ရောက်ရှိလာလေသည်။

ထိုလူကား အလွန်အကျွံ အလှပြင်ထားသော ရုပ်ဆိုးမ

ဖြစ်လေသည်။

'ရပ်လိုက်စမ်း'

ရုပ်ဆိုးမက အော်ငေါက်ကာ ရှဲ့တောင်းအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

နဂိုကပင် မဟန်နိုင်အောင် ဖြစ်နေသော ရှဲ့တောင်းမှာ ခြေထောက်ကန်ချက်မိကာ အဝေးသို့ လွင့်စင်သွားတော့သည်။

'ဝုန်း'

ရုပ်ဆိုးမက ရှဲ့တောင်းအား ဂရုမစိုက်ချေ။

ရှဲ့တောင်း၏ လက်ထဲမှ လွင့်စင်သွားသော ကျင်းဖုံးအား ဖမ်းယူထားလိုက်သည်။

'သား သားလေးရယ်'

ကျင်းဖုံးက မျက်လုံးပြူးကြောင်ကြောင်ဖြင့် ကြည့်နေ၏။

ရုပ်ဆိုးမသည် ကျင်းဖုံး မိုးစိုသွားမည်ကို စိုးရိမ်ကာ ခန္ဓာကိုယ်နှင့် ကွယ်ထားလိုက်၏။

ထို့နောက် သစ်လုံးအိမ်ကလေးဆီသို့ ပြန်ပြေးသွားလေသည်။

ရှဲ့တောင်းကား မြေပေါ်လဲကျကာနေလေ။ သူသည် လူးလဲထလိုက်သည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

သူ၏ မျက်လုံးများ ပြူးကျယ်ကာ မောဟိုက်နေ၏။ နဂိုကပင် ဒဏ်ရာရထားသည်ဖြစ်ရာ ရုပ်ဆိုးမ၏ လက်ချက်မိလိုက်သောအခါ ပိုပြီး ဒုက္ခရောက်သွားလေတော့သည်။



'ဒုက္ခပဲ၊ ငါသေရတော့မယ် ထင်ပါရဲ့'

ထိုအချိန်မှာပင်

'မြန်မြန်လာဟေ့'

အော်ပြောသံနှင့်အတူ လူတစ်စု ပြေးလွှားသွားလာနေကြသည်ကို တွေ့ရလေတော့သည်။

*

ထိုလူများသည် မြေပေါ် လဲကျနေသည့် ရှဲ့တောင်းအား တွေ့ရှိသွားကြပြီး သယ်ယူကာ ချက်ချင်း ပြေးလွှားထွက်သွားကြလေတော့၏။

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားတော့မှ ရှဲ့တောင်း ထူထူထောင်ထောင် ဖြစ်လာသည်။

သူ့အား ရှမ်းစီးကသာ ကယ်တင်ခြင်းမပြုခဲ့လျှင် တောအုပ်ထဲ၌ သေဆုံးသွားရမည်သာ ဖြစ်သည်။

ရှမ်းစီးသည် သန်မာထွားကြိုင်းသူဖြစ်ပြီး ဤအရပ်ဒေသ၌ မှီတင်းနေထိုင်သော မျိုးနွယ်စုတစ်စု၏ ခေါင်းဆောင် ဖြစ်သည်။

ရှမ်းစီးတွင် ရှမ်းစုဆိုသော သားလေးတစ်ယောက်ရှိပြီး ရှမ်းစုသည် ကျင်းဖုံးနှင့် ရွယ်တူဖြစ်လေသည်။

ရှမ်းစီးက ရှဲ့တောင်း နေကောင်းလာသဖြင့် ဝမ်းသာနေ၏။

'ခင်ဗျား ကံကောင်းတယ်၊ ဘီလူးမရဲ့ လက်ချက်နဲ့ မသေရင်တောင် တောထဲမှာ သည်အတိုင်း သေသွားမှာပဲ၊ ဘီလူးမက ကောင်လေး တစ်ယောက်ကို ဖမ်းခေါ်သွားတယ်ဆိုတဲ့ သတင်းကြားလို့ ကျုပ်တို့လိုက်သွားရင်း ခင်ဗျားကို တွေ့ခဲ့ရတာ'

ရှဲ့တောင်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်၏။

'ကျုပ်ရဲ့ အသက်ကို ကယ်တင်ခဲ့တာ ကျေးဇူးတင်ပါတယ်၊ ကျုပ်ဟာ ခရီးသည်တစ်ယောက်ပါ။ မြောက်ဘက်တောင်တန်းဒေသကို သွားမလို့ ခရီးထွက်လာခဲ့တာပါ'

ရှမ်းစီး မျက်မှောင်ကြုတ်သွားလေသည်။

'မြောက်ဘက် တောင်တန်းဒေသကို သွားမလို့ ဟုတ်လား၊ ဘယ်လို အကြောင်းကိစ္စများ ရှိနေလို့လဲ'

ရှဲ့တောင်းက

'အရေးကြီးတဲ့ ကိစ္စ မရှိပါဘူး။ မြောက်ဘက် တောင်တန်းမှာ အေးချမ်းတယ် ဆိုလို့ပါ'

'ဖြစ်မှဖြစ်ရလေဗျာ၊ သည်လောက် ရာသီဥတု ဆိုးဝါးခက်ထန်တဲ့နေရာကို ခင်ဗျားမို့ သွားချင်တယ်၊ ခင်ဗျားရဲ့ ကျန်းမာရေးကလည်း ကောင်းတာမဟုတ်ဘူး။ ဘာလဲ လူတွေကို စိတ်ကုန်နေပြီလား'

ရှမ်းစီးက ကရုဏာဖြင့် ပြောလာသောအခါ ရှဲ့တောင်း မချိပြုံး ပြုံးလိုက်မိသည်။

'ဆိုပါတော့ဗျာ'

ရှမ်းစီးက မေးလာသည်။

'ဒါထက် ခင်ဗျားနဲ့အတူ ကောင်လေးတစ်ယောက်များ ပါလာသေးသလား'

ရှဲ့တောင်း မျက်မှောင်ကြုတ်သွားလေသည်။

'ကောင်လေး ဟုတ်လား'

'ဟုတ်တယ်၊ ဘီလူးမက ကောင်လေးတစ်ယောက်ကို ဖမ်းထားတယ်လို့ သတင်းရထားတယ်'



ရှဲ့တောင်းသည် ကျင်းဖုံးအား သတိရလိုက်လေသည်။

'ကျုပ်ရဲ့ တူလေး ဖြစ်လိမ့်မယ်'

လွှတ်ခနဲ ပြောလိုက်မိသည်။

ရှမ်းစီးက

'ဒါဆိုရင်တော့ ခင်ဗျားရဲ့တူလေး ကံဆိုးသွားပြီပေါ့'

'ဗျာ'

'ဘီလူးမက သည်အရပ်ဒေသမှာ ထင်တိုင်းကျဲနေတာ၊ သူက ကလေးတွေကို ဖမ်းပြီးသတ်ပစ်နေတာဗျ'

'ဟင်'

ရှမ်းစီး သက်ပြင်းချလိုက်လေသည်။

'ဘီလူးမဟာ အတော်ကို ကြောက်စရာကောင်းတယ်၊ ဘယ်က လာတယ်မသိဘူး။ ကျုပ်တို့ အရပ်ဒေသကို ရောက်လာတာ သုံးနှစ်လောက်ရှိပြီ။ သူ့ရဲ့ လက်ချက်ကြောင့် ကျုပ်ကို ဒေသက ကလေးတွေ သေဆုံးသွားရတာ နှစ်ဆယ်ကျော်နေပြီ'

ရှဲ့တောင်း မျက်နှာပျက်သွားလေသည်။

'သူက ကလေးတွေကို သတ်ပစ်လိုက်တယ် ဟုတ်လား'

'ဟုတ်တယ်၊ သူ့ရဲ့ လက်ထဲ ရောက်သွားပြီး တစ်ယောက်မှ အသက်မရှင်တော့ဘူး'

'နေပါဦး ဘာကြောင့် ကလေးတွေကိုရွေးပြီး ဒုက္ခပေးနေရတာလဲ'

'သူက ရူးနေတာဗျ'

'ဩော်'

ရှမ်းစီးက ရှင်းပြလေသည်။

'သူဟာ သားရှူးရှူးနေတယ်ဗျ၊ ဘယ်ကလေးကိုတွေ့တွေ့ သူ့ကလေးလို့ ထင်မှတ်နေတယ်၊ ကလေးတွေကို ဖမ်းသွားပြီး ကျွေးမွေးစောင့်ရှောက်ထားတယ်၊ ဒါပေမယ့် သူ စိတ်ဖောက်ပြန်လာတဲ့အချိန်မှာ သတ်ပစ်လိုက်တာလေ'

ဘီလူးမသည် ကလေးငယ်များအား ဖမ်းဆီးကာ သူမ၏ သားအမှတ်ဖြင့် ပြုစုစောင့်ရှောက်ထားပြီး သူမ စိတ်အလိုမကျသည်နှင့် သတ်ပစ်လိုက်သည်။ တဖန် နောက်ထပ် ကလေးတစ်ယောက် လုယူကာ မွေးစားပြန်တော့သည်။

ဘီလူးမ၏ လက်ချက်ကြောင့် ကိစ္စအရပ်ဒေသမှ ကလေးအတော်များများ ဒုက္ခရောက်ခဲ့ရပြီ ဖြစ်သည်။ ကလေးမိဘများက မျိုးနွယ်စု ခေါင်းဆောင်များအား အကူအညီတောင်းကြသဖြင့် ဘီလူးမအား သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားကြပါသော်လည်း ဘီလူးမ၏ လက်ချက်ကြောင့် ဒုက္ခရောက်ရပုံကို ရှမ်းစီးက ရှင်းပြလေသည်။

'ကျုပ်တို့က ဘီလူးမကို ဆုံးမဖို့ ကြိုးစားနေတာ ကြာပါပြီ၊ ဒါပေမယ့် သူ့ကို မယှဉ်နိုင်ဘူး။ သူမဟာ အတော်ကို ကြောက်စရာကောင်းတယ်၊ သူ့ကို သွားပြီး တိုက်ခိုက်တဲ့လူတွေကို တစ်ယောက်မကျန် သတ်ပစ်လိုက်တာချည်းပဲ'

ရှဲ့တောင်းက ကျင်းဖုံးအကြောင်းတွေးမိလေသည်။

ကျင်းဖုံးသည် ဘီလူးမ၏ လက်ထဲ၌ မည်သို့ ရှိလိမ့်မည်နည်း။

ထိုအချိန်မှာပင်

'ကယ်တော်မူကြပါ'

'ကလေး ဖမ်းသွားပြီ'



'ဘီလူးမ ရွာထဲ ဝင်ပြီး သောင်းကျန်းသွားပြီ'

အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✳

ကျင်းဖုံး နေကောင်းသွားပြီ ဖြစ်ပါသည်။

ဘီလူးမက သူ့အား ဆေးတိုက်ကာ ကောင်းစွာ ပြုစုစောင့်ရှောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ဘီလူးမ၏ အိမ်တွင် ကလေးအဝတ်အစားများ တစ်ပုံတစ်ပင်ကြီး ရှိနေသည်။

သို့သော် ကျင်းဖုံးနှင့် တော်သည့်အရွယ် မရှိပါ။ ဘီလူးမက နောက်တစ်နေ့တွင် ကျင်းဖုံးနှင့် တော်မည့် အဝတ်အစားများ ယူလာပေးသည်။

သူမ မည်သည့်နေရာမှ ရလာမှန်း ကျင်းဖုံး မသိပါ။ ဘီလူးမက ကျင်းဖုံးကို ကြည့်ကာ ပီတိ ဖြစ်နေသည်။

'သားလေး အတော်တောင် ကြီးပြင်းလာပြီနော်'

'ဗျာ'

'သားကို မေမေ သီချင်းဆိုပြမယ်'

ဘီလူးမက ကောက်ကာငင်ကာ သီချင်းတစ်ပုဒ် ဆိုလိုက်သည်။

ကျင်းဖုံး စိုးရိမ်နေသည်။

ဘီလူးမသည် ယခု သူ့အပေါ် ကောင်းနေသော်လည်း သူမကို ကြည့်ရသည်မှာ နောင်တွင် စိတ်ချရမည့်သူ မဟုတ်မှန်း နားလည်မိသည်။

မကြာမီ အဆိုးဝါးဆုံး ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလေ၏။

'သားလေး'

ဘီလူးမက ခေါ်လိုက်သောအခါ ကျင်းဖုံး မထူးပါ။

'သားရေ'

ကျင်းဖုံး မထူးပါ။

ဘီလူးမ အားမလို အားမရ ဖြစ်သွားသည်။

'မေမေခေါ်တာ ဘာကြောင့် မထူးတာလဲ'

'ဗျာ'

'မေမေလို့ ခေါ်လေ'

'ဗျာ'

'သားသားလေး မင်းဘယ်လို ဖြစ်နေတာလဲ'

ကျင်းဖုံး လွှတ်ခနဲ ပြောလိုက်သည်။

'ဒေါ်ဒေါ်ဟာ ကျွန်တော့်အမေမှ မဟုတ်တာ'

'ဘာ'

ဘီလူးမ ထခုန်လိုက်သည်။

ကျင်းဖုံးကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

'သားရယ် ဘယ်လိုပြောလိုက်တာလဲ မေမေ့ကို၊ ပြောရက်လိုက်တာ၊ မေမေလို့ ခေါ်လိုက်စမ်းပါ'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်မေမေမှ မဟုတ်တာ'

'ဘာ'

'ကျွန်တော့်အဖေရော၊ အမေပါ သူများသတ်လို့ သေပြီ'

'ဖြစ်မှဖြစ်ရလေ သားလေးရယ်'



ဘီလူးမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေတော့သည်။

'မေမေ သိပါပြီ သားရယ်၊ သားမှာ အဖေမရှိလို့ မေမေ့ကို စိတ်ကောက်နေတာ မဟုတ်လား။ ကောင်းပြီ သားအတွက် အစ်ကိုဖြစ်ဖြစ်၊ ညီလေးဖြစ်ဖြစ်၊ အဖေါ်တစ်ယောက်ကို မေမေ ရှာပေးပါ့မယ်'

စကားဆုံးသည်နှင့် သူမသည် အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်လာပြီး ကျင်းဖုံး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

ဘီလူးမ ပြုံးလိုက်သည်။

'သားလေး ခဏစောင့်နေဦးနော်'

ဘီလူးမသည် အိမ်ထဲမှ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

'ဒေါင် ဒေါင် ဒေါင်'

အချက်ပေးသံချောင်း ခေါက်သံများ ထွက်ပေါ်လာသည်။

တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'ဘီလူးမ ရွာထဲဝင်လာပြီ'

'ကလေးတွေကို သတိထား'

'မြန်မြန်လာကြ'

တစ်ယောက်တစ်ပေါက် အော်ဟစ် ပြောဆိုသံများလည်း ထွက်ပေါ်လာသည်။

ရှမ်းစီးသည် ရွာထဲသို့ ချက်ချင်း ပြေးသွားလိုက်၏။ ရဲတောင်းလည်းစိတ်ဝင်စားသဖြင့် လိုက်သွားမိသည်။

ရွာထဲရောက်လျှင် တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရလေ၏။

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေ၏။ ဘီလူးမနှင့် ရွာသားများ တိုက်ခိုက်နေကြခြင်းက ဤအသံများ ဖြစ်ပေါ်စေသည်။

ရွာသားများသည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ဘီလူးမအား ဝိုင်းဝန်းတိုက်ခိုက်နေကြ၏။

မလှမ်းမကမ်း၌ အမျိုးသမီးတစ်ယောက် ငိုကြွေးနေသည်။

'ကျွန်မသားကို ဖမ်းသွားပြီ ကယ်တော်မူကြပါ'

သူမသည် အော်ဟစ် အကူအညီတောင်းနေ၏။

ရှုတောင်း ကြည့်လိုက်သောအခါ ဘီလူးမသည် ကောင်လေးတစ်ယောက်အား ပခုံးပေါ် ထမ်းထားသည်ကို တွေ့ရ၏။

ရွာထဲဝင်ကာ ကလေးတစ်ယောက်အား ဖမ်းဆီးလိုက်ခြင်း ဖြစ်ပါသည်။

ရှမ်းစီးက ဓားတစ်လက်ဆွဲကာ ပြေးဝင်သွား၏။

'ဘီလူးမ ကလေးကို လွှတ်လိုက်'

သူက တိုက်ခိုက်လိုက်သည့်တိုင် ကလေးကို ထိခိုက်မိနိုင်သဖြင့် သတိထား တိုက်ခိုက်နေရသည်။

ဘီလူးမက တခစ်ခစ် ရယ်မောနေသည်။

'သေလိုက်ကြစမ်း'

သူမ၏ လက်ထဲ၌လည်း ဓားတစ်လက် ရှိနေပြီး ပြွင်းပြင်း



ထန်ထန် တိုက်ခိုက်လိုက်တော့၏။

ရွာသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ကျွတ်ကျွတ်ညံနေပါတော့သည်။

ရှုတောင်းက မျက်တောင်မခတ် အကဲခတ်ကြည့်နေမိသည်။

ဘီလူးမမှာ သိုင်းပညာ တတ်မြောက်ထားသူဖြစ်ကြောင်း ထင်ရှားနေသည်။

'သူရဲ့ သိုင်းပညာ မခေဘူး။ သည်အရပ်မှာ သိုင်းပညာရှင်တစ်ယောက် ရှိနေတာ ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး'

ချက်ချင်းပင် ထွက်သွားရန် စိတ်ကူးလိုက်မိသည်။

ထိုအချိန်မှာပင်

'ယား'

ရှမ်းစီးက ညာသံပေးကာ ဘီလူးမထံ ခုန်ဝင်သွားသည်။

ဘီလူးမသည် အနီး၌ရှိနေသော ရွာသားများအား ဓားဖြင့် ဝိုင်းချလိုက်၏။

နောက်ဆုတ်လိုက်သော ရွာသားတစ်ယောက်ကို ဓားဖြင့် ပစ်ပေါက်လိုက်သည်။

'ဝုန်း'

'အား'

ရှုးရှသော အော်ဟာစ်သံများနှင့်အတူ ရွာသားနှစ်ယောက် မြေပေါ်လဲကျသွားကြလေတော့သည်။

ဘီလူးမ၏ လက်ထဲ၌ ဓားမရှိတော့ဘဲ လက်နက်မဲ့ ဖြစ်နေချိန်၌ ရှမ်းစီးက အနီးသို့ ရောက်ရှိသွားခြင်းကြောင့် ကံကောင်းသွားသည်ဟု ဆိုနိုင်မည်။

'ရွှမ်း ရွှမ်း'

ပြင်းထန်သော ဓားချက်များသည် ဘီလူးမထံသို့ တိုးဝင်သွားသည်။

ဘီလူးမ ချက်ချင်း နောက်ဆုတ်လိုက်၏။

ရှမ်းစီးအားတက်သွားသည်။

'ကလေး အောက်ချလိုက်စမ်း'

အော်ငေါက်ကာ ဘီလူးမ၏ ခြေထောက်များကို ဦးတည်တိုက်ခိုက်လိုက်လေသည်။

'ရွှမ်း ရွှမ်း'

ဓားချက်များသည် ဘီလူးမ၏ ခြေထောက်ဆီသို့ တိုးဝင်သွား၏။

ဘီလူးမ ရှောင်တိမ်းလိုက်သော်လည်း လွတ်အောင် မရှောင်နိုင်ပါ။

ဒဏ်ရာများ ရသွားတော့သည်။

'တောက်'

ဘီလူးမ၏ တက်ခေါက်သံ ထွက်ပေါ်လာ၏။ သူမ၏ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားလေ၏။

'သေချင်နေပြီ ထင်တယ်'



ချက်ချင်းပင် ပခုံးပေါ် ထမ်းထားသည့် ကလေးဖြင့် ရှမ်းစီးအား ပစ်ပေါက်လိုက်လေ၏။

ရှမ်းစီးက အမှူမဲ့ အမှတ်မဲ့ဖြစ်ကာ ဓားဝှေ့ယမ်းလိုက်ရာ

'အား'

ကလေးမှာ ဓားထိကာ ချက်ချင်း အသက်ပျောက်သွားလေတော့သည်။

'ဟာ'

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရှမ်းစီး အထိတ်တလန့် ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်

'အမလေး သားလေး သေပါပြီ'

ဘီလူးမသည် ငိုကြီးချက်မဖြင့် ထွက်ပြေးသွားလေတော့သည်။

ညဦးနက်ပြီဖြစ်သော်လည်း တစ်ရွာလုံး ကောင်းစွာ မအိပ်နိုင်ကြသေးပါ။

ရွာလယ်မြေကွက်လပ်တွင် ရွာသူရွာသားများ စုရုံးရောက်ရှိနေကြသည်။

မီးတုတ်များ ထွန်းညှိထားသဖြင့် မီးရောင်များ ထိန်ထိန်လင်းနေသည်။

ရှမ်းစီးက ရွာသူရွာသားများအား စုရုံးစေကာ ဘီလူးမအား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်လျှင် ကလေးငယ်များအတွက် စိုးရိမ်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် စုပေါင်းကာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရှင်းပြ

သည်။

ရှမ်းစီး အကူအညီတောင်းသဖြင့် သူ၏ မိတ်ဆွေ မုဆိုးကြီး မင်းကျဲ့လည်း ရောက်လာလေ၏။

မုဆိုးမင်းကျဲ့တွင် ရှမ်းစီး၏သား ရှမ်းစုနှင့် ရွယ်တူ မင်းရှိ ဆိုသော သားလေးတစ်ယောက် ပါလာသည်။

ဘီလူးမအား သွားရောက်တိုက်ခိုက်ရန် အားလုံးစီစဉ် ပြင်ဆင်ပြီးသည့်နောက် ရှမ်းစီးက ရှဲ့တောင်းထံတွင် အကူအညီ တောင်းခံခဲ့သည်။

'မိတ်ဆွေ မိတ်ဆွေဟာ နေကောင်းလာပြီဆိုပေမယ့် ကျန်းမာရေးက စိတ်ချရသေးတာ မဟုတ်ပါဘူး။ ဒါကြောင့် မိတ်ဆွေ ဒီမှာပဲ နေခဲ့စေချင်တယ်'

ရှဲ့တောင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ'

ရှမ်းစီးက

'မိတ်ဆွေဟာ ကျုပ်တို့အရပ်ကိုရောက်လာတဲ့ လူစိမ်းတစ်ယောက်ဖြစ်ပေမယ့် ပြည်မက လာတဲ့သိုင်းလောကသားတစ်ယောက် ဆိုတာ ကျုပ် ရိပ်မိခဲ့ပါတယ်ဗျာ'

'ဟင်'

ရှဲ့တောင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရှမ်းစီး မျက်နှာတည်တည် လေးနက်နေသည်။

'မိတ်ဆွေဟာ သိုင်းလောကသားတစ်ယောက်ဖြစ်တာ ကျုပ် ရိပ်မိပါတယ်၊ ကျုပ်တို့ကို ကူညီနိုင်မယ်လို့လည်း မျှော်လင့်ပါတယ် အထူးသဖြင့် ကျုပ်ရဲ့ သားနဲ့ မုဆိုးကြီးမင်းကျဲ့သား မင်းရှိကို ဂရုစိုက်



စေချင်ပါတယ်'

'စိတ်ချပါ ကျုပ် ဂရုစိုက်လိုက်ပါ့မယ်'

'ကျေးဇူးပါပဲဗျာ'

ရှမ်းစီးသည် သူ၏ သားဖြစ်သူအား ရှဲ့တောင်း၏ လက်ထဲသို့ ယုံကြည်စိတ်ချစွာ အပ်နှံလိုက်သည်။

ရှဲ့တောင်းကလည်း တာဝန်ယူလိုက်၏။

ထို့နောက် ရှမ်းစီး သည် မုဆိုးမင်းကျဲ့နှင့်အတူ ရွာသားများအား ဦးဆောင်ကာ ဘီလူးမအား တိုက်ခိုက်ချေမှုန်းရန် ထွက်ခွာသွားကြလေတော့သည်။

နေမွန်းတည့်တော့မည် ဖြစ်သည်။

မနေ့ညက ထွက်ခွာသွားကြသည့် ရှမ်းစီးနှင့် ရွာသားများကား နောက်တစ်နေ့ နေမွန်းတည့်ချိန်ရောက်သည့်တိုင်အောင် တစ်ယောက်မှ ပြန်ရောက်မလာကြချေ။

ရှဲ့တောင်း စိတ်ပူလာသည်။

'ရှမ်းစီးတို့ လူစု ဘီလူးမရဲ့ လက်ချက် မိသွားကြပြီ ထင်တယ်'

ဘီလူးမကား အလွန်ကြောက်စရာ ကောင်းသူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှဲ့တောင်းသည် ရွာအဝင်လမ်းသို့ လှမ်းမျှော်ကြည့်ရင်း ချောင်းတဟွတ်ဟွတ် ဆိုးလိုက်သည်။ သူ၏ ဝေဒနာ သက်သာပျောက်ကင်းသွားသေးသည် မဟုတ်ပါ။

ကြောက်စရာကောင်းသော ဘီလူးမနှင့်လည်း ရင်မဆိုင်လိုပါ။

ဤအရပ် ဤဒေသ၌ ဘီလူးမကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော သိုင်းပညာရှင်တစ်ယောက် ရှိနေသည်မှာ သူ့အတွက် အန္တရာယ်ရှိသည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့် သူသည် အဝေးသို့ ရှောင်ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

ရှဲ့တောင်းက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ခပ်သွပ်သွပ် လှမ်းသွားလိုက်သည်။

တစ်ရွာလုံး တိတ်ဆိတ်နေသည်။ ရှမ်းစီးက မှာကြားခဲ့သဖြင့် ရွာထဲမှ လူများ တစ်ယောက်မျှ အပြင်မထွက်ကြပါ။

အိမ်တံခါးပိတ်ကာ အိမ်ထဲ အောင်းနေကြခြင်း ဖြစ်ပါသည်။

ရှဲ့တောင်း ဤရွာကလေးမှ စွန့်ခွာသွားဖို့ အခွင့်ကောင်းဖြစ်သွားလေတော့သည်။

ရှဲ့တောင်းသည် ခပ်သုတ်သုတ်ထွက်လာရင်း ရွာအပြင်ဘက်သို့ ရောက်ရှိလာသည်။

ယိုစဉ် နောက်ဘက်မှ ပြေးလိုက်လာသည့် ခြေသံများ တဖုတ်ဖုတ်မြည်ကာ ထွက်ပေါ်လာလေသောကြောင့် ခြေလှမ်းရပ်ကာ နောက်လှည့်ကြည့်လိုက်လျှင် ကောင်လေးနှစ်ယောက် ပြေးလိုက်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုကောင်လေးနှစ်ယောက်မှာ ရှမ်းစီး၏သား ရှမ်းစုနှင့် မင်းကျဲ့၏ သား မင်းရီတို့ ဖြစ်ကြလေတော့သည်။

'ဟင်'

ရှဲ့တောင်း ရင်ထိတ်သွား၏။

'မင်း မင်းတို့'



ရှမ်းစုက

'ဦး ဦးက ဖေဖေ့နောက်ကို လိုက်သွားမလို့ မဟုတ်လားဟင်'

ဟူ၍ မေးလာလေ၏။

ရှဲ့တောင်း ခေါင်းညိတ်လိုက်၏။

'အေး မင်းအဖေကို သွားရှာမလို့'

'ကျွန်တော်တို့လည်း လိုက်မယ်လေ'

'ဟာ မင်းတို့လိုက်လို့ မရဘူး'

'ကျွန်တော်တို့ လိုက်မယ်'

မင်းရီကလည်း ဝင်ပြောလေသည်။

'ဟာ မဖြစ်ဘူး၊ မင်းတို့ လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အန္တရာယ်များတယ်၊ ရွာထဲမှာပဲ နေခဲ့ပါ'

'ကျွန်တော်တို့ လိုက်မယ်'

မင်းရီနှင့် ရှမ်းစုတို့ဏာ ပြိုင်တူ ပြောလိုက်ကြသည်။

ရှဲ့တောင်း မျက်နှာပျက်သွားသည်။

သူကာ ထွက်သွားတော့မည်ဖြစ်ရာ မင်းရီတို့အား ခေါ်သွားလို့ မဖြစ်နိုင်ပါ။

'မင်းတို့ လိုက်လို့ မဖြစ်ဘူး'

ခပ်ပြတ်ပြတ်ပြောကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

ရှဲ့တောင်း ခပ်သွက်သွက် ထွက်လာခဲ့သည်။

ရွာကလေးနှင့် အတော်ဝေးဝေးနှင့် ရောက်သောအခါမှ နောက်လှည့်ကြည့်လိုက်သည်။

မင်းရီနှင့် ရှမ်းစုတို့ နှစ်ယောက်ကို မတွေ့ရတော့မှ စိတ်သက်

သာရော ရသွားသည်။

'ကောင်လေးတွေကတော့ သူတို့ကို ငါဆောင့်ရှောက်မယ်လို့ ထင်နေကြမှာပဲ၊ မင်းတို့ထိုက်နဲ့မင်းတို့ကံ နေခဲ့ကြပေတော့'

ရှဲ့တောင်း ခပ်သွက်သွက် ထွက်ခဲ့သည်။ ထိုစဉ်

'ခစ်'

ရယ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရှဲ့တောင်းချက်ချင်း ခြေလှမ်းရပ်သွားသည်။

ကမ္ဘာကယာပင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ သစ်ပင်များကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

'ဟာ'

ရှဲ့တောင်း လွှတ်ခနဲ အော်လိုက်လေ၏။

ထိုလူမှာ ဘီလူးမကိုယ်တိုင် ဖြစ်နေသည် မဟုတ်ပါလား။

ဘီလူးမက ရယ်မောနေသည်။

'ရှင်က ကျွန်မကို လိုက်ရှာနေတာလားရှင့်'

'မင်း..........မင်း'

'ဟင်း ဟင်း၊ ကျွန်မကို ဆုံးမဖို့ ရှာသားတွေ လာကြတယ်၊ သူတို့နဲ့ တိုက်ခိုက်လိုက်ရတာ ပျင်းစရာတောင် ကောင်းပါတယ်ရှင့်'

ရှမ်းစီး ဦးခေါင်းသော ရှာသားများမှာ ဘီလူးမ၏ လက်ချက်ကြောင့် သေဆုံးသွားပြီ ဖြစ်ကြောင်းသိလိုက်ရလေတော့သည်။

'ကျွန်မဟာ ရွာကလေးကို သွားမလို့၊ ကလေးတွေကို အကုန် ဖမ်းခေါ်မယ်၊ တစ်ရွာ လုံးကို မီးရှို့ဖျက်ဆီးပစ်မယ်၊ ကျွန်မရဲ့ ကလေး



တွေကို ခေါ်ထားတဲ့လူကို ချမ်းသာပေးလို့ မဖြစ်ဘူးရှင့်'

ဘီလူးမသည် ပြောရင်း စကားများ မှုမမှန်ဘဲ ဖြစ်လာလေ၏။

ယခုမှ သူမ၏ ကျောပေါ်၌ ကျင်းဖုံးအား ကျောပိုးထားသည်ကို တွေ့ရ၏။

ကျင်းဖုံး မလှုပ်မယှက် ရှိနေ၏။ သူမ၏ မျက်လုံးများအား ရှဲ့တောင်းအား စိုက်ကြည့်နေသည်။

ရှဲ့တောင်း၏ ရင်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာတော့၏။

ဘီလူးမက ရှေ့တိုးလာသည်။

'ရှင့်ကိုလည်း ချမ်းသာမပေးနိုင်ဘူး'

သူမ၏ လက်နှစ်ဖက် ဆန့်ထုတ်ကာ လက်ချောင်းကလေးများကို ခုန်အုပ်မည့်ပုံသဏ္ဌာန်ဖြင့် စတင်တိုက်ခိုက်လိုက်သည်။

'ဝှီး ဝှီး'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာသည်။ လက်ချောင်းကလေးများသည် ဓားသွားကလေးများပမာ ရှဲ့တောင်းထံသို့ တိုးဝင်လာလေ၏။

ရှဲ့တောင်း နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်သည်။ သို့တိုင်

'ရှင်ပြေးလို့ လွတ်မလား'

ဘီလူးမက တရကြမ်း တိုက်ခိုက်လာလေသောအခါ ရှဲ့တောင်း အခက်ကြုံသွားတော့သည်။

မတတ်သာတော့ဘဲ ပြန်လည် ခုခံ တိုက်ခိုက်လေသည်။

ရှဲ့တောင်းသည်လည်း သိုင်းပညာ ခေသူတစ်ယောက်

မဟုတ်ချေ။ လက်ဝါးနှစ်ဖက် အသုံးပြု တိုက်ခိုက်ရာ သူ၏ လက်ဝါးတစ်ချက် အရိုက်ခံလိုက်ရသည်နှင့် ဘီလူးမ လဲကျသေဆုံးသွားလိမ့်မည် ဖြစ်ပါသည်။

ဘီလူးမ တဟီးဟီး တဟားဟား ရယ်မောလိုက်သည်။

'ရှင့်ရဲ့ သိုင်းပညာ ဘယ်ဆိုးလို့လဲ'

သူမသည် စကားဆုံးသည်နှင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေတော့သည်။

ရှဲ့တောင်းသည် ရင်ဆိုင်ရင်း ဘီလူးမ၏ သိုင်းကွက်များသည် ရက်စက်ကြမ်းကြုတ်မှုကို အခြေခံပြီး ထက်မြက်မှုရှိသော်လည်း ဟာကွက်များ ရှိနေသည်ကို သတိပြုမိလိုက်သည်။

ဘီလူးမသည် စိတ်ဖောက်ပြန်နေသူဖြစ်ရာ သူမ၏ သိုင်းပညာကို အစီအစဉ်တကျ ဖော်ထုတ်နိုင်ခြင်းမရှိဘဲ ကြုံသလို တိုက်ခိုက်ခြင်းမျိုး ရှိသည်။

အကယ်၍ သူမသည် လူကောင်းတစ်ယောက်သာ ဖြစ်နေမည်ဆိုပါလျှင် သူမ၏ ပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေမည်သာ ဖြစ်သည်။

ရှဲ့တောင်း မည်သို့မျှ ခုခံနိုင်မည် မဟုတ်ချေ။

ယခုမူကား ဤသို့ မဟုတ်သဖြင့် ရှဲ့တောင်းက မှုမည်မဟုတ်ချေ။

သူသာ အတွင်းဒဏ်မရခဲ့ပါက ဘီလူးမ၏ သိုင်းပညာမည်မျှ ထက်မြက်ပါစေ၊ သိုင်းဆယ်ကွက်အတွင်း အနိုင်ယူနိုင်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်ထားသည်။

သူ၏ သိုင်းပညာကို ထိပ်တန်းသိုင်းသမားများကပင်လျှင်



စိုးရွံ့ခဲ့ရသည် မဟုတ်ပါလား။ သူ့အား အတွင်းဒဏ်ရအောင် တိုက်ခိုက်ခဲ့သူမှာ သိုင်းလောက၌ ပြိုင်ဘက်ကင်းသည်ဆိုသော သိုင်းဆရာကြီးတစ်ယောက်ဖြစ်သည်။

သူက လူသူဝေးလံသည့်နေရာသို့ ရှောင်တိမ်းလာခဲ့သည်မှာလည်း ထိုပြိုင်ဘက်ကင်း သိုင်းဆရာကြီး၏ တပည့်များကို ရှောင်တိမ်းလိုခြင်းကြောင့် ဖြစ်ပါသည်။

ပြိုင်ဘက်ကင်း သိုင်းဆရာကြီး၏ တပည့်ကြီးဖြစ်သော 'ဓားမြန်ရှမ်းတုံး'သည် သူ၏ နောက်သို့ ခြေရာခံကာ လိုက်နေကြောင်း သိထားပြီးဖြစ်သည်။

ဓားမြန်ရှမ်းတုံးနှင့် ဝေးအောင် ပြေးပါမှ အခက်အခဲ အန္တရာယ်များနှင့် ရင်ဆိုင်ရကာ ထင်တိုင်းမပေါက်ဘဲ ဖြစ်နေတော့သည်။

'ဝိုး ဝိုး'

ဘီလူးမ၏ လက်သည်းကုပ်ချက်များသည် ရှဲ့တောင်း၏ တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်သည်။

ရှဲ့တောင်းသည် သိုင်းသမားတစ်ယောက်၏ စိတ်ထား ပြန်လည်ပေါ်ပေါက်လာသည်။

လက်ဝါးနှစ်ဖက်ဖြင့် ထိပ်တိုက် ပြန်လည်ရင်ဆိုင်လိုက်လေသည်။

သူ၏ လက်ဝါးရိုက်ချက်များက ဘီလူးမ၏ လက်သည်းကို ဟန့်တားနိုင်ခဲ့သည့်အပြင် နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်ခဲ့သည်။

**ဘီလူးမ မကျေမနပ်ဖြစ်သွားသည်။**

'ရှင်ဟာ လူဆိုးကြီးတစ်ယောက်ပဲ၊ ကျွန်မရဲ့ကလေးကို လုယူမယ်မကျန်နဲ့၊ ကျွန်မ သေသွားရမှာကိုလည်း ဂရုမစိုက်ဘူး။ ရှင့်ကို ဆုံးမသွားမှာပဲ'

စိတ်မနှံ့သူပီပီ ပြောချင်ရာ ပြောနေ၏။ ဒေါသဖြင့် ပြန်လည်တိုက်ခိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ရှဲ့တောင်း အမှုမထားတော့ပါ။ မကြာမီအချိန်အတွင်း ဘီလူးမအား အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားသည်။

ထိုစဉ်

'အဟွတ် အဟွတ်'

ရင်ထဲ အောင့်တက်လာကာ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

သိုင်းပညာအသုံးပြုလိုက်ခြင်းကြောင့် အတွင်းဒဏ် ပြန်ပေါ်လာခြင်းဖြစ်ပါသည်။

သူ၏ သိုင်းကွက် ချက်ချင်း ပျက်ပြားသွားလေတော့သည်။

'ယား'

ဘီလူးမက ညာသံပေးကာ တိုက်ခိုက်လာလျှင် ခုခံနိုင်စွမ်းမရှိတော့ပါ။

'ဝုန်း'

'အား'

ရှဲ့တောင်းမှာ ဘီလူးမ၏ လက်ချက်မိကာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

ရှဲ့တောင်း၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာ



သည်။ ဘီလူးမက တခစ်ခစ်ရယ်မောရင်း အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ရာ ရှဲ့တောင်း အကြောက်အကန် ခုခံနေရသည်။

ဘီလူးမ၏ လက်ချက်ကြောင့် ဒဏ်ရာ သုံးလေးချက်ရရှိသွား၏။ အသက်ရှူကျပ်ကာ မောဟိုက်လာသလို မျက်လုံးများလည်း ပြာဝေသွားတော့သည်။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရင်း မဟန်နိုင်တော့ဘဲ မြေပေါ် ဝုန်းကနဲ လဲကျသွားလေသည်။

'ခစ် ခစ် ခစ်'

ဘီလူးမ ရယ်မောလိုက်သည်။

'ကလေးတွေကို ဒုက္ခမပေးနိုင်အောင် ရှင့်ကို ဆုံးမရမယ်'

သံမဏိပမာ မာကျောလှသော လက်ချောင်းများဖြင့် ရှဲ့တောင်း၏ ဦးခေါင်းကို ကုတ်ဆွဲလိုက်လေသည်။

ရှဲ့တောင်းအတွက် ရှောင်လင့်ချက်မရှိတော့ပါ။ ဘီလူးမ၏ လက်ချက်ကြောင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ထိုစဉ်

'အမေလေး'

ဘီလူးမ၏ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာ၏။

သူမ ကပျာကယာ နောက်ဆုတ်သွားသည်။

'ခွေးကောင်လေး ငါ့ကို ကိုက်တယ်၊ သူမ ကျေနပ်ထားသော ကျင်းဖုံးအား ခါထုတ်ပစ်လိုက်သည်။

'ဝုန်း'

ကျင်းဖုံး အဝေးသို့ လွင့်စင်သွားလေ၏။

ဘီလူးမက

'ခွေးကောင်လေး၊ ငါ့အသားကို နာအောင်လုပ်တယ်၊ နင်ဟာ ငါ့သားမဟုတ်ဘူး'

ချက်ချင်းပင် ကျင်းဖုံးအား သတ်ပစ်ရန် ပြေးလာ၏။ ထိုအချိန်မှာပင်

'ဒိုး ဒိုး'

သစ်ပင်များကြားမှ ကျောက်ခဲများပစ် လွှင့်လာကာ ဘီလူးမ၏ ဦးခေါင်းကို တည့်တည့်မတ်မတ် ထိမှန်သွားလေတော့သည်။

'ခွပ်'

'အမလေး'

ဘီလူးမ ခွေခနဲ လဲကျသွား၏။

သူမ၏ ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲသွား၏။

ဒယီးဒယိုင်ဖြင့် ချက်ချင်းထလာ၏။

ရှဲ့တောင်းကို လည်းကောင်း၊ ကျင်းဖုံးကိုလည်းကောင်း ရန်မူနိုင်ခြင်း မရှိတော့ပါ။

'ဘယ်သူလဲ ငါ့ကို တိုက်ခိုက်တာ'

သူမ အော်ပြောလိုက်စဉ်မှာပင်

တောအုပ်ထဲမှ ကောင်လေးနှစ်ယောက် ပြေးထွက်လာကြလေသည်။

ထိုကောင်လေးနှစ်ယောက်ကား မင်းရီနှင့် ရှမ်းစုတို့ ဖြစ်လေတော့သည်။

ရှမ်းစုတို့က ကျောက်ခဲများနှင့် ပစ်ပေါက်လိုက်ကြ၏။ ဘီလူးမ ပိုပြီး ဒေါသထွက်သွားလေသည်။

'သေပေတော့'



မင်းရီတို့ထံ ပြေးသွားရန် ဟန်ပြင်လိုက်စဉ် ကျင်းဖုံးက မြေပေါ်၌ တွေ့ရသော သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူကာ ဘီလူးမ၏ ခြေထောက်ကို ရိုက်ချလိုက်လေသည်။

'ဖြောင်း'

'အမလေး'

ဘီလူးမ မြေပေါ် လဲကျသွားတော့သည်။

ကျင်းဖုံး၊ မင်းရီ၊ ရှမ်းစု ဆိုသော ကောင်လေးသုံးယောက်ကြောင့် ဘီလူးမ အငိုက်မိကာ ခံလိုက်ရခြင်း ဖြစ်ပါသည်။

ကျင်းဖုံး မင်းရီ ရှမ်းစုတို့သည် မြေပေါ် လဲကျသွားသော ဘီလူးမအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။

ရှဲ့တောင်း သတိဝင်လာသည်။

ကျင်းဖုံးတို့၏ သတ္တိကိုလည်း သဘောကျသွား၏။

ယခုအချိန်တွင် သူ့အတွက် အခွင့်ကောင်းဖြစ်သည်ဟုလည်း နားလည်လိုက်လေသည်။

ထို့ကြောင့်

'ငါတူတို့ မင်းတို့ ဘေးဖယ်လိုက်ကြပါ'

ပြောရင်း ပြေးသွား လိုက်လေ၏။ ရှဲ့တောင်းပြေးလာသဖြင့် ကျင်းဖုံးတို့ နောက်ဆုတ်လိုက်ကြလေသည်။

ရှဲ့တောင်းက

'ဘီလူးမ နောက်ထပ် မနှောင့်ယှက်နိုင်အောင် ဆုံးမရမယ်'

ချက်ချင်းပင် လူးလွန့်ကာ ကုန်းရုန်းထလာသည့်ဘီလူးမ၏ လည်ဂုတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက် လေသည်။

'ဒုတ်'

'အင့်'

ဘီလူးမ ခေါင်းငိုက်စိုက်ကျသွားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။ ရှဲ့တောင်းက မင်းရီတို့ဘက် လှည့်ကာ ပြောလိုက်၏။

'ဘီလူးမ သေသွားပြီ၊ နောက်ထပ် ဘယ်သူ့ကိုမှ မနှောင့်ယှက်နိုင်တော့ဘူး'

ကျင်းဖုံး ဝမ်းသာသွား၏။ သူ့ကို ဘီလူးမက သားအမှတ်ဖြင့် ခေါ်ထားပြီး ကျွေးမွေး ပြုစုခဲ့သော်လည်း တစ်ချိန်တွင် ဒုက္ခပေးလိမ့်မည် ဖြစ်ကြောင်း နားလည် ထားသည်။

အနှောင်အဖွဲ့ဖြင့် ချုပ်နှောင်ထားသကဲ့သို့ ရှိနေသည်ကို ကျင်းဖုံး မနှစ်မြို့ပါ။

ဘီလူးမက ရှမ်းစီး ဦးဆောင်သော ရွာသားများအား ရက်ရက်စက်စက် သတ်ပစ်လိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အခွင့်အရေး ရသည်နှင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ရှမ်းစုနှင့် မင်းရီတို့က ရှဲ့တောင်းနောက်သို့ တိတ်တဆိတ်လိုက်လာခဲ့ကြပြီး ဘီလူးမအား ချောင်းမြောင်းတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူတို့သည် ရှဲ့တောင်းက ကိုယ်လွတ်ရုန်းကာ ထွက်သွားမည်ကို မသိပါ။ ဘီလူးမအား ရင်ဆိုင်ဖို့ သွားခြင်းဟုသာ ယူဆထားသည်။

ထို့ကြောင့် ဘီလူးမအား ဆုံးမနိုင်လိုက်သောအခါ ရှဲ့တောင်းအား သူ့ရဲ့ကောင်းကြီးတစ်ယောက်ပမာ သဘောထားလိုက်ကြတော့သည်။



ရှဲ့တောင်းလည်း ထိုကောင်လေးသုံးယောက်နှင့် ပတ်သက်ပြီး သဘောထား ပြောင်းသွားပြီ ဖြစ်သည်။

ကြောက်စရာကောင်းသော ဘီလူးမကိုပင် သူတို့က စုပေါင်းတိုက်ခိုက်ကာ ဒုက္ခပေးနိုင်သည်။ သူသည် ဘီလူးမထက် ပိုပြီး ကြောက်စရာကောင်းသည်။ ရှမ်းတုံးနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

ထိုကောင်လေး သုံးယောက်ကိုသာ အသုံးချနိုင်မည်ဆိုပါလျှင် . . .

သူက ခြေဦးတည့်ရာ ပြေးနေသော်လည်း လွတ်မြောက်နိုင်ဖို့ မလွယ်ပါ။

တစ်နေ့မဟုတ်တစ်နေ့ ရှမ်းတုံးနှင့် ရင်ဆိုင်ရမည်သာ ဖြစ်ပါသည်။

ရှမ်းစီး၏ ရွာကလေးတွင် အခြေချနေပြီး ရှမ်းတုံးအား ရင်ဆိုင်သုတ်သင်ပစ်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု တွေးမိလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ရှဲ့တောင်းက ရင်ကော့လိုက်သည်။

'ဘီလူးမ မရှိတော့ဘူး၊ မင်းတို့ ဘာမှ စိုးရိမ်ကြောက်လန့်နေစရာ မလိုတော့ဘူး။ မင်းတို့ကို ငါ စောင့်ရှောက်သွားပါ့မယ်ကွာ'

ကျင်းဖုံး၊ ရှမ်းစုနှင့် မင်းရီတို့က ငေးကြည့်နေကြ၏။ ကျင်းဖုံး အေးတိအေးစက်ရှိနေ၏။

သို့သော် သူတစ်ယောက်တည်းဖြင့် အသက်ရှင်သန်နေဖို့ မလွယ်ကြောင်း ကောင်းစွာ သဘောပေါက်နေပြီးဖြစ်ရကား ရှဲ့တောင်း၏ အရိပ်အာဝါသတွင် ခိုလှုံရန် စဉ်းစားထားလေတော့သည်။

ရှဲ့တောင်းသည် ရွာကလေးသို့ ပြန်လာ ခဲ့သည်။

ဘီလူးမအား သုတ်သင်ရှင်းလင်းလိုက်ပြီး ဤရွာကလေးအား

စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကြေငြာလိုက်သည်။ ရွာသူကြီး ရှမ်းစု သေဆုံးသွားပြီးဖြစ်ရာ ရွာသူရွာသားများက ရှဲ့တောင်းအား ရွာသူကြီးအဖြစ် တင်မြှောက်လိုက်ကြသည်။

ဘီလူးမမရှိသဖြင့် ထွက်ပြေးသွားကြသူများလည်း တဖွဲဖွဲ ပြန်လည် ရောက်ရှိလာကာ များမကြာမီ ရွာကလေး စည်စည်ကားကား ဖြစ်လာလေတော့သည်။

ရှဲ့တောင်းက ကျင်းဖုံး၊ ရှမ်းစု၊ မင်းရီတို့အား သားအမှတ်ဖြင့် မွေးစားထားလိုက်သည်။

ကျွေးမွေးစောင့်ရှောက်ကာ သိုင်းပညာ သင်ပေးသည်။

အမှန်တော့ ရှဲ့တောင်းက သူ၏ အကျိုးအတွက် ဖန်တီး တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

အားလုံးက သူ့အား ရွာသူကြီးအဖြစ် ရိုသေလေးစားလာကြ သောအခါ ရှဲ့တောင်းက ဓားမြန်ရှမ်းတုံး၏ အကြောင်းကို ပြောပြ လိုက်သည်။

'ဘီလူးမမှာ ရှမ်းတုံးဆိုတဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်လို့ ကျုပ်သတင်းရထားတယ်၊ ဘီလူးမသေသွားတာကြောင့် ရှမ်းတုံးက လာပြီး ဒုက္ခပေးနိုင်တယ်။ အားလုံး သတိထားကြပါ။ ရှမ်းတုံး ရောက်လာရင် ရင်ဆိုင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားရမယ်'

သူ့အပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင် ကာကွယ်ရန် စီစဉ်ထားလိုက်တော့သည်။

ဤသို့ဖြင့် ဘီလူးမ သေဆုံးသွားပြီးနောက် ဆယ်လအကြာ တွင် ဓားမြန်ရှမ်းတုံး အမှန်ပင် ရောက်ရှိလာလေတော့သည်။

✳ ✳ ✳



## အခန်း (၁၁)
## အသက်လုတိုက်ပွဲ

ကျင်းဖုံးသည် အေးစက်စက် ကောင်လေးဖြစ်သော်လည်း မိဘမဲ့များဖြစ်သူ မင်းရီ၊ ရှမ်းစုတို့နှင့်အတူ နေလာရသောအခါ ခါတိုင်း ထက်ပိုပြီး သွက်လက်လာတော့သည်။

လောက၌ သူတစ်ယောက်တည်း ကံဆိုးခြင်းမဟုတ်ဘဲ သူလိုပင် ကံဆိုးကာ ဒုက္ခရောက်သူများ ရှိနေသေးသည်ကိုလည်း ကောင်းစွာ နားလည်သွားသည်။

ရှဲ့တောင်းက သိုင်းပညာသင်ပေးသောအခါ လိုလိုလားလား ပင် သင်ယူခဲ့လေသည်။

သို့ဖြင့်....ဆယ်လအကြာတွင်

ရှဲ့တောင်းသည် ပြတင်းပေါက်မှနေပြီး အပြင်ဘက်သို့ ကြည့် နေ၏။

သူ၏ အိမ်သည် ရွာအစွန်ရှိ တောင်ပူစာလေးတစ်လုံးပေါ် ၌ ရှိနေသည်။

ထို့ကြောင့် အိမ်ပြတင်းတံခါး ဖွင့်လိုက်သည်နှင့် စည်ကားသိုက်မြိုက်နေသော ရွာကလေးအား အပေါ်စီးမှ အတိုင်းသား တွေ့မြင်နေရသည်။

ရွာကလေး စည်ကားနေခြင်းကား အဝေးမှ ရောက်လာသော ကုန်သည်ပွဲစားများ၊ ခရီးသည်များနှင့် အလုပ်လာလုပ်သူများကြောင့် ဖြစ်ပါသည်။

ရွာလေးနှင့် မလှမ်းမကမ်းတွင် ရွှေထွက်သည့် ချိုင့်ဝှမ်းတစ်ခု ရှိနေသည် မဟုတ်လား။

ရွှေထွက်သော ချိုင့်ဝှမ်းအား ရှဲ့တောင်းကပင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကျင်းဖုံးကြောင့် တွေ့ခဲ့ရခြင်းဟုလည်း ဆိုနိုင်သည်။

ရွှေထွက်သော ချိုင့်ဝှမ်းကို ရှာဖွေတွေ့ရှိလိုက်ခြင်းကြောင့် အခြေအနေအရပ်ရပ် ပြောင်းလဲသွားခဲ့ခြင်း ဖြစ်ပါတော့သည်။

✳

နေမွန်းတည့်တော့မည် ဖြစ်သည်။

ကျင်းဖုံး၊ ရှမ်းစုနှင့် မင်းရီတို့သည် တောထဲသို့ ငှက်ပစ်ထွက်လာကြသည်။

သူတို့သုံးယောက်မှာ ညီအစ်ကိုများပမာ ရှိနေကြပြီး ဖြစ်ပါသည်။

မင်းရီသည် အသက်အကြီးဆုံးဖြစ်သလို မုဆိုးကြီး၏ သား ဖြစ်၍လည်း ဖားရှာ ငါးရှာဝါသနာပါသူ ဖြစ်သည်။

သူတို့ တောအုပ်ထဲ ရောက်သောအခါ ငွေရောင်အမြီးရှည် ရှိသည့် ငှက်တစ်ကောင်ကို တွေ့ရလေသည်။



'ငါလိုချင်လိုက်တာ'

ကျင်းဖုံးက ပြောလိုက်သောအခါ မင်းရီ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ငါရအောင် ဖမ်းပေးမယ်'

သုံးယောက်သား ငွေရောင်အမြီးရှည် ငှက်နောက်သို့ လိုက်ကြလေတော့၏။

ရွာကလေးနှင့် တဖြည်းဖြည်း ဝေးသွားပြီး လျှိုမြောင်ကြီး တစ်ခုအတွင်းသို့ ရောက်လာကြသည်။

ငွေရောင်အမြီးရှည်နှင့် ငှက်က သစ်ပင်တစ်ပင်၌ နားလိုက်ရာ မင်းရီက လောက်လေးခွဖြင့် ပစ်လိုက်လေသည်။

'ဖုတ်'

မင်းရီက လက်တည့်သဖြင့် ငွေရောင်အမြီးရှည်ငှက်မှာ ချုံပုတ်များကြားသို့ ထိုးကျသွားတော့သည်။

'ဟေး'

ကျင်းဖုံး ဝမ်းသာအားရ အော်ဟစ်ကာ ငှက်ကောက်ဖို့ ချုံပုတ်များကြား ပြေးဝင်လိုက်တော့၏။

အမှန်တော့ တောင်စောင်းဆင်ခြေလျှောတစ်နေရာတွင် ရောက်နေကြခြင်း ဖြစ်ပါသည်။

သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေခြင်းကြောင့် မြေပထဝီအနေအထားကို ရုတ်တရက် မသိနိုင်ခြင်းဖြစ်ပါသည်။ ကျင်းဖုံးက အလောတကြီးပြေးသွားလိုက်ရာ မြေပေါ်၌ ကျနေသော သစ်ရွက်ခြောက်များကြား၌ လျှောခနဲ ဖြစ်သွားပြီး အောက်ဘက်သို့ တလိမ့်ကောက်ကွေး လိမ့်ကျသွားလေတော့သည်။

'အား'

ကျင်းဖုံး အသံနက်ကြီးဖြင့် အော်ရင်း သတိရလာ၏။

သူက မြေကြီးပေါ်၌ ပက်လက်အနေအထားဖြင့် လဲကျသွားနေခြင်း ဖြစ်ပါသည်။

စိမ်းလန်းသော သစ်ပင်ကြီးများ ဝိုင်းရံကာ မိုးကောင်းကင်ပြာပြာကြီးကို တွေ့မြင်နေရသည်။

'ငါဘယ်ရောက်နေတာပါလိမ့်'

တွေးတောစဉ်းစားရင်း ငွေရောင်အမြီးရှည်ငှက်ကို သွားကောက်ယူရင်း တောင်စောင်းဆင်ခြေလျှောအတိုင်း လိမ့်ကျလာခဲ့သည့်အဖြစ်ကို သတိရလာ၏။

'မင်းရီ၊ ရှမ်းစု'

ကျင်းဖုံးအော်ခေါ်လိုက်သော်လည်း ထူးသံ မကြားရပါ။

ကျင်းဖုံး လူးလိမ့်ထလိုက်သည်။

ဤတွင် သူ၏ ခြေထောက်နှစ်ချောင်းမှာ ခံစားချက် ကင်းမဲ့ကာ လုံးဝလှုပ်ရှားမရဘဲ ဖြစ်နေလေတော့သည်။

'ငါ့ခြေထောက်တွေ ဘယ်လိုဖြစ်သွားပြီလဲ'

ကျင်းဖုံး ထိတ်လန့်သွားလေသည်။

သတိရနေပြီဖြစ်သော်လည်း လှုပ်ရှား၍မရပါ။

ကျင်းဖုံး ကြိုးစားပြီး လှုပ်ရှားကြည့်သော်လည်း မရပါ။

ကျင်းဖုံး ကြောက်ရွံ့လာသည်။

သို့သော် ဝမ်းနည်းကြေကွဲကာ ငိုကြွေးခြင်းတော့ မပြုချေ။

အရှုံးပေး၍ မဖြစ်ဟူသော အသိစိတ်ကြောင့် အားတင်း ကာ ကြိုးစားလိုက်လျှင် ဦးစွာပထမလက်တစ်ဖက် လှုပ်ရှား၍ ရလာသည်။



တဖန် ကျန်လက်တစ်ဖက် . . .

ထို့နောက် ခြေထောက်များ

ကျင်းဖုံး မတ်တတ်ရပ်နိုင်လာသည်။ ထိုအချိန်၌ အလင်းရောင် ကွယ်ပျောက်ကာ မိုးချုပ်သွားပြီ ဖြစ်ပါသည်။

မြေပြင်တွင် ရွက်ကြွေခြောက်များက ဆွေးမြေ့နေ၏။

မြေပြင်က စိုထိုင်းထိုင်းဖြစ်ကာ ဆိုးရွားသော အနံ့အသက်ရှိသည့် အခိုးအငွေ့များ ထွက်နေ၏။

ကျင်းဖုံးက အမှောင်ထဲ စမ်းတဝါးဝါး လျှောက်သွားရင်း တောင်နံရံတစ်ခုအနီးသို့ ရောက်ရှိသွားလေသည်။

တောင်နံရံတွင် ဂူပေါက်ကြီးတစ်ခု ရှိနေပြန်သည်။

ထိုစဉ်

'ဝေါင်း'

အဝေးမှ သားရဲတိရစ္ဆာန်ကြီးများ၏ မာန်ဖီသံ ထွက်ပေါ်လာလေသည်။

ကျင်းဖုံးလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ကျောက်ဂူပေါက်ထဲသို့ တိုးဝင်လိုက်၏။ ရုတ်တရက်

'ရှီး'

လေတိုးသံထွက်ပေါ်လာကာ ပျော့စိစိ အရာဝတ္ထုတစ်ခုက ကျင်းဖုံးအား ရစ်ပတ်လာလေသည်။

မြွေကြီးတစ်ကောင် ဖြစ်ပါသည်။

'အမလေး'

ကျင်းဖုံး အထိတ်တလန့် အော်ပြီး ထွက်ပြေးဖို့ ကြိုးစားလိုက်သော်လည်း မလွတ်နိုင်တော့ပါ။

မြွေကြီးက သူ၏ တစ်ကိုယ်လုံးအား အထပ်ထပ် ရစ်ပတ်ထားလိုက်လေတော့သည်။

'ရွှီး'

အစိမ်းရောင်လက်နေသော မျက်လုံးများရှိသည့် မြွေခေါင်းက ကျင်းဖုံး၏ မျက်နှာဆီသို့ တိုးဝင်လာသည်။

'အား'

ကျင်းဖုံး အော်ဟစ်ရင်း လက်ဆန့်ထုတ်ကာ မြွေခေါင်းကို ဖမ်းထားလိုက်လေသည်။

ကံကောင်းထောက်မကာ မြွေလည်ပင်းကို ဆုပ်ကိုင်မိလိုက်သဖြင့် မလွတ်ရဲတော့ချေ။

မြွေကြီးက ကျင်းဖုံးကို ရစ်ပတ်ဖျစ်ညှစ်လာ၏။ ကျင်းဖုံး အသက်ရှုကျပ်လာသည်။

မြွေကြီး၏ ဖျစ်ညှစ်မှုကြောင့် ကျင်းဖုံး၏ အရိုးအဆစ်များ ပြုတ်ထွက်ကုန်တော့မည် ဖြစ်သည်။

ကျင်းဖုံးလည်း ကြောက်လန့်တကြားဖြင့် မြွေကြီးကို ပါးစပ်ဖြင့် ကိုက်ချလိုက်သည်။

မြွေအရေခွံပေါက်ပြဲကာ သွေးများ ပန်းထွက်လာ၏။ မြွေသွေးများက ပါးစပ်ထဲ ဝင်လာသောအခါ ထွေးထုတ်ပစ်လိုက်သည့်တိုင် မနိုင်တော့ပါ။

ထို့ကြောင့် ဝမ်းဗိုက်ထဲ ရောက်အောင် မျိုချပစ်လိုက်လေတော့သည်။

မြွေသွေးများကြောင့် တစ်ကိုယ်လုံး ဖောင်းကားလာသည်ထင်ရ၏။



ခန္ဓာကိုယ်တစ်ခုလုံး ယားယံလာသည်။ မျက်လုံးပြာဝေကာ ဦးခေါင်းထဲမှာ နောက်လာ၏။

ကျင်းဖုံး အားတင်းထားသည့်ကြားမှပင် သတိလစ်မေ့မျောသွားတော့သည်။

မည်မျှကြာသွားသည် မသိပါ။

ကျင်းဖုံး သတိရလာသောအခါ စကားပြောသံများကို ကြားလိုက်ရသည်။

မျက်လုံးဖွင့်ကြည့်လိုက်လျှင် စိုးရိမ်တကြီး ကြည့်နေသည့် မင်းရီ၊ ရှမ်းစုနှင့် ရှဲ့တောင်းတို့အား တွေ့လိုက်ရသည်။

'ကျင်းဖုံး သတိရလာပြီ'

'တော်ပါသေးရဲ့'

မင်းရီနှင့် ရှမ်းစုတို့ ဝမ်းသာအားရ ဖြစ်နေကြ၏။ ရှဲ့တောင်းက

'သေးဖယ်ကြစမ်း'

ရှဲ့တောင်းသည် စကားဆုံးသည်နှင့် ရှေ့တိုးလာပြီးလျှင် ကျင်းဖုံးအား စမ်းသပ်ကြည့်လိုက်သည်။

ကျင်းဖုံးသည် အမှန်ပင် အသက်ဘေးမှ လွတ်မြောက်လာပြီဖြစ်သည်။

ရှဲ့တောင်း သက်ပြင်းချလိုက်သည်။

'ကျင်းဖုံး မင်းတော်တော် ကံကောင်းသွားတာပဲ၊ ချောက်ထဲရောက်တဲ့လူတွေ တစ်ယောက်မှ အသက်မရှင်ကြဘူး။ ချောက်ထဲမှာ သစ်ရွက်ခြောက်တွေ မြေပေါ်ကျနေရာက မြေငွေ့ကြောင့် ဆွေးမြေ့ပုပ်သိုးပြီး အဆိပ်ငွေ့တွေ ဖြစ်သွားတယ်၊ သည်အခိုးအငွေ့ကို ရှူမိတဲ့

လူတိုင်း သေဆုံးသွားကြတာပဲ၊ မင်းကို ချောက်ထဲက ခက်ခက်ခဲခဲ ကယ်ခဲ့ရတာ အဆိပ်ငွေ့ကြောင့် ရွာသား သုံးလေးယောက် ဒုက္ခရောက်ခဲ့သေးတယ်၊ သမားတော်ကြီး ကောင်းလို့ပေါ့'

ရွာကလေးတွင် သမားတော်တစ်ယောက်ရှိသည်။ ဘယဆေးပင် ပေါများသော အရပ်ဒေသဖြစ်၍ ဆေးကောင်းဝါးကောင်းများ ဖော်စပ်နိုင်ရာ သမားတော်ကြီးသည် ဝေဒနာရှင်များ၏ အသက်ကို ထိထိရောက်ရောက် ကယ်တင်နိုင်ခဲ့သည်။

ယခုလည်း သမားတော်ကြီးက ကျင်းဖုံးအား စစ်ဆေးကြည့်ပြီး ဆေးကုပေးခဲ့ပြီးပြီ ဖြစ်သည်။

ရှဲ့တောင်းက

'ကျောက်ဂူထဲမှာ မင်းကို တွေ့ခဲ့ရတော့ မင်းရဲ့ နံဘေးမှာ သေဆုံးနေတဲ့ တွင်းအောင်းမြွေကြီးတစ်ကောင်ကိုလည်း တွေ့ခဲ့ရတယ်။ အင်မတန် အဆိပ်ပြင်းတဲ့ မြွေကြီးတစ်ကောင်ပေါ့၊ မင်းက မြွေသွေးကို သောက်လိုက်မိလို့ ကံကောင်းသွားတာ၊ သမားတော်ကြီးက ပြောတယ်၊ ဘယ်လို အဆိပ်မျိုးကိုမဆို မှုစရာမလိုတော့ဘူးတဲ့၊ ပြီးတော့ မင်းဟာ ခွန်အား အလွန်ကောင်းတဲ့လူ ဖြစ်လာလိမ့်မယ်လို့လည်း ပြောတယ်'

ရှဲ့တောင်းက အကျိုးအကြောင်း ရှင်းပြလိုက်ရသည်။

ကျင်းဖုံးသည် အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။

ရှဲ့တောင်းက ပြုံးလိုက်ပြီး ဆက်ပြောလေ၏။

'တစ်နေ့ မင်းဟာ သိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ်၊ အဲသည်အချိန်မှာ သည်ကနေ့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ဟာ



မင်းအတွက် အများကြီး အထောက်အကူပြုလာလိမ့်မယ်'

ကျင်းဖုံးအား လိုက်လံရှာဖွေရင်း ချိုင့်ဝှမ်းထဲ၌ ရွှေမှုန်များ တွေ့ ခဲ့ကြရသည်။

ထို့ကြောင့် တူးဖော်ကြည့်ကြရာမှ ရွှေထွက်သော နေရာဖြစ်နေကြောင်း သိရတော့သည်။

ရှဲ့တောင်းနှင့် ရွာသူရွာသားများသည် ရွှေထွက်သော ချိုင့်ဝှမ်းကြောင့် ချမ်းသာကြွယ်ဝလာကြသည်။

သူတို့၏ ရွာကလေးသည်လည်း ကြက်ပျံမကျ စည်ကားလာလေတော့သည်။

ရှဲ့တောင်းက ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ကြည့်နေ၏။

ရှမ်းစု၊ ကျင်းဖုံးနှင့် မင်းရီတို့က ရှဲ့တောင်း ကျက်မှတ်ခိုင်းသည့် သိုင်းစာများကို ကျက်မှတ်နေကြသည်။

ရှဲ့တောင်းသည် ကျင်းဖုံးတို့ သုံးယောက်အား လက်သပ်မွေးထားခြင်းဖြစ်သည်။

စာပေပညာနှင့် သိုင်းပညာကို သင်ပေး၍ အတွေ့အကြုံဗဟုသုတရှိစေရန် သိုင်းလောက အကြောင်း ပြောပြသည်။ ရှဲ့တောင်း အမြဲတစေ မှာကြားသည့် စကားတစ်ခွန်းရှိပါသည်။

ထိုစကားကို ကျင်းဖုံးတို့နားထဲ သံမှိုစွဲနေပြီ ဖြစ်ပါသည်။

ထိုစကားမှာ

'သိုင်းရာဇာဆိုတဲ့ လူယုတ်မာကြောင့် ငါဒုက္ခရောက်ခဲ့ရတယ်၊ မင်းတို့ ကြီးပြင်းလာတဲ့ တစ်နေ့မှာ သိုင်းရာဇာကို သုတ်သင်ရှင်းလင်းပစ်ရမယ်'

ဟူ၍ ဖြစ်သည်။

ရှဲ့တောင်းသက်ပြင်းချလိုက်ပြန်သည်။

ယခုရက်ပိုင်းအတွင်း သူ၏ ရင်ထဲ စိုးရိမ်ပူပန်မှုများ ပို၍ ဖြစ်ပေါ်လာသည်။

ရွှေမှုန်များ လာရောက်ဝယ်ယူသည့် ကုန်သည်ပွဲစားများထံမှ သတင်းတစ်ခု ကြားခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။

သိုင်းရာဇာ၏ တပည့်ဖြစ်သူ ရှမ်းတုံးမှာ တောင်ပေါ်ဒေသသို့ ဦးတည်လာနေသည်ဟူသော သတင်းပင် ဖြစ်ပါသည်။

ရှမ်းတုံးသည် သူ့ထံသို့ မကြာမီ ရောက်လာလိမ့်မည်ဟု ရှဲ့တောင်း ယုံကြည်နေသည်။

သူတွေးတော ငေးမောနေစဉ်မှာပင် ရွာထဲ၌ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကိုလည်းကောင်း၊ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကိုလည်းကောင်း တွေ့လိုက်ရသည်။

ရှဲ့တောင်း၏ မျက်နှာ တည်သွား၏။ ရှမ်းတုံး ရောက်လာပြီဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်လေတော့သည်။

'ခွပ်ခွပ် ခွပ်ခွပ်'

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ မြင်းစီးသမား ငါးယောက်သည် တောင်ပေါ်ရွာကလေးသို့ ရောက်ရှိလာကြလေတော့သည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ အသက်လေးဆယ်နီးပါးရှိပြီး ဥပဓိရုပ် အလွန်ကောင်းသူ ဖြစ်သည်။

အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားကာ ခါး၌ ဓား



ရှည်တစ်လက် ချိတ်ဆွဲထားသည်။

ထိုလူအား သိုင်းလောကသားများ တွေ့မြင်ကြလျှင် ချက်ချင်း အရိုအသေပေးကြမည် ဖြစ်ပါသည်။

ထိုလူမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဓားမြန်သိုင်းသမားရှမ်းတုံး ဖြစ်နေသည် မဟုတ်ပါလား။

သိုင်းလောက၌ ကျင်လည်ကျက်စားနေသည့် ရှမ်းတုံးသည် တောင်ပေါ်ရွာကလေးသို့ အဘယ်ကြောင့် ရောက်ရှိလာရပါသနည်း။

ရှမ်းတုံးနှင့်အတူ လိုက်ပါလာသူ လေးယောက်မှာ ရှမ်းတုံး၏ တပည့် လေးယောက်ဖြစ်သည်။ ထိုလူများသည်လည်း ဓားလေးဖော်ဟု ထင်ရှားနေကြသော သိုင်းသမားညီအစ်ကို လေးယောက်ဖြစ်ကြသည်။

ရှမ်းတုံးသည် တောင်ပေါ်ရွာကလေးသို့ ရောက်လျှင် ရွာလည်ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ မြင်းကို ရပ်တန့်လိုက်သည်။

ဓားလေးဖော်ကလည်း ရပ်တန့်လိုက်ကြ၏။

ထို့နောက် မြင်းပေါ်မှ ဆင်းကာ ဆိုင်ထဲဝင်ပြီး စားပွဲတစ်လုံး၌ နေရာယူလိုက်ကြသည်။

ဖော်ဖော်ရွေရွေ ကြိုဆိုလာသော ဆိုင်လုလင်အား အရက်နှင့် စားစရာ မှာကြားလိုက်သည်။

ထို့နောက် အေးအေးဆေးဆေး စားသောက်လိုက်ကြ၏။ ဓားလေးဖော်မှ အစ်ကိုကြီးဆုံးဖြစ်သော ကျန်းတကက ပြောသည်။

'သည်တောင်ပေါ်မှာ သည်ရွာကလေးဟာ လမ်းပန်းခရီး ဆက်သွယ်ရေး ခက်ခဲတယ်၊ လူအရောက်အပေါက် နည်းတယ်။ သိပ်ခေါင်တဲ့နေရာပေါ့။ ကျွန်တော် သည်ရွာကလေးကို တစ်ခေါက်

ရောက်ဖူးတယ်။ အတော်ကြာပြီ၊ အခုတော့ ပြောင်းလဲနေလိုက်တာ၊ အံ့သြစရာတောင် ကောင်းတယ်'

ကျန်းတ၏ စကားကြောင့် ရှမ်းတုံး ပြုံးလိုက်သည်။

'ကုန်သည်ပွဲစားတွေ ပြောတာ မကြားဘူးလား၊ သည်ရွာလေးမှာ ရွှေထွက်တာ မကြာသေးဘူး၊ ရွှေထွက်လို့ ရောင်းဝယ်ဖောက်ကားမှု ဖြစ်ထွန်းပြီး စည်ကားလာတာပဲ'

ကျန်းတက

'ဆရာ သည်ရွာမှာ ရွာသူကြီးဟာ သိုင်းသမားတစ်ယောက်လို့ ပြောတယ်။ ဟိုတုန်းက သည်တောင်ပေါ်မှာ ဘီလူးမဆိုတဲ့ မိန်းမဆိုးတစ်ယောက် သောင်းကျန်းဖူးတယ်။ ရွာသူကြီးက ဘီလူးမကို သုတ်သင်ပစ်လိုက်လို့ အားလုံးက ရိုသေလေးစားကြတယ်၊ အားကိုးကြတယ်လို့ ပြောတယ်၊ ရွာသူကြီးဟာ'

သူ၏ စကားမဆုံးမီ ရှမ်းတုံးက ကြားဝင်ပြောလိုက်လေသည်။

'အဲဒါ တို့ရှာနေတဲ့ ရှဲ့တောင်းပေါ့'

'ရှဲ့တောင်းက သည်လိုအလုပ်တွေ လုပ်ပါ့မလားဆရာ'

ကျန်းတ၏ မေးခွန်းကြောင့် ရှမ်းတုံးက ရယ်မောလိုက်လေသည်။

'ရှဲ့တောင်းဟာ လောကမှာ နေစရာနေရာမရှိတော့ဘူး၊ သည်နေရာမှာ သူနေချင်တယ်ဆိုရင် လူကောင်းသူကောင်းလုပ်မှ ဖြစ်တော့မှာပေါ့'

ထိုအချိန်တွင် ဓားလေးဖော်မှ ဒုတိယလူဖြစ်သော ကျန်းအိက တီးတိုး ပြောလာ၏။



'ဆရာ အခြေအနေ ထူးတယ်'

ရှမ်းတုံးက ဆိုင်အပြင်ဘက်သို့ အကဲခတ်ကြည့်လိုက်၏။

ထိုအခါ သူတို့ ရောက်လာစဉ်က အခြေအနေမျိုး မဟုတ်တော့ဘဲ မသိမသာ ပြောင်းလဲသွားသည်ကို သတိပြုမိလိုက်သည်။

သူတို့ရောက်လာစဉ်က လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။

ဈေးသည်များလည်း ရောင်းဝယ်ဖောက်ကားနေကြသည်။

ယခုတော့ လမ်းပေါ်၌ လူရှင်းသွား၏။ ဈေးသည်များကိုလည်း မတွေ့ရတော့ပါ။ ရှမ်းတုံ ပြုံးလိုက်သည်။

'မုန်တိုင်းမကျခင် ပင်လယ်ပြင်ရဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းဆိုတာ ဒါမျိုးပေါ့'

သူ၏စကား အဓိပ္ပါယ်ရှိသည်။ မကြာမီ အန္တရာယ်ကျရောက်လာတော့မည့် အခြေအနေဖြစ်သည်။

ကျန်းတက

'ရှဲ့တောင်းက ဘီလူးမကို နှိမ်နင်းပေးခဲ့တယ်ဆိုပြီး သူရဲကောင်းတစ်ယောက်ဖြစ်နေတယ်'

တီးတိုးရေရွတ်လိုက်၏။ ကျန်းအိ ခေါင်းညိတ်လိုက်သည်။

'တောင်ပေါ်သားတွေက ရိုးသားကြတယ်၊ ကောင်းပြီပေါ့ဆိုရင် တခြား ဘယ်သူမှ ပြောလို့ မရတော့ဘူး'

ကျန်းအိ စိတ်ပျက်စွာ ညည်းညူလိုက်၏။

'ရှဲ့တောင်းက အကြံသမား၊ ဉာဏ်နီဉာဏ်နက်များတယ်၊ ခုလည်း ဘယ်လို ကြံစည်ဦးမလဲ မသိဘူး'

ကျန်းစု ပခုံးတွန့်လိုက်သည်။

'သူက ကျုပ်တို့ကို တောင်ပေါ်သားတွေနဲ့ ရန်တိုက်ပေးမှာ ပေါ့ဗျာ'

ထိုအချိန်မှာပင် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်။

လက်နက်ကိုယ်စီ ဆွဲကိုင်လာသော လူအုပ်ကြီးက စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူအုပ်ကြီးမှာ ရွာခံများပင် ဖြစ်ကြသည်။

အလွန်ထွားကြိုင်းသန်မာသော လူသန်ကြီးတစ်ယောက်က ဦးဆောင်လာခြင်း ဖြစ်သည်။

လူသန်ကြီးသည် စားသောက်ဆိုင်ရှေ့သို့ ရောက်လျှင်ရောက်ခြင်း ကျယ်လောင်သော အသံဖြင့် အော်ပြောလိုက်သည်။

'ဟေ့ တို့ရွာကို လုယက်တိုက်ခိုက်ဖို့ လာကြတဲ့လူတွေ ထွက်လာခဲ့စမ်း'

ကျန်းတတို့က ရှမ်းတုံးအား ကြည့်လိုက်၏။ ရှမ်းတုံးက

'ကျန်းအော့ ရဲ့တောင်း ဘယ်လို ဉာဏ်နီဉာဏ်နက် ထုတ်မယ်ဆိုတာ မင်းသိပြီလား'

ကျန်းအော့ မကျေမနပ် ဖြစ်သွားသည်။

'ကျွန်တော်တို့ကို ရွာသားတွေနဲ့ ရန်တိုက်ပေးတာပဲ'

'သူက ရွာသူကြီးဖြစ်နေပြီဆိုတော့လည်း အခွင့်အရေးကို အသုံးချနိုင်တာပေါ့၊ မင်းတို့ စိတ်လိုက်မာန်ပါ မလုပ်ကြနဲ့။ ရွာသားတွေမှာအပြစ်မရှိဘူး။ ရဲ့တောင်း စနက်ကြောင့် ဖြစ်ရတာ သတိဝီရိယ ငြ် လုပ်ကိုင်ဆောင်ရွက်ကြရလိမ့်မယ်'

ရှမ်းတုံးက သတိပေးလိုက်သည်။ ကျန်းတတို့က နားလည်



သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလေသည်။

'ဟေ့ ဓားပြတွေ ထွက်မလာသေးဘူးလား'

လူသန်ကြီး၏ အော်ပြောသံ အဆုံးတွင်

'ဆိုင်ကို ဝိုင်းထား'

'တစ်ယောက်မှ အလွတ်မပေးနဲ့'

'ဆိုင်ထဲက ထွက်မလာရင် မီးရှို့ပစ်'

လူအုပ်ကြီးက တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြလေသည်။

ရှမ်းတုံး သက်ပြင်းချလိုက်သည်။

'အင်း ကျုပ်တို့ အပြင်ထွက်ကြပါစို့'

စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက်၏။

ကျန်းတတို့ကလည်း ထရပ်လိုက်ကြလေသည်။

သူတို့ ဆိုင်ထဲမှ ထွက်သွားသောအခါ မည်သူကမှ စားသောက်ခ တောင်းရမ်းခြင်းမရှိချေ။

ဆိုင်ထဲ၌ ဆိုင်ရှင်ကော ဆိုင်လုလင်များပါ မရှိကြတော့ခြင်းကြောင့် ဖြစ်ပါသည်။

ဆိုင်ပြင်သို့ ရောက်သောအခါ ရှမ်းတုံးက တည်ကြည်သော မျက်နှာထားဖြင့် ဒေါသတကြီးဖြစ်နေသော လူအုပ်ကြီးကို ကြည့်လိုက်သည်။

လူအုပ်ကြီးက တုတ်၊ ဓားများကို ဝှေ့ယမ်းကာ တိုက်ခိုက်မည် တကဲကဲ ဖြစ်နေကြ၏။

'လူဆိုးဓားပြတွေကို ချမ်းသာမပေးနဲ့'

'တစ်ယောက်မှ မလွတ်စေနဲ့'

တစ်ယောက်တစ်ပေါက် အော်ပြောနေကြ၏။

ရှမ်းတုံးက ခေါင်းဆောင်လာသော လူသန်ကြီးအား စိုက်ကြည့်လိုက်သည်။

'ကျုပ်တို့ကို လူဆိုးဓားပြတွေလို့ ဘယ်သူက ပြောတာလဲ'

ရုတ်တရက် သူမေးလိုက်သော မေးခွန်းကြောင့် လူသန်ကြီးကြောင်အမ်းအမ်းဖြစ်သွားသည်။

ရှမ်းတုံးက

'ကျုပ်တို့ကို လူဆိုးဓားပြတွေလို့ ပြောလိုက်တဲ့လူကို ခေါ်လာခဲ့ပါ'

'ဘာ ရွာသူကြီး ပြောလိုက်တာပဲ'

လူသန်ကြီး လွှတ်ခနဲ ပြောလိုက်လေသည်။

ရှမ်းတုံး ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ရွာသူကြီးကို ခေါ်လာခဲ့ပါ၊ ဒါမှမဟုတ်ရင်လည်း ကျုပ် သွားတွေ့ပါ့မယ်'

လူသန်ကြီး တွေဝေသွားပြီးမှ ခေါင်းခါယမ်းလိုက်သည်။

'ရွာသူကြီးက မဟုတ်ဘဲနဲ့ ပြောပါ့မလား'

'ဟေ့ ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါလား'

သူက အော်ပြောလိုက်သည်နှင့် ရွာသားများသည် တားဆီး၍ မရတော့ဘဲ

'တိုက်ကြဟေ့'

'ယား'

ညာသံပေးကာ ရှမ်းတုံးတို့ထံသို့ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။



ရှမ်းတုံးက ကျန်းတတို့အား နောက်ဆုတ်ခိုင်းလိုက်၏။ ကိုယ်တိုင်ရှေ့ထွက်ကာ ရင်ဆိုင်လိုက်လေသည်။

'အားလုံး ရပ်လိုက်ပါ'

သူ၏ လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့်

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ရွာသားများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ရှမ်းတုံးက အသာရလိုက်သော်လည်း ဆက်၍တိုက်ခိုက်ခြင်း မပြုလုပ်ဘဲ နောက်ဆုတ်လိုက်၏။

လူသန်ကြီးအား စိုက်ကြည့်ကာ ပြောလိုက်၏။

'ရွာသူကြီးကို ခေါ်လိုက်ပါ၊ ကျုပ်တို့ဟာ လူဆိုးဓားပြတွေ မဟုတ်ဘူးဆိုတာ ဖြေရှင်းပါ့မယ်'

လူသန်ကြီး အံကြိတ်လိုက်သည်။

'ခင်ဗျားတို့ဟာ လူဆိုးဓားပြတွေ ဖြစ်နေလို့သာ လက်နက်တွေ ဆောင်လာကြတာပေါ့'

ရှမ်းတုံး ရယ်မောလိုက်သည်။

'သိုင်းလောကသားတိုင်း လက်နက်ကိုယ်စီ ဆောင်ထားကြတာ မဆန်းပါဘူး၊ ရွာသူကြီးကိုသာ ခေါ်လိုက်ပါ၊ ကျုပ်ရှင်းပြပါ့မယ်'

လူသန်ကြီး ပေကပ်ကပ် လုပ်နေ၏။ ရှမ်းတုံးက

'ရွာသူကြီးရောက်လာလို့ ကျုပ်တို့ဟာ လူဆိုးဓားပြတွေ ဖြစ်

ကြောင်း သက်သေပြနိုင်ရင် ကျုပ်တို့ကို ကြိုက်သလို စီရင်နိုင်ပါတယ်ဗျာ'

သူ၏ စကား သဘာဝကျနေခြင်းကြောင့် လူသန်ကြီး ငိုင်သွားလေသည်။ ထိုစဉ်

'မင်းတို့ ဘာ တွေဝေနေတာလဲ၊ လူဆိုးဓားပြတွေက ရွာကို ဖျက်ဆီးသွားလိမ့်မယ်၊ ဆုံးမလိုက်ကြစမ်း'

အသံဝါကြီး ထွက်ပေါ်လာ၏။ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ထိုလူမှာ ရှဲ့တောင်းဖြစ်လေတော့သည်။

ရှဲ့တောင်းရောက်လာသည်ကို မြင်လျှင် လူသန်ကြီးတို့ အားတက်သွားကြပြီး

'ယား'

ညာသံပေးကာ ရှမ်းတုံးအား တိုက်ခိုက်လိုက်ကြလေတော့သည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ ရှမ်းတုံးအား မယှဉ်နိုင်ဘဲ လူသန်ကြီးတို့ လူစု ဖရိုဖရဲဖြစ်ကာ နောက်ဆုတ်လိုက်ကြရလေတော့သည်။

ရှမ်းတုံးက ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ဘဲ ရှဲ့တောင်းအား လှမ်းပြောလိုက်လေသည်။

'ရှဲ့တောင်း အပြစ်မရှိတဲ့လူတွေ ဒုက္ခမရောက်ပါစေနဲ့ဗျာ၊ ခင်ဗျား ထွက်ပြေးလို့လည်း မရတော့ပါဘူး'



ရှဲ့တောင်းသည် သက်ပြင်းချလိုက်သည်။

'ရှမ်းတုံး ခင်ဗျား တော်တော် ဇွဲကောင်းတာပဲ'

ရှမ်းတုံးက

'ကျုပ်က သိုင်းရာဇာကို ကတိပေးခဲ့တယ်လေ၊ ခင်ဗျားကို မသုတ်သင်ရဘဲ အိမ်မပြန်ဘူးဆိုတာပေါ့'

'ဟား ဟား ဟား'

ရှဲ့တောင်း ဟားတိုက်ရယ်မောလိုက်လေသည်။

'ရှမ်းတုံး အရင်ကတော့ ခင်ဗျားတို့ကို ကျုပ် ရှောင်နေခဲ့ရတာ မှန်တယ်၊ အခုချိန်မှာတော့ ဘာမှ မှုစရာ မလိုတော့ပါဘူး၊ ခင်ဗျားတို့ ကျုပ်နောက်ကို လိုက်လာတာ အမှားကြီးမှားသွားပြီ'

ရှမ်းတုံးက

'အပိုတွေ ပြောမနေနဲ့၊ ခင်ဗျား သတိထားပါ'

လူအုပ်ကြီး ပါလာလျှင် အခြေအနေ ရှုပ်ထွေးသွားနိုင်ခြင်းကြောင့် ရှမ်းတုံးက အချိန်မဆွဲတော့ဘဲ လက်ဦးမှုယူကာ တိုက်ခိုက်လေတော့၏။

ရှဲ့တောင်းလည်း ပြန်လည် ရင်ဆိုင်လိုက်၏။

'ခွမ်း ခွမ်း ခွမ်း'

ကျွန်းတာ ဦးဆောင်သော ဓားလေးဖော်က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။ သူတို့ကပါ ဝင်တိုက်ခိုက်ရန် မဟုတ်ပါ။

တိုက်ပွဲအတွင်းသို့ လူအုပ်ကြီး ဝင်မရှုပ်နိုင်စေရန် ဟန့်တားထားကြသည့် သဘောဖြစ်ပါသည်။

လူသန်ကြီး ခေါင်းဆောင်သော ရွာသူရွာသားများမှာလည်း ရှမ်းတုံးတစ်ယောက်တည်းကိုပင် မယှဉ်နိုင်ဘဲ ဖြစ်ခဲ့ရပြီး တိုက်ပွဲထဲ

ဝင်မပါတော့ဘဲ နောက်ဆုတ်နေလိုက်ကြသည်။

ရှဲ့တောင်းက ရှမ်းတုံးတို့ လူစုအား ရင်ဆိုင် အနိုင်ပမ္ပနိုင်လိမ့်မည်ဟု ယုံကြည်ထားလိုက်ကြသည်။

ရှဲ့တောင်း၏ လက်ထဲ၌ ဓားတစ်လက် ရောက်ရှိလာပြီဖြစ်ပါသည်။

ဝင်းလက်တောက်ပြောင်နေသော ဓားရှည်သည် ရှဲ့တောင်း၏ လက်ထဲ၌ မြွေပောက်တစ်ကောင်ပမာ ရှိနေပါတော့သည်။

ရှဲ့တောင်းက ဓားကို ကျင်လည်စွာကိုင်ရင်း ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထား၏။ ရှမ်းတုံးကလည်း ထိပ်တန်းဓားသမားတစ်ယောက် ဖြစ်ပါသည်။

ဓားမြန်ရှမ်းတုံးဟူသောအမည်နှင့်လိုက်အောင်ပင် သူ၏ ဓားချက်များက လျှင်မြန်နေသည်။

'ဝှစ် ဝှစ်'

စူးရှသော လေတိုးသံများနှင့်အတူ ရှဲ့တောင်း၏ ဓားရိပ်များကို ထိုးဖောက်ကာ တိုးဝင်သွားလေသည်။

'ခြွမ်း ခြွမ်း'

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိလိုက်လေသည်။ ရှမ်းတုံး၏ ဓားသည် ရှဲ့တောင်း၏ ဓားကွက်များကို ကျော်ဖြတ်ပြီး ရှဲ့တောင်း၏ ရင်ဝကို ထောက်ထားလိုက်လေတော့သည်။

'ဟာ'

**ရှဲ့တောင်း လွှတ်ခနဲ အော်လိုက်လေသည်။**



'ခြွမ်း'

သူ၏ လက်ထဲမှ ဓားသည်လည်း မြေပေါ် လွတ်ကျသွားလေတော့သည်။

ရှမ်းတုံး ပြုံးလိုက်သည်။

'ရှဲ့တောင်း တစ်နှစ်အတွင်းမှာ ခင်ဗျားရဲ့ အတွင်းအား ပြန်မရနိုင်ဘူး၊ ဒီတစ်နှစ်အတွင်းမှာ ခင်ဗျားကို သုတ်သင်ပစ်တာ အကောင်းဆုံးပဲ၊ ဒါမှ မဟုတ်ပဲ တစ်နှစ်ကျော်လို့ ခင်ဗျားရဲ့ အတွင်းဒဏ်သက်သာသွားရင် သုတ်သင်ပစ်ဖို့ မလွယ်တော့ဘူးလို့ သိုင်းရာဇာက ပြောလိုက်တယ်၊ ဒါကြောင့် ကျုပ်က အချိန်မီ လိုက်ရှာခဲ့တာ၊ ခင်ဗျားဘာမှ မတတ်နိုင်တော့ပါဘူး'

ရှဲ့တောင်း ဒေါသထွက်သွားလေသည်။

'သိုင်းရာဇာကို ဘယ်တော့မှ မကျေဘူးဆိုတာ မှတ်ထားပါ'

ရှမ်းတုံး ရယ်မောလိုက်သည်။

'သိုင်းရာဇာက ခင်ဗျားကို သုတ်သင်ပစ်ဖို့ မှာလိုက်ပေမယ့် ကျုပ်က လက်ရဖမ်းခေါ်သွားဖို့ ဆုံးဖြတ်ထားပါတယ်ဗျာ'

သူက လက်ဝှေ့ယမ်း ပြလိုက်ရင် ကျန်းတတို့က ရှေ့တိုးလာကြလေသည်။

ထိုစဉ်

'ဦးလေး ရှဲ့တောင်း'

**ခေါ်သံ**များ ထွက်ပေါ်လာကာ ကောင်လေးသုံးယောက် **ပြေးလွှားရောက်ရှိ**လာကြသည်။

ရှမ်းစု၊ မင်းရီနှင့် ကျင်းဖုံးတို့ ရောက်လာကြပြီ ဖြစ်သည်။

ရှဲ့တောင်း ဝမ်းသာသွားလေသည်။

'မင်းတို့ ဘာလုပ်နေကြတာလဲ'

သူက အော်ပြောလိုက်လျှင် ကျင်းဖုံးတို့က ရှမ်းတုံးထံ ပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ကလေးငယ်များ ဖြစ်ကြသလို လက်နက်ကိုင်ဆောင်ထားခြင်း မရှိပါ။

ထို့ကြောင့် ရှမ်းတုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူတိုက်ခိုက်လိုက်လျှင် ထိုကောင်လေးသုံးယောက် ချက်ချင်းလဲကျသေဆုံးသွားကြလိမ့်မည် မဟုတ်ပါလား။

ရှမ်းတုံး ရုတ်တရက် မည်သို့ ပြုလုပ်ရမှန်းမသိ ဖြစ်သွား၏။

ကျင်းဖုံးတို့က အတင်းဝင်လာကြပြီး ရှမ်းတုံးအား တိုက်ခိုက်ကြသည်။

ရှမ်းတုံး အော်ငေါက်လိုက်လေ၏။

'ဟေ့ကောင်လေးတွေ သွားကြစမ်း'

သို့သော် ကျင်းဖုံးတို့သည် ရှဲ့တောင်းအား ကူညီလိုစိတ်ဖြင့် အတင်းဝင်လုံးကြလေသည်။

ရှမ်းတုံး မတတ်သာတော့ဘဲ နောက်ဆုတ်လိုက်ရလျှင် ရှဲ့တောင်း လွတ်မြောက်သွားလေတော့သည်။

'ဟား ဟား ဟား'

ရှဲ့တောင်း ဟားတိုက်ရယ်မောလိုက်သည်။

'တစ်ယောက်မှ မလွတ်စေနဲ့'

ဟုလည်း အော်ပြောလိုက်လေသည်။

အခြေအနေကြည့်နေသော လူသန်ကြီးတို့သည် ရှဲ့တောင်း အရေးနိမ့်သွားသောအခါ ထိတ်လန့်သွားကြပြီး ကျင်းဖုံးတို့ ပြေးဝင်



လာကြခြင်းကြောင့် ရှဲ့တောင်း လွတ်မြောက်သွားသည်ကို မြင်လျှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သူတို့ လက်ပိုက်ကြည့်နေလျှင် အပြစ်ဖြစ်တော့မည်ဟု တွေးကာ

'တိုက်ကြဟေ့'

ညာသံပေးကာ ရှမ်းတုံးတို့လူစုအား တိုက်ခိုက်လိုက်ကြလေတော့သည်။

ယခုတစ်ကြိမ် ရှမ်းတုံးတို့ လူစုသည် နောက်မဆုတ်တော့ဘဲ အတင်း ရှေ့တိုးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

ရှမ်းတုံး သက်ပြင်းချလိုက်သည်။

ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှဲ့တောင်းအား ဆုံးမနိုင်မည်မဟုတ်ကြောင်း နားလည်လိုက်သဖြင့် ကျန်းတတို့အား လက်ဝှေ့ယမ်းပြလိုက်လေသည်။

ကျန်းတတို့လည်း ဓားကိုယ်စီဖြင့် တိုက်ခိုက်လိုက်ကြလေသည်။ ယခုမှ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာတော့သည်။

'ဝုန်း'

'အမလေး'

'သေပါပြီဗျ'

လူသန်ကြီး အပါအဝင် ရွာသားလေးငါးယောက် ဒဏ်ရာရသွားကြလျှင် ဆက်၍ တိုက်ခိုက်ခြင်းမပြုဝံ့ကြတော့ဘဲ နောက်ဆုတ်ထွက်ပြေးသွားကြလေတော့သည်။

တိုက်ပွဲ ပြီးဆုံးသွားသောအခါ ရှဲ့တောင်းနှင့် ကျင်းဖုံးတို့

ကလေးသုံးယောက်သာ ကျန်ရစ်ခဲ့ကြလေတော့သည်။

ဒဏ်ရာရကာ လဲကျနေသော ရွာသား သုံးလေးယောက်က ညည်းတွားနေကြလေသည်။

ရှမ်းတုံး ပြုံးလိုက်သည်။

'ရှဲ့တောင်း ခင်ဗျား ဘာမှ မတတ်နိုင်တော့ပါဘူး'

ရှဲ့တောင်း သက်ပြင်းချလိုက်သည်။

'ခင်ဗျား မှားနေပြီ'

'ဩော် ကျုပ်က ဘာများ မှားနေတာလဲ၊ ပြောစမ်းပါဦး'

'ကျုပ်ကို အသက်ပေးကာကွယ်မယ့် လူသုံးယောက် ရှိနေသေးတယ်'

ရှမ်းတုံး မျက်မှောင်ကြုတ်လိုက်လေသည်။

ကျင်းဖုံးတို့အား ညွှန်ပြလိုက်၏။

'သူတို့ကို ပြောတာလား'

ရှဲ့တောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ရှမ်းတုံးစိတ်ပျက်သွားသည်။

'ဒီကောင်လေးတွေက ဘာများ နားလည်မှာလဲဗျာ'

ရှဲ့တောင်းက

'သူတို့ဟာ ကျုပ်နဲ့ အတူတူပဲ၊ ကျုပ်အသက်ရှင်ရင် သူတို့လည်း အသက်ရှင်လိမ့်မယ်၊ ကျုပ်သေရင် သူတို့လည်း သေသွားမှာပဲ'

ရှမ်းတုံးက ကျင်းဖုံးတို့အား ကြည့်လိုက်၏။ ကျင်းဖုံးတို့က မလှုပ်မယှက် ရှိနေ၏။



ရှဲ့တောင်းအတွက်အသက်အသေခံကြမည့် ဟန်ပန် ရှိနေကြပါတော့သည်။

ရှမ်းတုံး ခေါင်းခါယမ်းလိုက်သည်။

'ကောင်လေးတွေ မင်းတို့ ဘေးဖယ်လိုက်ကြစမ်း'

ကျင်းဖုံးတို့ မလှုပ်မယှက်ပင်။

'ဟေ့ ဘေးဖယ်လိုက်စမ်းလို့ ပြောနေတာ မကြားဘူးလားကွ'

ရှဲ့တောင်းက

'ကဲ ဟေ့ မင်းတို့အကြောင်း ပြလိုက်ကြစမ်း'

ကျင်းဖုံးတို့အား မြွက်ပေးလိုက်သည်။

ကျင်းဖုံးတို့မှာ ရှဲ့တောင်း၏ စကားကို မြေဝယ်မကျ နားထောင်နေသူများ ဖြစ်နေကြချေပြီ။

ချက်ချင်းပင် ရှေ့တိုးသွားလိုက်ကြလေသည်။

ရှမ်းတုံး စိတ်ပျက်သွား၏။

'ရှဲ့တောင်း ခင်ဗျားက ကောင်ဆိုးလေးတွေကို မွေးမြူထားတာကိုး'

သူက ကျန်းတတို့အား အမိန့်ပေးလိုက်သည်။

'မင်းတို့ လေးယောက်က ရှဲ့တောင်းကို မလွတ်စေနဲ့'

'ဟုတ်ကဲ့ ဆရာ'

ကျန်းတတို့သည် ရှဲ့တောင်းထံသို့ ချက်ချင်း ပြေးဝင်သွားကြလေသည်။

ရှဲ့တောင်းက ရှောင်ထွက်မသွားဘဲ ဓားရှည်ကို ဝှေ့ယမ်းကာ ပြန်လည်ရင်ဆိုင်လိုက်လေတော့သည်။

ရှဲ့တောင်းနှင့် ကျန်းတတို့ ဓားလေးဖော် ရင်ဆိုင်တိုက်ခိုက်နေ

ကြပြီဖြစ်သည်။

ရှမ်းတုံးက ကျင်းဖုံးတို့အား ငေါက်လိုက်၏။

'မင်းတို့ ဒုက္ခရောက်ချင်သလား၊ ရှဲ့တောင်းကို ဘာမှ အကာအကွယ်ပေးစရာ မလိုဘူးကွ'

ကျင်းဖုံးတို့က ဂရုမစိုက်ကြချေ။

'ဘေးဖယ်လိုက်စမ်း'

ထိုစဉ်

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာတော့သည်။ ရှမ်းတုံး ရင်ထိတ်သွားသည်။

ကျန်းတဦးဆောင်သော ဓားလေးဖော်မှာ ရှဲ့တောင်း၏ လက်ချက်မိကာ မြေပေါ် လဲကျသွားသည်ကို တွေ့လိုက်ရလေသည်။

'ဟာ'

ရှမ်းတုံး ထိတ်လန့်သွားလေသည်။

သူ သတိလွတ်သွားသည့် တဒင်္ဂအချိန်လေးမှာပင် ကျန်းတတို့ လေးယောက် လုပ်ကြံခံရလိုက်ပြီ မဟုတ်ပါလား။

'ဟား ဟား ဟား'

ရှဲ့တောင်းက တဟားဟား ရယ်မောနေလေသည်။

ရှဲ့တောင်းသည် အတွင်းဒဏ် ရရှိခြင်းကြောင့် သိုင်းပညာကို အပြည့်အဝ အသုံးမပြုနိုင်တော့ပါ။



ထိုသို့ သိုင်းအားလျော့ကျသွားချိန်၌ အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရမည်ဟု သိုင်းရာဇာက မှာကြားခဲ့လေသည်။

ရှဲ့တောင်းအတွင်းဒဏ်ရာ သက်သာ ပျောက်ကင်းသွားပြီး သိုင်းပညာ ပြန်လည် အသုံးပြုလာနိုင်လျှင် သုတ်သင်ရှင်းလင်း ပစ်ဖို့ မလွယ်တော့ကြောင်း သေသေချာချာ မှာကြားလိုက်သည်။

ယခု ရှဲ့တောင်း၏ လက်ချက်ဖြင့် ဓားလေးဖော် မရှုမလှ ခံလိုက်ရပြီ ဖြစ်လေသည်။

ရှဲ့တောင်း၏ အတွင်းဒဏ် သက်သာပျောက်ကင်းသွားပြီလော။

ရှဲ့တောင်းအား အမြန်ဆုံး သုတ်သင်ရှင်းလင်းပစ်နိုင်မှ ဖြစ်လိမ့်မည်ဟု သဘောပေါက်လိုက်ခြင်းကြောင့်

'ဘေးဖယ်လိုက်ကြစမ်း'

ကျင်းဖုံးတို့အား တွန်းဖယ်ပစ်လိုက်၏။

'ဝုန်း ဝုန်း'

ကျင်းဖုံးတို့မှာ အရှိန်ဖြင့် လွင့်စင်သွားကြ၏။

ရှမ်းတုံးသည် ရှဲ့တောင်းနှင့် ရင်ဆိုင်လိုက်သည်။

'ယား'

တောက်ပသော နေရောင်ခြည်အောက်တွင် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

ရှဲ့တောင်းနှင့် ရှမ်းတုံးတို့ ထိပ်တိုက် ရင်ဆိုင်နေကြပြီဖြစ်သည်။

ကျင်းဖုံး၊ မင်းရှီနှင့် ရှမ်းစုတို့ သုံးယောက်က မြေပေါ်မှ လူးလိမ့် ထလာကြသည်။

ရှဲ့တောင်းနှင့် ရှမ်းတုံးတို့၏ တိုက်ပွဲကို ကြည့်လိုက်ကြ၏။ ရှမ်းစုက

'ဒီလူဆိုးကြီးကို တို့ဆရာက အနိုင်ယူနိုင်မှာပဲကွ'

မင်းရီ ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ ဆရာ ဆုံးမပြလိမ့်မယ်'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်နိုင်ဘူး'

မင်းရီတို့ အံ့ဩသွားကြ၏။

'ဘာကြောင့်လဲကွ'

'ဆရာက အနိုင်ယူနိုင်မယ်ဆိုရင် ရှာသားတွေကို ခေါ်စရာ မလိုဘူး၊ ငါတို့ကိုလည်း ခေါ်စရာ မလိုဘူးပေါ့ကွာ'

ထိုအချိန်မှာပင်

'ခြွမ်း ခြွမ်း ခြွမ်း'

ခားခားချင်း ပြင်းထန်စွာ ထိတွေ့သော အသံများ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင်

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ရှဲ့တောင်းသည် အတွင်းဒဏ်ရာရကာ နောက်ဆုတ်သွားသည်ကို တွေ့လိုက်ရသည်။

'ဆရာ'

မင်းရီနှင့် ရှမ်းစုတို့ ထိတ်လန့်သွား၏။ ရှဲ့တောင်းထံသို့ ကပျာကယာ ပြေးသွားကာ ဖေးမလိုက်ကြသည်။



ကျင်းဖုံးကမူ ရှမ်းတုံးထံသို့ ပြေးဝင်ကာ တိုက်ခိုက်လိုက်လေတော့၏။

'မင်းဘာကြောင့် မိုက်မဲနေရတာလဲ'

ရှမ်းတုံးက တွန်းထုတ်လိုက်သည်။

'ဝုန်း'

ကျင်းဖုံး မြေပေါ် လဲကျသွားသည့်တိုင် ချက်ချင်း ပြန်လည်လူးလိမ့်ထကာ ရှမ်းတုံးထံသို့ ပြေးဝင်လိုက်ပြန်သည်။

ရှဲ့တောင်း၏ အော်ပြောသံ ထွက်ပေါ်လာ၏။

'မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲ၊ သွားပြီးတိုက်ခိုက်လိုက်ကြပါတော့လား'

မင်းရီနှင့် ရှမ်းစုတို့သည်လည်း ရှမ်းတုံးထံသို့ ပြေးလာကြတော့သည်။

ရှမ်းတုံးစိတ်ပျက်သွားလေသည်။

'ဒီကောင်ဆိုးလေးတွေကို လွှတ်ထားလို့ မဖြစ်တော့ဘူး'

ချက်ချင်းပင် ကျင်းဖုံးတို့ သုံးယောက်အား ခပ်နာနာလေး ရိုက်ချပစ်လိုက်သည်။

'အား'

'အမလေး'

မင်းရီနှင့် ရှမ်းစုတို့ မြေပေါ်လဲကျသွားကာ အော်ဟစ် ညည်းညူနေသည်။

ကျင်းဖုံးလည်း တစ်ကိုယ်လုံး နာကျင်သွားသည့်တိုင် ညည်းညူခြင်းမပြုဘဲ အံကြိတ်ခံလိုက်သည်။

ရှဲ့တောင်းသည် အခြေအနေ မဟန်မှန်း သိလျှင် ထွက်ပြေး

ရန် ဟန်ပြင်လိုက်လေသည်။

ရှမ်းတုံး မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျား ပြေးလို့ မရတော့ပါဘူး'

ချက်ချင်း မြေပေါ်ခြေဆောင့်ခုန်ကာ ရှဲ့တောင်းနောက်သို့ လိုက်သွားလေသည်။

'ဟူး'

ရှမ်းတုံးသည် ရိပ်ခနဲ ရွေ့လျားသွားပြီး ရှဲ့တောင်း၏ ရှေ့သို့ ရောက်ရှိသွားကာ လမ်းပိတ်ထားလိုက်လေတော့သည်။

ရှဲ့တောင်း၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ ထွက်ပြေး၍ မလွတ်တော့မှန်း သိ၍ မြေပေါ် ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။

'ကျုပ် ကျုပ်ကို ချမ်းသာပေးပါဗျာ'

ရှမ်းတုံးက

'သွေးဓား ခင်ဗျားဆက်ပြီး မိုက်မဲလို့ မရတော့ပါဘူး၊ ခင်ဗျားကို ချမ်းသာမပေးနိုင်တာ ဝမ်းနည်းပါတယ်ဗျာ'

စကားဆုံးလျှင် ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်၏။

'ယား'

ညာသံပေးသံ ထွက်ပေါ်လာကာ ကျင်းဖုံး ပြေးဝင်လာလေသည်။

ရှမ်းတုံး အာရုံပြောင်းသွားလေသည်။

'ဟေ့ကောင်လေး ဝင်မရှုပ်နဲ့'

ထိုတဒင်္ဂအချိန်လေးမှာပင် ရှဲ့တောင်းက လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။ ဒူးထောက်ရာမှ ခုန်ထကာ ရှမ်းတုံး၏ လက်ထဲ



မှ ဓားကို လုယူလိုက်ခြင်းဖြစ်သည်။

ရှမ်းတုံး အခက်ကြုံသွားလေသည်။

မင်းရီနှင့် ရှမ်းစုတို့လည်း ရောက်လာကြပြီး ရှမ်းတုံး၏ ခြေလက်များကို အတင်းဝိုင်းဆွဲလိုက်ကြ၏။

'ဟေ့ ဟေ့ ကောင်လေးတွေ'

ရှမ်းတုံးက အော်ငေါက်မောင်းထုတ်ရင်း ရှဲ့တောင်းအား လက်ဝါးဖြင့် ရိုက်ချရန် ကြိုးစားလိုက်လေသည်။

ရှဲ့တောင်းမှာ ရှမ်းတုံး၏ ဓားကိုင်သောလက်ကို ဖမ်းဆုပ်ကိုင်ထားပြီး လူချင်းအတင်းဝင်လုံးလိုက်၏။

'ဝုန်း'

နှစ်ယောက်သား လုံးထွေးကာ မြေပေါ် လဲကျသွား၏။

ကျင်းဖုံးတို့လည်း အတင်းဝင်လုံးကြလေသည်။

အမှန်တော့ ရှဲ့တောင်းအား ကျင်းဖုံးတို့ ကယ်တင်လိုက်ကြခြင်း ဖြစ်လေတော့သည်။

'အား'

ရှူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေတော့သည်။

✳ ✳ ✳

# အခန်း (၁၂)

## လှုစုံသော ဘုံကျောင်းပျက်

ရှမ်းတုံးနှင့် ဓားလေးဖော်သည် အတွင်းဒဏ် ရထားသော ရှဲ့တောင်းအား ကြိမ်းသေ ဆုံးမနိုင်ကြမည် ဖြစ်သည်။

ယခုတော့ အခြေအနေက ပြောင်းပြန်ဖြစ်သွားသည်။

ရှဲ့တောင်းက ဉာဏ်များသည့်အပြင် ကျင်းဖုံးတို့ ကလေးသုံးယောက်က နှောင့်ယှက်ခဲ့လေသောကြောင့် ရှမ်းတုံး မမျှော်လင့်သော အဖြစ်နှင့် ကြုံပြီး ဒုက္ခရောက်သွားလေတော့သည်။

ရှဲ့တောင်းကလည်း အခွင့်အရေးကို အသုံးချတတ်သည် ဖြစ်ရကား ရှမ်းတုံး ဒဏ်ရာရသွားတော့သည်။

'ဟား ဟား ဟား'

ရှဲ့တောင်း ဟားတိုက်ရယ်မောလိုက်လေ၏။

သူ၏ လက်ထဲ၌ ရှမ်းတုံး၏ ဓား ရောက်နေပြီဖြစ်သည်။

ရှမ်းတုံး၏ ရင်ဝတွင် နီရဲသော သွေးများ စွန်းထင်းပေကျံနေသည်။



ရှမ်းတုံး အံကြိတ်လိုက်သည်။

'သွေးဓား ခင်ဗျား တော်တော် ယုတ်မာတာပဲ၊ အရွယ်မရောက်သေးတဲ့ ကလေးတွေကို အသုံးချခဲ့တာပေါ့'

ရှဲ့တောင်းက

'သူတို့ဟာ ကျုပ်ရဲ့ တပည့်တွေပဲ၊ ဆရာရှိရင် တပည့်ရှိမယ်၊ ဆရာမရှိရင် တပည့်လည်း ရှိတော့မှာ မဟုတ်ဘူး၊ ဒါဟာ ကျုပ်တို့ရဲ့ စည်းလုံးညီညွတ်မှုပဲ'

ရှမ်းတုံး အံကြိတ်လိုက်သည်။

'ခင်ဗျားရဲ့ တပည့်တွေဟာ ခင်ဗျားနဲ့ တစ်စိတ်တစ်ဝမ်းထဲ ဆိုရင် သူတို့ကိုပါ ချမ်းသာမပေးသင့်တော့ဘူး၊ မြွေပွေးဟာ အကောင်ငယ်ပေမယ့် အဆိပ်ရှိတာပဲ'

ရှဲ့တောင်း တဟားဟား ရယ်မောလိုက်လေသည်။

'ရှမ်းတုံး ခုချိန်ထိအောင် ခင်ဗျား လေသံ မာကျောသေးပါလား၊ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်သေးတာပေါ့'

ဓားဖွေ့ယမ်းကာ တိုက်ခိုက်လိုက်လျှင် ရှမ်းတုံးကလည်း အစွမ်းကုန် ခုခံလိုက်၏။

သို့သော် လက်နက်မဲ့ဖြစ်နေသည့်အပြင် ဒဏ်ရာရထားသော ရှမ်းတုံးမှာ မည်သို့မျှ မယှဉ်နိုင်တော့ပါချေ။

'အား'

စူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

'ဟား ဟား ဟား'

ရှဲ့တောင်းက အောင်ပွဲခံကာ တဟားဟား ရယ်မောနေ၏။

ရှမ်းတုံးနှင့် တပည့်လေးယောက်အား သုတ်သင်ရှင်းလင်း

နိုင်ခဲ့ပြီ ဖြစ်သည်။

သူက ရှမ်းတုံးအား ယောက်ျားပီသစွာ ယှဉ်ပြိုင်အနိုင်ယူခဲ့သည်တော့ မဟုတ်ပါ။

ကောက်ကျစ်သော နည်းလမ်းဖြင့် အနိုင်ယူလိုက်ခြင်း ဖြစ်ပါသည်။

ကျင်းဖုံးက သေဆုံးသွားသော ရှမ်းတုံးကို ငေးကြည့်နေမိ၏။ သူ နားလည်မိသည်က လူတစ်ယောက် အသက်ရှင်နေဖို့ ခက်ခဲပြီး သေဆုံးသွားဖို့ လွယ်ကူသည်ဟူ၍ ဖြစ်ပေတော့သည်။

✳

'ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ'

ရှမ်းချီ၏ စကားသံ ထွက်ပေါ်လာ၏။

ထိုအခါမှ ကျင်းဖုံး သတိဝင်လာလေသည်။

ကျင်းဖုံးသည် ရှမ်းချီကို စိုက်ကြည့်လိုက်သည်။ သူသည် မိဘမဲ့ဖြစ်သလို ရှမ်းချီသည်လည်း မိဘမဲ့ ဖြစ်နေပေသည်။

သူ၏ မိဘများသည် သူ့ဌေးကြီးလီကျုံး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရပြီးနောက် သူသည် လောကငရဲကို ခံခဲ့ရသည်။

ရှမ်းချီ၏ ဖခင်သည် သွေးစား၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရပေသည်။

ရှမ်းချီနှင့်သူသည် ဘဝတူ ဖြစ်နေသည်။

ကျင်းဖုံးသည် သက်ပြင်းချကာ မေးလိုက်လေ၏။

'ခင်ဗျား သွေးစားနဲ့ ရင်ဆိုင်မယ် ဟုတ်လား'

ရှမ်းချီ ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ သူ့ကြောင့် ကျုပ်လို မိဘမဲ့ဖြစ်သွားခဲ့ရသူတွေ အများကြီးပဲ၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်မှ ဖြစ်မယ်'

ပြတ်သားသော လေသံဖြင့် ပြောလေသည်။

ကျင်းဖုံး ပင့်သက်ချလိုက်သည်။

'သွေးစားဆိုတဲ့လူက အတော်ဆိုးလားဗျာ'

'ဟွန့်'

ရှမ်းချီ နှာခေါင်းရှုံ့လိုက်ပြီးမှ

'ဆိုးတယ်မဆိုးဘူးဆိုတာ လူတိုင်းကို မေးကြည့်လို့ ရပါတယ်ဗျာ၊ သွေးစားဆိုတဲ့အမည်ကြားတာနဲ့ အားလုံး နှာခေါင်းရှုံ့ကြမှာပဲ၊ တကယ်လို့များ ဆရာကြီး သိုင်းရာဇာ ဝမ်းဟန်က ရင်မဆိုင်ခဲ့ဘူးဆိုရင် သွေးစားကြောင့် သိုင်းလောကတစ်ခုလုံး ပျက်စီးသွားမှာ သေချာတယ်'

ကျင်းဖုံး မျက်မှောင်ကြုတ်သွားသည်။

ရှမ်းချီကို အကဲခတ်ကြည့်လိုက်သည်။

'သိုင်းရာဇာဝမ်းဟန်နှင့် သွေးစား ရင်ဆိုင်တိုက်ခိုက်ခဲ့ကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ ဟိုးလေးတကြော်ဖြစ်ခဲ့တဲ့ကိစ္စပဲဗျ'

'ဘယ်သူနိုင်သွားသလဲ'

'သုံးရက်သုံးည ယှဉ်ပြိုင်ပြီးမှ ဆရာကြီးဝမ်းဟန် အနိုင်ရသွားတယ်၊ သွေးစားဟာ ရှုံးနိမ့်တာနဲ့ ထွက်ပြေးသွားတာပဲ၊ သွေးစားနောက်ကို သိုင်းလောကသားတွေ လိုက်ကြတာပေါ့၊ ကျုပ်အဖေနဲ့ သူ့မိတ်ဆွေတွေလည်း လိုက်သွားကြတယ်လေ၊ ဒါပေမယ့် သွေးစား သေသွားတယ်လို့ သတင်းမကြားရဘူး၊ သူ့နောက်ကို လိုက်သွားတဲ့လူတွေ

တစ်ယောက်မှ ပြန်ပေါ်မလာတော့ဘူး၊ ကျုပ်အဖေ ကံဆိုးသွားတာပေါ့ဗျာ'

ကျောင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြန်သည်။

ရှမ်းချီပြောသည့် သွေးစေးမှာ ရှဲ့တောင်းပင် မဟုတ်ပါလား။

သူသည် တဖြည်းဖြည်း နားလည်သဘောပေါက်လာပြီဖြစ်ပါသည်။

ရှဲ့တောင်းသည် သိုင်းလောကအား မွေနှောက် ဒုက္ခပေးခဲ့သော လူဆိုးကြီးတစ်ယောက် ဖြစ်နေချေပြီတကား။

သိုင်းရာဇာ ဝမ်းဟာန်အား သုတ်သင်ရှင်းလင်းပစ်ရန် သူ့အား ရှဲ့တောင်းက တာဝန်ပေးခဲ့၏။

သူက ရှဲ့တောင်း စေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ပြုလုပ်ရမည်လော။

ဘဝတစ်လျှောက်ဝယ် ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ နာကျည်းမှုများနှင့်သာ ကြုံတွေ့ခဲ့ရသည်။

မိဘမဲ့ဘဝသည် မည်မျှ နာကျည်းဖွယ် ကောင်းသည်ကို ကောင်းစွာ နားလည်းသဘောပေါက်သည့်အပြင် သူတစ်ပါးအပေါ် နိုင်ထက်စီးနင်း ပြုလုပ်သူများကို မုန်းတီးစက်ဆုပ်မိသည်။

ရှဲ့တောင်းသည် သူမုန်းတီးသည့် လူစားမျိုးတွင် ပါဝင်နေပြီဖြစ်ပါသည်။

သို့သော် ရှဲ့တောင်းသည် သူ့အား ဒုက္ခမပေးခဲ့ပါ။ သူ့အား သားအရင်းနှင့်မခြား ကျွေးမွေးစောင့်ရှောက်ကာ သိုင်းပညာ သင်ပေးခဲ့သည်။

ရှဲ့တောင်းအား တခြားသူများ မုန်းတီးစက်ဆုပ်ကြသော်



လည်း သူက မုန်းတီးနိုင်မည် မဟုတ်ပါ။

ရှမ်းချီအပေါ် ကိုယ်ချင်းစာမိသလို ရှဲ့တောင်းအပေါ်လည်း သစ္စာမဖောက်နိုင်ပါ။

ကျောင်းဖုံး ငေးငိုင်နေမိသည်။

ရှမ်းချီက ပြောလိုက်၏။

'မိတ်ဆွေ ကျုပ်တို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး သွားကြရအောင်'

ကျောင်းဖုံး သက်ပြင်းချလိုက်သည်။

'ကောင်းပြီ'

သူက လူထူးလူဆန်း ခုနစ်ယောက် ကျန်ခဲ့သည့် မြင်းများအနက် မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်သည်။

ရှမ်းချီက

'ကျုပ်နောက် လိုက်ခဲ့ပါ'

ပြောပြီး ရှေ့မှ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

ကျောင်းဖုံးလည်း နောက်မှ လိုက်သွားလေသည်။

အဘယ်ကြောင့် ရှမ်းချီနောက်သို့ လိုက်သွားမိသည်ကို သူကိုယ်တိုင် ဝေခွဲမရခဲ့ချေ။

ပျော်စရာတောင်ကြားမှ ထွက်လာခဲ့ပြီး မိုင်ငါးဆယ်ခန့် ခရီးနှင်ပြီးသောအခါ နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားလေသည်။

နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု လွှမ်းမိုးလာသည်။

လူနေအိမ်ခြေ ကင်းဝေးသည့် တောအုပ်တစ်ခုရှေ့သို့ ရှမ်းချီ

နှင့် ကျင်းဖုံးဘို့ ရောက်ရှိလာကြသည်။

ရှမ်းချီက မြင်းအရှိန်ကို လျှော့ချလိုက်သည်။

ကျင်းဖုံးနှင့် ရင်ဘောင်တန်းကာ စီးနင်းရင်း ပြောလိုက်၏။

'မိတ်ဆွေ ကျုပ်တို့ ဒီတောအုပ်ထဲမှာပဲ တစ်ည အနားယူကြရင် ကောင်းမယ်'

ကျင်းဖုံး သဘောတူလိုက်သည်။

'ကောင်းသားပဲ'

'လာဗျို့'

ရှမ်းချီက တောအုပ်အတွင်းသို့ မြင်းကို မောင်းနှင်သွားသည်။

သစ်ပင်ချုံနွယ်များကြားမှ ကွေ့ပတ်ကာ စီးနင်းသွားကြသည်။

မကြာမီ တောအုပ်အတွင်း၌ ဘုံကျောင်းပျက်တစ်ခုရှိနေသည်ကို တွေ့မြင်ကြရလေတော့သည်။

ရှမ်းချီ သဘောကျသွားသည်။

'အတော်ပဲ ကျုပ်တို့ ဒီဘုံကျောင်းပျက်မှာပဲ နားကြမယ်'

စကားဆုံးသည်နှင့် မြင်းပေါ်မှ ခုန်ဆင်းကာ ဘုံကျောင်းပျက်ထဲသို့ ဝင်သွားမိလေ၏။

ကျင်းဖုံးလည်း လိုက်သွားသည်။

ဘုံကျောင်းပျက်မှာ လူသူ စွန့်ပစ်သွားသည်မှာ ကြာပြီဖြစ်ကြောင်း သိနိုင်၏။

နံရံများ ကျိုးကျနေပြီး ခေါင်မိုးမှာ အပေါက်ကြီးများ ဖြစ်နေသည်။ အတွင်းဘက်၌ အလဲလဲအပြိုပြို ပျက်စီးနေသည့် နတ်ရုပ်တုများ ရှိနေသည်။



ဖုန်အလိမ်းလိမ်းတက်နေသလို ပိုးမျှင်အိမ်များဖြင့် ရှုပ်ပွနေသည်။

ရှမ်းချီက

'တောထဲမှာ အိပ်ရမှာထက်စာရင် ဘုံကျောင်းပျက်ထဲ အိပ်ရတာက တော်သေးတာပေါ့'

ပြောလိုက်သည်။

ပြီးလျှင် ကျင်းဖုံးဘက်လှည့်ကာ မေးလိုက်လေ၏။

'ခင်ဗျားက ဒီလို ဘုံကျောင်းပျက်ထဲမှာ အိပ်ဖူးသလား'

ကျင်းဖုံး ပြုံးလိုက်သည်။

'လမ်းဘေး ရေမြောင်းထဲမှာတောင် အိပ်ဖူးပါတယ်ဗျာ'

ရှမ်းချီ တအံ့တဩ ဖြစ်သွားလေသည်။

ကျင်းဖုံးက

'ကျုပ်က ခင်ဗျားထက် ဆိုးတယ်၊ ကျုပ်မိဘတွေဟာ ကျုပ်ရဲ့ မျက်စိရှေ့မှောက်မှာတင် သူများက သတ်ဖြတ်တာ ခံလိုက်ရတယ်၊ အဲဒီအချိန်ကစပြီး ကျုပ်ဟာ လမ်းပေါ်ရောက်ခဲ့ရတာပဲ'

ရှင်းပြလိုက်လေသည်။

ရှမ်းချီ၏ မျက်နှာတွင် ကိုယ်ချင်းစာနာသည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။ ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး

'အဲဒီအချိန်က ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ'

မေးလိုက်သည်။

'၈ နှစ်'

'ဟာ ခင်ဗျားက ကျုပ်ထက်စောပြီး ဒုက္ခရောက်ခဲ့ရတာကိုး'

ရှမ်းချီသည် ဘုံကျောင်းပျက်အတွင်း၌ ရှင်းလင်းကာ မီးပုံ

တစ်ခု ဖိုလိုက်သည်။

ထို့နောက် ကျောပိုးအိတ်ထဲမှ အရက်ဗူးနှင့် အသားခြောက်များ ထုတ်ယူလိုက်၏။

အသားခြောက်များကို မီးကင်လိုက်သည်။

မီးပုံမှ မီးရောင်ကြောင့် ဘုံကျောင်းပျက်အတွင်း၀ယ် လင်းလင်းရှင်းရှင်းဖြစ်လာသည်။

ရှမ်းချီနှင့် ကျင်းဖုံးတို့ မီးပုံနံဘေး၀ယ် မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

ရှမ်းချီက စောစောက စကားကို ပြန်ဆက်လိုက်သည်။

'ကျုပ်အသက် ၁၀ နှစ်သား ရောက်မှ ဖေဖေ အိမ်က ထွက်သွားတာ မှတ်မိပါသေးတယ်ဗျာ၊ ဆောင်း၀င်ခါနီးအချိန်မှာပေါ့၊ ကျုပ်အဖေဟာ ခရီးထွက်ဖို့ အထုပ်အပိုး ပြင်ဆင်နေတယ်၊ ကျုပ်တို့ မြေးအဘွားနှစ်ယောက်က သူ့ရဲ့ အခြေအနေကို စောင့်ကြည့်နေရုံပဲပေါ့၊ ဖေဖေဟာ အထုပ်အပိုး ပြင်ပြီးသွားချိန်မှာပဲ သူ့ရဲ့ မိတ်ဆွေတွေ ရောက်လာကြတယ်၊ ဖေဖေက ခါတိုင်းခရီးထွက်နေကျအတိုင်း ကျုပ်ကို ဖက်နမ်းပြီး မကြာခင် ပြန်လာမယ့်အကြောင်း၊ ကျုပ်အတွက် ကစားစရာတွေ ၀ယ်လာမယ့်အကြောင်းပြောပြီး အဘွားကို နှုတ်ဆက်တယ်၊ ပြီးတော့ သူ့ရဲ့ မိတ်ဆွေတွေနဲ့အတူ ထွက်သွားခဲ့တာပဲ'

သူ၏လေသံ တဖြည်းဖြည်း တိမ်၀င်သွား၏။

ငယ်စဉ်ဘ၀ကို ပြန်ပြောင်းမြင်ယောင်နေမိဟန် ရှိလေသည်၊

ကျင်းဖုံး ငြိမ်နေ၏။ ရှမ်းချီ မည်သို့ ခံစားရမည်ကို နားလည်သဘောပေါက်နေမိသည်။

သူလည်း သူ့မိဘနှစ်ပါး သူ့ရှေ့မှာပင် အသတ်ခံလိုက်ရ



သည် မဟုတ်ပါလား။

ရှမ်းချီက

'အဲဒီအချိန်ကစပြီး နှစ်ပေါင်းများစွာ ကြာတဲ့တိုင် ဖေဖေ ပြန်မရောက်လာနိုင်တော့ပါဘူး၊ ကျုပ်အရွယ်ရောက်လာမှ ဖေဖေ သေသွားလို့ အိမ်ပြန်မလာနိုင်တော့ဘူးဆိုတာ နားလည်လာရတယ်လေ'

ပြောပြီး ကျင်းဖုံးကို ကြည့်လိုက်သည်။

ကျင်းဖုံး ခေါင်းညိတ်ပြလိုက်သည်။

ရှမ်းချီက မီးပုံတွင် ကင်ထားသည့် အသားခြောက်များမှာ ကျက်သွားပြီဖြစ်၍ ကျင်းဖုံးကို လှမ်းပေးလိုက်လေသည်။

'စားလိုက်ပါဦးဗျာ'

ကျင်းဖုံး လှမ်းယူလိုက်၏။

'ကျေးဇူးပါပဲ'

သူတို့နှစ်ယောက် အသားခြောက်နှင့် အရက်ကို စားသောက်လိုက်ကြသည်။

သူတို့နှစ်ယောက်သည် တစ်ခဏတာ တွေ့ဆုံရသည့်အချိန်အတွင်း တစ်ယောက်နှင့်တစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်သွားကြသည်။

ရှဲ့တောင်းနှင့် ကျင်းဖုံးသည် အထီးကျန်ဘ၀ချင်း တူညီသလို မိမိဘ၀ အသက်ရှင်ရပ်တည်နေနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးကာ ရုန်းကန်နေကြရသည့်နေရာတွင် တူညီနေသည်။

ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် နားလည်လာကြပြီး တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်ရှိလာခဲ့ခြင်းဖြစ်ပေသည်။

ရှမ်းချီသည်လည်း မိဘမဲ့ အထီးကျန်တစ်ယောက်ဖြစ်သည်။

ကျင်းဖုံးက ရှမ်းချီအပေါ် မကျေနပ်သည့်စိတ်များ ကွယ်ပျောက်သွားပြီဖြစ်လေသည်။

မိဘမဲ့ဟူသော အကြောင်းတစ်ရပ်ဖြင့် ဘဝတူဟု ခံစားလာရသည်။

ရှမ်းချီအပေါ် ခင်မိခြင်းနှင့် ရှဲ့တောင်းအပေါ် သံယောဇဉ်ငြိတွယ်မိခြင်းကား တူညီနေမည် မဟုတ်ပါချေ။

ရှဲ့တောင်းထံမှ ရက်စက်ကြမ်းကြုတ်မှု၊ ရန်လိုမှု၊ အရာရာကို မကျေနပ်နိုင်မှု၊ စသည့် အေးစက်သော အငွေ့အသက်များ ခံစားခဲ့ရသည်။

ရှမ်းချီက

'ကျုပ် ခင်ဗျားကို စိတ်ဝင်စားမိတာ အမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားက ဘယ်သူဘယ်ဝါဆိုတာ ပြောမပြချင်ဘူးဆိုတော့လည်း မသိချင်တော့ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်အကြောင်း ပြောပြချင်သေးတယ်၊ ခင်ဗျား နားထောင်မလား'

ကျင်းဖုံး ပြုံးလိုက်သည်။

'ကောင်းသားပဲ'

'အင်း ကျုပ်အဖေ ပြန်မလာတော့ဘူးဆိုတာကို ကျုပ်အဘွားက ကြိုတင်ရိပ်မိခဲ့ပုံရတယ်၊ မေမေကလည်း ဘွားဘွားကို ကြိုတင်မှာကြားထားခဲ့ပုံရတယ်၊ ဘွားဘွားက ကျုပ်ကို ရှောင်လင်ကျောင်းကို ပို့ပြီး သိုင်းပညာ သင်စေခဲ့တယ်လေ'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'လက်စသတ်တော့ ခင်ဗျားက ရှောင်လင်ကျောင်းမှာ သိုင်းပညာသင်လာတာကိုး'



ရှမ်းချီက ပြော၏။

'အခြေခံသိုင်းပညာလောက်ပဲ သင်ရပါတယ်ဗျာ၊ ရှောင်လင်ကျောင်းကို ရောက်လာတဲ့ သိုင်းသမားကြီးတစ်ယောက်က ကျုပ်ကို သဘောကျလို့ ခေါ်သွားတယ်၊ သူ့ဆီမှာ ဆက်ပြီး သင်ခဲ့ရတယ်ဆိုပါတော့လေ'

ကျင်းဖုံး စိတ်ဝင်စားသွားလေသည်။

ရှမ်းချီမှာ သိုင်းပညာ မခေသည်ကို မျက်မြင်ကိုယ်တွေ့တွေ့မြင်ခဲ့ရဖူးသည် မဟုတ်လား။

ထို့ကြောင့်

'ခင်ဗျားကို ခေါ်သွားတဲ့ သိုင်းသမားကြီးက ဘယ်သူလဲဗျ'

မေးမိလေသည်။

ရှမ်းချီက

'ကျုပ်ဆရာဟာ သိုင်းရာဇာဝမ်းဟန်ဆိုသူပါဗျာ'

'ဗျာ'

ကျင်းဖုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရှမ်းချီကို တအံ့တသြ ကြည့်မိသည်။

ရှမ်းချီက ကျင်းဖုံး အမူအရာ ပျက်သွားသည်ကို သတိမပြုမိချေ။ ဆက်၍ ပြောပြနေသည်။

'ကျုပ်ရဲ့ ဆရာဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ သိုင်းသမားကြီးတစ်ယောက်ပါပဲ၊ နေမင်းသူရိန်ကျင့်စဉ်ကို တီထွင်ခဲ့တဲ့ သူရိယသိုင်းသမားနဲ့ ကျုပ်ဆရာရဲ့ ဆရာတောင်ပင်လယ်အဘိုးအိုတို့ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းသူတွေ ဖြစ်ခဲ့ကြပါတယ်၊ သူတို့နှစ်ယောက်ဟာ မိတ်ဆွေရင်းချာများ

လည်း ဖြစ်ခဲ့ကြပါတယ်'

ကျင်းဖုံးက

'ဒါဆို ခင်ဗျားဆရာဟာ သွေးခွားနဲ့ ရင်ဆိုင် တိုက်ခိုက်ခဲ့သူပေါ့'

'မှန်ပါတယ်ဗျာ'

ကျင်းဖုံး ခေါင်းငိုက်စိုက်ကျသွား၏။

ရှဲ့တောင်းက သုတ်သင်ရှင်းလင်းပစ်ခိုင်းလိုက်သူမှာ ရှမ်းချီ၏ ဆရာဖြစ်နေပြီ မဟုတ်ပါလား။

ရှမ်းချီက

'ကျုပ်အဖေကို သတ်သွားတဲ့ သွေးစားဟာ ကျုပ်ဆရာနဲ့ ရင်ဆိုင်ပြီး ရှုံးသွားလို့ ထွက်ပြေးပျောက်ကွယ်သွားတာပဲ၊ ကျုပ်က သူ့ကို လိုက်ရှာနေတာပေါ့၊ ကျုပ်အသက် သေချင်သေပါစေဗျာ၊ သွေးစားကို သုတ်သင်ရှင်းလင်းပစ်ဖို့ ကျုပ် ဆုံးဖြတ်ထားတယ်ဗျ'

သူသည် စကားပြောရင်း လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ကျင်းဖုံးက ရှမ်းချီကို ငေးကြည့်နေမိလေ၏။

ရှမ်းချီက မေးလိုက်သည်။

'မိတ်ဆွေက ကျုပ်ဆရာကို သိနေလို့လား'

ကျင်းဖုံး ခေါင်းယမ်းလိုက်သည်။

'မသိပါဘူးဗျာ'

ရှမ်းချီက ပြောလိုက်လေ၏။

'အင်း မိဘမဲ့ဘဝရဲ့ ဆိုးရွားခါးသီးပုံကို မိတ်ဆွေလည်း သိမှာပဲ၊ ကျုပ်က မိတ်ဆွေအတွက် ကိုယ်ချင်းစာပါတယ်၊ မိတ်ဆွေ



သိုင်းလောကထဲ ဆင်းလာတာဟာ အကြွေးဆပ်ဖို့ပဲ မဟုတ်လား'

အကြွေးဆိုသည့် စကားကို ကျင်းဖုံး သဘောကျသွားသည်။ ဦးခေါင်း တဆတ်ဆတ် ငြိမ့်လိုက်သည်။

'မှန်တာပေါ့၊ အကြွေးရှိမှတော့ ဆပ်ရမှာပေါ့'

'ကျုပ် ကူညီနိုင်ရင် ကူညီပါရစေလား'

ကျင်းဖုံး လက်ကာပြလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ကျုပ်ဘာသာ တာဝန်ယူလိုက်ပါ့မယ်ဗျာ'

'ကောင်းပြီလေ၊ ခင်ဗျားကိစ္စကို ဖြေရှင်းစရာရှိရင်လည်း အမြန်ဆုံး ဖြေရှင်းတော့ အချိန်ကြာနေမယ်ဆိုရင် ခင်ဗျာအကြွေးဆပ်လို့ မဖြစ် နိုင်ဘဲ နေဦးမယ်'

'ဘာဖြစ်လို့လဲဗျ'

'သိုင်းလောကသားတွေ ခင်ဗျားနောက်ကို လိုက်နေပြီဆိုတာ ခင်ဗျား မေ့နေပြီလားဗျ'

ကျင်းဖုံး မဲ့ပြုံးပြုံးကာ

'ကျုပ် မမှုပါဘူးဗျာ'

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရှမ်းချီက

'အင်းပေါ့ ကျုပ်လည်း အလျဉ်းသင့်ရင် ခင်ဗျားအတွက် ဖြေရှင်းပေးပါ့မယ်၊ ပျော်စရာတောင်ကြားက လူတွေဟာ ခင်ဗျား ဒုက္ခရောက်အောင် တမင်သက်သက် ချောက်တွန်းခဲ့တယ်ဆိုတာ ရှင်းပြလိုက်ရင် အထင်မှားတာတွေ ပျောက်သွားမှာပါ'

'ကျုပ်လက်ချက်ကြောင့် လူထူးလူဆန်း စုနှစ်ယောက် ဒုက္ခရောက်သွားပြီ၊ ဘယ်လိုပဲ ရှင်းပြပြရတော့မှာ မဟုတ်ဘူး'

ရှမ်းချီ ပြုံးလိုက်သည်။

'လူထူးလူဆန်းတွေအတွက် ထည့်မစဉ်းစားပါနဲ့ဗျာ၊ သူတို့ကို သိုင်းလောကသားတွေ သဘောကျတာ မဟုတ်ပါဘူး။ သူတို့အတွက် ဘာမှ မှုစရာ မလိုပါဘူး'

သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် အချိန်ကုန်မှန်းပင် မသိခဲ့ကြချေ။

အပြင်ဘက်တွင် အမှောင်ထု လွှမ်းခြုံသွားပြီဖြစ်၏။

လေငွေ့ယမ်းတိုက်ခတ်သံ၊ ပိုးကောင်မွှားကောင် အော်သံများ ထွက်ပေါ်နေ၏။

သဘာဝအလျောက် ထွက်ပေါ်နေသည့် အသံများ ကြားမှ ထူးခြားသော အသံများ ထွက်ပေါ်လာသည်။

ပြေးလွှားလာရာမှ ထွက်ပေါ်လာသည့် အဝတ်အစားများ၏ လေတိုးသံများ ဖြစ်သည်။

ထိုအသံကို ပထမဦးစွာ သတိထားမိလိုက်သူမှာ ကျင်းဖုံး ဖြစ်သည်။

ကျင်းဖုံး မျက်နှာတည်သွားသည်။

ရှမ်းချီကို စိုက်ကြည့်ရင်း ပြောလိုက်မိသည်။

'တစ်ယောက်ယောက်တော့ လာနေပြီဗျ'

ကျင်းဖုံး၏ စကားကြောင့် ရှမ်းချီက သတိပြု နားစွင့်လိုက်ခြင်းဖြစ်၏။

ချက်ချင်းဆိုသလို ပြေးလွှားနေသည့်အသံများကို သတိပြုမိသွားလေတော့သည်။

'လူနှစ်ယောက် လာနေတယ်ဗျ'



ကျင်းဖုံးက

'မျက်စိလည် လမ်းမှားလာတဲ့ ခရီးသည်တွေတော့ မဖြစ်နိုင်ဘူး၊ သူတို့ ပြေးလာတာ သိပ်ကို မြန်လွန်းတယ်၊ အဆင့်မြင့် သိုင်းသမားတွေပဲ ဖြစ်လိမ့်မယ်'

ဟုတ်တယ်၊ ကျုပ်တို့ဆီက မီးရောင်ကို တွေ့သွားပြီ ထင်တယ်၊ ကဲ မိတ်ဆွေ နတ်ရုပ်တွေ နောက်မှာ ခင်ဗျားသွားပြီး ပုန်းနေလိုက်ပါ၊ ကျုပ် ကြည့်ပြီး ဖြေရှင်းလိုက်မယ်'

ကျင်းဖုံးမှာ ပျော်စရာတောင်ကြားမှ ယို့စွမ်း၏ ချောက်တွင်းမှ ခံနေရပြီဖြစ်၍ သိုင်းလောကသားများနှင့် မတွေ့အောင် ရှောင်နေရန် ပြောလိုက်ခြင်းဖြစ်သည်။

ကျင်းဖုံး ခေါင်းယမ်းလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က တစ်လျှောက်လုံး ရှောင်ပုန်းနေရတာကို စိတ်ကုန်လှပါပြီ၊ လာမယ့်ဘေး ပြေးတွေ့ဖို့ အချိန်ရောက်နေပါပြီဗျာ'

ရှမ်းချီ သက်ပြင်းချလိုက်၏။

'ကဲ မိတ်ဆွေ ဒီတစ်ခါတော့ ခင်ဗျားနာမည် ပြောထားဖို့ လိုပြီ ထင်တယ်'

ကျင်းဖုံး ပြုံးပြလိုက်သည်။

'ကျုပ် နာမည် ကျင်းဖုံးလို့ ခေါ်ပါတယ်'

'ကျင်းဖုံး'

ရှမ်းချီက သံယောင်လိုက်ကာ ရေရွတ်လိုက်၏။

ထိုစဉ်

'ဘုံကျောင်းပျက်ထဲက မီးရောင်တွေ့ရတယ်ဟော့ လူရှိလိမ့်

မယ်'

'ဟုတ်တယ် တို့ဝင်ကြည့်ရအောင်'

အပြင်ဘက်မှာ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မရှေးမနှောင်းမှာပင် ပျက်စီးနေသော နံရံကြားမှ လူနှစ်ယောက် ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'ဟင် စမ်းယုနဲ့ ရီကျင်းပါလား'

ကျင်းဖုံး လွှတ်ခနဲ ရေရွတ်လိုက်လေတော့သည်။

ရှမ်းချီက မေးလိုက်လေ၏။

'ခင်ဗျား သူတို့ကို သိလို့လား'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်၏။

'ကျုပ် မသိဘူး'

ရှမ်းချီ ပခုံးတွန့်လိုက်သည်။

ကျင်းဖုံးမှာ ထူးခြားသူတစ်ယောက်ဖြစ်ကြောင်း သူ နားလည်သဘောပေါက်ထားပြီးပြီ မဟုတ်ပါလား။

ဘုံကျောင်းပျက်အတွင်း လှမ်းဝင်လာသူ နှစ်ယောက်မှာ လျှပ်စီးစမ်းယုနှင့် မုန်တိုင်းရီကျင်းတို့ ဖြစ်ကြပေသည်။

သူတို့နှစ်ယောက်ကို ကျင်းဖုံးက သိထားသော်လည်း သူတို့က မူ ကျင်းဖုံးကို မသိကြချေ။

စမ်းယုသည် ဘုံကျောင်းပျက်အတွင်း ရောက်လာသည်နှင့် စကားစပြောလေ၏။

'မွေးလှချည်လားကွ အသားကင်အနံ့ပဲ'

ရီကျင်းကလည်း ထောက်ခံလိုက်သည်။



'ဟုတ်တယ်၊ အရက်ကောင်းကောင်းလဲ ရှိပုံရတယ်'

သူတို့နှစ်ယောက်သည် မီးပုံအနီး၌ ထိုင်နေသည့် ကျင်းဖုံးနှင့် ရှမ်းချီတို့အား လှမ်းကြည့်လိုက်ကြသည်။

စမ်းယုက ရှေ့သို့ လှမ်းလာပြီး မေးလာလေ၏။

'ကျုပ်တို့ ဒီဘုံကျောင်းပျက်ထဲမှာ တစ်ည နားခိုမယ်ဆိုရင် မင်းတို့ ကန့်ကွက်စရာ အကြောင်းမရှိပါဘူးနော်'

ရှမ်းချီ ခေါင်းညိတ်လိုက်သည်။

'မရှိပါဘူး၊ ဒီဘုံကျောင်းပျက်ကို ကျုပ်တို့ ပိုင်တာမှ မဟုတ်ဘဲ'

စမ်းယု ကျေနပ်သွားသည်။

'မဆိုးဘူးဟေ့၊ မင်းတို့ နားလည်တတ်ကြသားပဲကွ'

ရှေ့သို့ ဆက်၍ လှမ်းလာပြီး မီးပုံဘေး၌ ထိုင်ချလိုက်သည်။

ရီကျင်းကလည်း လိုက်ပါလာပြီး ထိုင်ချလိုက်သည်။ စမ်းယုနှင့်ရီကျင်းတို့ကို တွေ့လိုက်ရခြင်းကြောင့် ကျင်းဖုံး သတိထားနေလိုက်သည်။

စမ်းယုတို့သည် သိုင်းလောက၌ ထင်ရှားကျော်ကြားနေသည့် သိုင်းသမားကြီးများ ဖြစ်နေသည် မဟုတ်ပါလား။

စမ်းယုနှင့် ရီကျင်းတို့သည် မီးပုံဘေး၌ ထိုင်ပြီးသည်နှင့် ကျင်းဖုံးတို့အား ဂရုမစိုက်တော့ဘဲ သူတို့ ပြောချင်ရာပြောဆိုနေကြပေတော့သည်။

စမ်းယုက စကားစပြောလေ၏။

'သိုင်းလောကကြီးက လှုပ်လှုပ်ရှားရှား ဖြစ်လာပြီ၊ ကောက်ကျင်းနယ်စားကြီး လုပ်ကြံခံလိုက်ရတာ နှစ်နှာတယ်၊ နေမင်းသူရိန်

ကျင့်စဉ်ကို လိုချင်တဲ့ သိုင်းသမားတွေ အကွက်ဆိုက် သွားတာပေါ့'

ထိုစကားကြားသောအခါ ရီကျင်းဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

'ဟား ဟား ဟား မိတ်ဆွေကြီးက ပြောတတ်ပါပေရဲ့ဗျာ၊ နေမင်းသူရိန်ကျင့်စဉ်ကို ရရင် သိုင်းလောကမှာ လက်မထောင်နိုင်မယ်ဆိုတော့ ဘယ်သူမဆို လိုချင်ကြတာပေါ့ဗျာ၊ မိတ်ဆွေကြီးကော မလိုချင်ဘူးလား'

စမ်းယုလည်း ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား ဘယ့်နှယ့် ပြောလိုက်ပါလိမ့်ဗျာ၊ နေမင်းသူရိန် ကျင့်စဉ်ကို လိုချင်တဲ့လူ ဘယ်နှစ်ယောက်များ ရှိနေလို့လဲ ခက်တာက ဘယ်မှာ ရှာရမှန်း မသိတာပဲ'

'နယ်စားကြီးကို လုပ်ကြံလိုက်တဲ့ မရဏာဓားပဲ ရသွားမှာပေါ့၊ မရဏာဓားနဲ့ တွေ့ရင် ပေါ်စွပြတ်ပြီပဲ'

စမ်းယုခေါင်းယမ်းလိုက်သည်။

'မဟုတ်သေးဘူး။ မရဏာဓားက နေမင်းသူရိန်ကျင့်စဉ်ကို ရသွားရင် သခင်မလေးဆင့်ဆင့်ကို ခြိမ်းခြောက်နေစရာ မလိုတော့ဘူး'

'သခင်မလေး ဆင့်ဆင့် လိမ်ပြောတယ်ဆိုရင်ကောဗျာ'

ရီကျင်း၏ စကားကြောင့် စမ်းယု မျက်မှောင်ကြုတ်သွားလေသည်။

'သူက လိမ်ပြောပါ့မလားဗျ'

'ဘယ်သူသိနိုင်မှာလဲ၊ ကျုပ်စိတ်ထဲမှာတော့ ဘယ်သူ့ကိုမှ ယုံကြည်လို့ မရဘူးလို့ သဘောထားတယ်'

စမ်းယု ခေါင်းကုတ်လိုက်သည်။



'အခြေအနေ အတော်အရှုပ်အထွေးနေပြီး ဘယ်သူ့စကားကို ယုံရမှန်း မသိတော့ဘူး၊ အကောင်းဆုံးကတော့ နယ်စားဂေဟာကို သွားပြီး အခြေအနေ ကြည့်တာပဲ ကောင်းမယ်'

'သေချာတာပေါ့ဗျာ၊ အဲဒီကို သိုင်းလောကသားတွေ အများအပြား ရောက်လာကြမှာ ထူးခြားမှုတစ်ခု မဟုတ်တစ်ခု သိရမှာပဲ'

သူတို့နှစ်ယောက် ပြောဆိုနေသည့် စကားများကို နားစွင့်ရင်း ကျင်းဖုံးနှင့် ရှမ်းချီတို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

စမ်းယုက မေးလိုက်သည်။

'တကယ်လို့များ ကျုပ်တို့ လက်ထဲ နေမင်းသူရိန်ကျင့်စဉ် ရောက်လာခဲ့ရင် ဘာလုပ်မလဲ'

ရီကျင်း ပြုံးလိုက်သည်။

'လွယ်ပါတယ်ဗျာ၊ နယ်စားကြီးက ဖျက်ဆီးဖို့ စိတ်ကူးခဲ့တာပဲ ကျုပ်တို့လည်း ဖျက်ဆီးပစ်လိုက်ရုံပေါ့ဗျာ'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

သူတို့နှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြသည်။

ကျင်းဖုံးနှင့် ရှမ်းချီတို့ မျက်နှာ တည်သွားကြ၏။

စမ်းယုသည် သဘောကျစွာ ရယ်မောပြီးနောက် ကျင်းဖုံးတို့ဘက်လှည့်ကာ

"မင်းတို့ကော သိုင်းလောကအကြောင်း စိတ်မဝင်စားဘူးလား'

မေးလာလေတော့သည်။

ရှမ်းချီ ခေါင်းညိတ်လိုက်သည်။

'စိတ်ဝင်စားပါတယ်ဗျာ'

သူ၏ စကားကြောင့် ကျင်းဖုံး စိတ်ပျက်သွားလေတော့သည်။

အမှန်ဆိုလျှင် သိုင်းလောကအကြောင်း စိတ်မဝင်စားပါဟု ငြင်းပယ်လိုက်ရုံဖြင့် ကိစ္စပြီးပြတ်သွားမည်ဖြစ်သည်။

ရှေ့ဆက်ပြောဆိုနေစရာ အကြောင်းမရှိတော့ချေ။

ယခုမှ ရှမ်းချီ၏ စကားကြောင့် စမ်းယုက ရှေ့ဆက်ပြောလာလေတော့သည်။

'ဒါဖြင့် နေမင်းသူရိန်သိုင်းကျင့်စဉ်အကြောင်း ကြားဖူးမှာပေါ့'

ရှမ်းချီ ခေါင်းညိတ်လိုက်သည်။

'ကြားဖူးပါတယ်'

'ကောင်းပြီ သိုင်းလောကသားတိုင်း စိတ်ဝင်စားနေကြတဲ့ နေမင်းသူရိန် သိုင်းကျင့်စဉ်က မင်းလက်ထဲ ရောက်လာမယ်ဆိုရင် မင်း ဘာလုပ်မလဲ'

'လွှယ်ပါတယ် ဖျက်ဆီးပစ်လိုက်မှာပေါ့'

ရှမ်းချီက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

စမ်းယု ပခုံးတွန့်လိုက်သည်။

'ဘယ်ဆိုးလို့လဲ ငါတို့ကို အားကျသွားပြီ ထင်တယ်'

'ဟုတ်ပါတယ်ဗျာ၊ ဦးတို့ဟာ သိုင်းလောကရဲ့ အထင်ကရ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြတာကြောင့် အတုယူရမယ်လို့ ဆရာက ပြောထားပါတယ်'

'ဟော'

စမ်းယုနှင့် ရီကျင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။



ရီကျင်းက

'မင်း ဆရာ ဘယ်သူလဲ'

မေးလေသည်။

ရှမ်းချီက ပြောလိုက်သည်။

'သိုင်းရာဇာ ဝမ်းဟန်ပါ'

'ဟာ'

'ဟင်'

စမ်းယုနှင့် ရီကျင်းတို့ အာမေဋိတ်သံများ ထွက်ပေါ်လာလေတော့သည်။

သူတို့သည် ရှမ်းချီအား မယုံကြည်နိုင်စွာ ကြည့်လိုက်ကြလေသည်။

ရှမ်းချီက ပြောလေ၏။

'ဆရာက ဦးတို့နှစ်ယောက်အကြောင်း မကြာခဏ ပြောပြခဲ့ဖူးပါတယ်ခင်ဗျာ'

စမ်းယုက ပြော၏။

'မင်းက ငါတို့ကို သိနေလို့လား'

'ဟုတ်ကဲ့ သိပါတယ်၊ ဦးဟာ လျှပ်စီးစမ်းယု မဟုတ်လား'

တစ်ဖန် ရီကျင်းဘက်လှည့်ကာ

'ဦးကတော့ မုန်တိုင်းရီကျင်းဖြစ်ပါတယ်၊ ကျွန်တော် ရှမ်းချီက ဦးတို့ကို ဂါရဝပြုပါတယ်'

ပြောပြောဆိုဆို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်အရိုအသေပြုလိုက်၏။

ရီကျင်းနှင့် စမ်းယုတို့ သဘောကျသွား၏။

ရိုကျင်း ဦးခေါင်းတစ်ဆတ်ဆတ်ညိတ်ကာ

'ဝမ်းဟာန်ရဲ့ တပည့်က အတော့်ကို လိမ္မာရေးခြားရှိတာပဲ၊ ဒီလို တပည့်မျိုး မွေးရကျိုးနပ်ပေတယ်၊ ဒါထက် မင်းဆရာကော'

'ကျွန်တော် ဆရာ့ဆီက ထွက်လာတာ နှစ်နှစ်လောက် ရှိပါပြီ၊ ဆရာနဲ့ အဆက်အသွယ် ပြတ်နေပါတယ်ခင်ဗျာ'

'မင်း ဆရာသိုင်းလောကထဲ ဆင်းလာတယ်ဆိုတာ မင်း မသိဘူးလား'

ရှမ်းချီ ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် မသိသေးပါဘူးခင်ဗျာ'

'ဒါဆို သိုင်းလောကမှာ မရဏာဓေးဆိုတဲ့ လူတစ်ယောက် ထွက်ပေါ်လာတယ်ဆိုတာကော သိလား'

'ဒါတော့ ကြားမိပါတယ်'

'အင်း မင်းဆရာက မရဏာဓားကို ဆုံးမဖို့ သိုင်းလောကထဲ ဆင်းလာတာကွ'

ရှမ်းချီ ပြုံးလိုက်သည်။

'မရဏာဓားဟာ အတော်ဆိုးလို့ နေပါလိမ့်မယ်'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

စမ်းယုနှင့် ရိကျင်းတို့သည် ရှမ်းချီ၏ စကားကို သဘောကျသွားပြီး ပြိုင်တူရယ်မောလိုက်ကြလေသည်။

စမ်းယုက ပြောလိုက်၏။

'ဆိုးတာကတော့ မပြောနဲ့ နယ်စားကြီးကိုတောင် လုပ်ကြံ့တယ်ဆိုတော့ သိုင်းပညာလည်း ခေမှာ မဟုတ်ဘူး။ ငါတို့ သူ့ကို တွေ့ချင်နေတာ၊ မင်းဆရာကလည်း သူ့ကို လိုက်ရှာနေလောက်ရောပေါ့'

ထိုစဉ်

ရိကျင်းသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်

'ဟာ စကားပြောလို့ ကောင်းနေတာနဲ့ မေ့နေလိုက်တာ၊ သူတို့ကို သွားခေါ်လိုက်ဦးမယ်'

သူသည် ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်၏။

စမ်းယုခေါင်းညိတ်လိုက်သည်။

'ဟုတ်သားပဲ၊ မြန်မြန်သွားခေါ်လိုက်ပါကွာ'

'ကောင်းပြီ'

စကားဆုံးလျှင် ရိကျင်းခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် အပြင်ဘက် ရောက်ရှိသွားတော့သည်။

ရိကျင်းက မည်သူ့အား သွားခေါ်သည်ဆိုခြင်းကို ကျင်းဖုံးနှင့် ရှမ်းချီ မသိပါချေ။

ထို့ကြောင့် ငြိမ်သက်စွာဖြင့် အခြေအနေ စောင့်ကြည့်နေလိုက်ကြသည်။

မကြာမီ

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

လူတစ်စု ဘုံကျောင်းပျက်ရှေ့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကျင်းဖုံး သိလိုက်သည်။

စမ်းယု ပြုံးလိုက်သည်။

ထိုင်ရာမှ ထရပ်ကာ

'မင်းကို နယ်စားကြီးသမီး ဆင့်ဆင့်နဲ့ မိတ်ဆက်ပေးဦးမယ်'

ရှမ်းချီအား ပြောလိုက်သည်။

ရှမ်းချီက ကျင်းဖုံးကို လှမ်းကြည့်လိုက်၏။

သခင်မလေးဆင့်ဆင့်ဟု အမည်ကို ကြားလျှင် ကျင်းဖုံး အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။

ဘုံကျောင်းပျက်အတွင်း စည်စည်ကားကား ဖြစ်လာသည်။

သခင်မလေးဆင့်ဆင့်တို့ လူစု ရောက်ရှိလာပြီဖြစ်ပါသည်။

ဆင့်ဆင့်အား အဘိုးအိုလုထိန်နှင့် သိုင်းသမား ဆယ်ယောက် စောင့်ရှောက်ပြီး ခေါ်ဆောင်လာသည်။

ဆင့်ဆင့်သည် ဘုံကျောင်းပျက်အတွင်း ရောက်ရှိလာသည်နှင့် ဘုံကျောင်းထောင့်တွင် ကျောက်ရုပ်ပမာ မလှုပ်မယှက် နေသည့် ကျင်းဖုံးအား တွေ့မြင်မှတ်မိသွားလေတော့သည်။

'ဟင် ရှင် ရှင်'

ကျင်းဖုံးက သူမအား မမြင်ချင်ယောင် ဆောင်ကာ မီးပုံအား ငွေ့ ကြွေမပျက် ထိုင်နေသည်။

ဆင့်ဆင့်သည် တစ်ချိန်က ဝံပုလွေဖြူကြီးများ၏ အန္တရာယ် ကြောင့် ဒုက္ခရောက်နေစဉ် သူ့ထံ ပြေးလာပြီး အကူအညီတောင်းခဲ့ဖူး သည်။

သို့သော် သူက မသိချင်ဟန်ဆောင်ကာ လက်ပိုက်ကြည့် နေခဲ့ဖူးပေသည်။

ဝံပုလွေအန္တရာယ် ရှင်းသွားသည့်အခါ၌လည်း သူမအား ထားပစ်ခဲ့ပြီး ထွက်လာခဲ့ဖူးသည် မဟုတ်ပါလား။

စမ်းယုက မေးလိုက်လေ၏။



'သခင်မလေးက သူ့ကို သိလို့လား'

ကျင်းဖုံးက မသိချင်ဟန်ဆောင်နေသည်ကို တွေ့ရသဖြင့် ဆင့်ဆင့်မျက်နှာနီရဲသွားသည်။

စမ်းယုမေးသည့်အခါ ခေါင်းခါပြလိုက်သည်။

လုထိန်က ဝင်ရှင်းပြလိုက်သည်။

'သူက လမ်းမှာ ခြေလျှင်လျှောက်သွားနေတာတွေ့လို့ သခင်မလေးက သနားပြီး မြင်းတစ်ကောင်ပေးခိုင်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူက လက်မခံခဲ့ဘူး'

အကူအညီလက်မခံသည့် စကားကြားရလျှင် စမ်းယု သဘောကျစွာ ပြုံးလိုက်လေသည်။

ကျင်းဖုံးကို တစ်ချက် လှမ်းကြည့်ပြီးမှ ရှမ်းချီကို ကြည့်လိုက် သည်။

ရှမ်းချီက သူ၏ အကြည့်ကို နားလည်သဘောပေါက်ဟန်ဖြင့် ပြောလိုက်သည်။

'သူက ကျွန်တော့်မိတ်ဆွေ ကျင်းဖုံးပါ'

ထိုအချိန်တွင် ဆင့်ဆင့်သည် မီးပုံအားဝယ် ထိုင်ချလိုက်ပြီ ဖြစ်သည်။

လုထိန်က ကျင်းဖုံးကို မကျေမနပ်တစ်ချက်ကြည့်လိုက် သည်။

ထို့နောက် သူ၏ လူအချို့ကို ဘုံကျောင်းအပြင်ဘက်ဝယ် စောင့်ကြပ်ရန် နေရာချပေးလိုက်သည်။ အချို့ကို သယ်ဆောင်လာသည့် စားသောက်ဖွယ်ရာများ ယူခိုင်းလိုက်၏။

ဘုံကျောင်းပျက်အတွင်း၌ စိုစိုပြည်ပြည် ဖြစ်လာသည်။

ဆင့်ဆင့်တို့ လူစုနှင့်အတူ ချန်းစန်း လိုက်ပါလာခြင်း မရှိသဖြင့် ကျင်းဖုံး အနည်းငယ် စိတ်သက်သာရာရသွား၏။

သို့မဟုတ်လျှင် ချန်းစန်းကြောင့် ကျန်လူများနှင့် ရင်ဆိုင်ရဦးမည် ဖြစ်သည်။

ယခုအချိန်၌ သူ၏ စိတ်များ ရှုပ်ထွေးနေ၏။

ရှဲ့တောင်းစေခိုင်းသည့်အတိုင်း ပြုလုပ်ရမည်လော။

သို့တည်းမဟုတ် ငြင်းပယ်ရမည်လော။

သိုင်းရာဇာဝမ်းဟန်သည် လူကောင်းတစ်ယောက်ဖြစ်ပြီး ရှဲ့တောင်းမှာကား သွေးဓားအမည်ခံကာ သိုင်းလောကကို မွှေနှောက်ဖျက်ဆီးနေသူ ဖြစ်မှန်း သိရှိထားပြီး ဖြစ်သည်။

ရှဲ့တောင်းမှာ ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်မှန်း သူကိုယ်တွေ့ပင်။

ကျင်းဖုံးတွေးတောစဉ်းစားနေစဉ် သခင်မလေးဆင့်ဆင့်တို့ လူစုသည် မီးပုံဘေးဝယ် အိပ်ယာလိပ်များ ခင်းကျင်းကာ အိပ်စက်အနားယူရန် ပြင်ဆင်နေကြပြီဖြစ်သည်။

လုထိန်က ရိုသေလေးစားစွာ ပြောလိုက်သည်။

'သခင်မလေး အေးအေးဆေးဆေး အနားယူပါ၊ ကျုပ်ကိုယ်တိုင် အပြင်မှာ သွားပြီး စောင့်ကြပ်နေပေးပါ့မယ်'

ထို့နောက် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

စမ်းယုက ဟန့်တားလိုက်သည်။

'မိတ်ဆွေကြီး နေပါဦးဗျာ'

လုထိန်က လှည့်ကြည့်လာသည်။

စမ်းယုက



'သခင်မလေးကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့မှာလည်း တာဝန်ရှိပါတယ်ဗျာ၊ ဒါကြောင့် ကျုပ်တို့ပဲ သွားစောင့်ပေးပါ့မယ်'

လုထိန် ခေါင်းခါယမ်းလိုက်၏။

'ဟာ မဟုတ်တာပဲဗျာ၊ ခင်ဗျားတို့ကို ဒုက္ခပေးလို ဖြစ်နေပါဦးမယ်'

စမ်းယု ခေါင်းခါယမ်းလိုက်သည်။

'သခင်မလေးရဲ့ ဖခင်နဲ့ ကျုပ်တို့ဟာ ရင်းနှီးသူတွေပါ၊ ဒါကြောင့် သခင်မလေးကို စောင့်ရှောက်ဖို့ ကျုပ်တို့မှာ တာဝန်ရှိပါတယ်၊ သည်အတွက်နဲ့တော့ ကျုပ်တို့အဖို့ အပမ်းမကြီးပါဘူး'

စကားဆုံးလျှင် ထရပ်လိုက်၏။ ရှီကျင်းကလည်း ဝင်ပြောလာသည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့မှာ သခင်မလေးကို စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်၊ ကျုပ်တို့အတွက် ဘာမှ ပူမနေပါနဲ့ဗျာ'

စကားဆုံးလျှင် သူတို့က ဘုံကျောင်းထဲမှ ထွက်သွားကြလေတော့သည်။

လုထိန် သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက် သူက ရှမ်းချီနှင့် ကျင်းဖုံးတို့အား အကဲခတ်ကြည့်လိုက်သည်။

ဘုံကျောင်းပျက်ထဲဝယ် ရှမ်းချီနှင့် ကျင်းဖုံးတို့မှာ မျက်စိဒေါက်ထောက်ကြည့်စရာ လူများ ဖြစ်လာလေသည်။

စမ်းယုက သူတို့အား မိတ်ဆက်ပေးဖို့ မေ့သွားသည်ဟု ရှမ်းချီ တွေးလိုက်မိသည်။

မိန်းမသားဟူ၍ သခင်မလေး ဆင့်ဆင့် တစ်ယောက်သာ

ရှိသော ဘုံကျောင်းထဲ၌ သူတို့ ဆက်ပြီး မနေသင့်ဟု ရှမ်းချီ တွေးလိုက်မိ၏။

ထို့ကြောင့်

'ကဲ ကျင်းဖုံး ကျုပ်တို့လည်း သွားကြရင် ကောင်းမယ် ထင်တယ်'

သူက ကျင်းဖုံးအား ပြောလိုက်၏။

သူ၏ စကားအဆုံးဝယ် ကျင်းဖုံးက ဝေါက်ခနဲ ထရပ်လိုက်လေသည်။

ရှမ်းချီက လုထိန်အား ပြုံးပြလိုက်ပြီး

'ကျုပ်တို့ကိုလည်း သွားခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ကျင်းဖုံးနှင့်အတူ ဘုံကျောင်းအပြင်ဘက်သို့ လှမ်းထွက်လာခဲ့သည်။

အပြင်ဘက်ရောက်လျှင် ကျင်းဖုံးက

'ခင်ဗျား ထွက်လာလို့သာပေါ့၊ ဒါမှမဟုတ်ရင် ကျုပ်သည် ညတော့ အိပ်လို့ ပျော်မှာ မဟုတ်တော့ဘူး'

ရှမ်းချီ ပြုံးလိုက်၏။

သူက ကျင်းဖုံးအား ကြည့်ကာ

'ခင်ဗျား ကြည့်ရတာ သူတို့နဲ့ မပတ်သက်ချင်ဘူးနဲ့ တူတယ်'

ကျင်းဖုံး ပခုံးတွန့်လိုက်၏။

'သူတို့ကသာ ကျုပ်နဲ့ မပတ်သက်ချင်တာပါဗျာ'

ရှမ်းချီ သက်ပြင်းချလိုက်၏။

'ဒါကတော့ဗျာ၊ သူတို့ဟာ သခင်မလေးဆင့်ဆင့်ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်နေကြလို့ ဖြစ်မှာပါ'



ကျင်းဖုံး ပခုံးတွန့်လိုက်သည်။

သူက ခပ်လှမ်းလှမ်း တစ်နေရာသို့ ညွှန်ပြလိုက်ပြီး

'ကျုပ်က ဟိုတောအုပ်ထဲမှာ သွားအိပ်မယ်၊ ခင်ဗျား နေချင်ရင်နေခဲ့'

ပြောပြီးသည်နှင့် ခပ်သွက်သွက် လှမ်းထွက်သွား၏။

ရှမ်းချီ သက်ပြင်းချလိုက်၏။

အိပ်မည်ဟုပြောလျှင် အမှန်တကယ် သွားအိပ်မည်ဖြစ်ပြီး ထွက်သွားမည်မဟုတ်ဟု နားလည်လိုက်မိ၏။

ထို့ကြောင့် ဘာမှ မပြောဘဲ နေလိုက်၏။

ကျင်းဖုံးထွက်သွားပြီးမှ သူလည်း စမ်းယုတို့ထံ လျှောက်သွားလေတော့သည်။

* * *

# အခန်း (၁၃)
## မမျှော်လင့်သော တိုက်ပွဲ

ညဉ့်နက်ပြီဖြစ်ပါသည်။

အေးစိမ့်သော လေများက ပတ်ဝန်းကျင်အနှံ့ တိုက်ခတ်နေ၏။ ဘုံကျောင်းအပြင်ဘက်၌ စောင့်ကြပ်နေသော အစောင့်အကြပ်များမှာ ငိုက်မျဉ်းနေကြသည်။

စမ်းယုနှင့် ရီကျင်းတို့မှာ အအေးဒဏ်ကို ကာကွယ်နိုင်ရန် ဘုံကျောင်းအပြင်ဘက်၌ မီးပုံတစ်ခု ဖိုထားလိုက်သည်။

သူတို့နှင့်အတူ ရှမ်းချီလည်း ထိုင်နေ၏။

သူတို့သည် သိုင်းလောကနှင့် ပတ်သက်ပြီး ရောက်တတ်ရာရာ စကားများပြောဆိုနေကြရင်း ညဉ့်နက်လာသောအခါ ပင်ပန်းနွမ်းနယ်မှုကြောင့် အနားယူလိုသောစိတ်များ ဖြစ်ပေါ်လာသည်။

ရှမ်းချီက အကြောများ ဖြေလျှော့လိုက်ပြီး ပြောလေ၏။

'ကျွန်တော် မြင်းလှည်းပေါ်မှာ သွားအိပ်မယ်'

စမ်းယု ခေါင်းညိတ်လို၊်သည်။



ရှမ်းချီက ထိုင်ရာမှ ထကာ မြင်းလှည်းရှိရာသို့ လျှောက်သွားလိုက်၏။

ရှမ်းချီ ထွက်သွားပြီးသောအခါ ရီကျင်းက တီးတိုးမေးလေ၏။

'သူ့ကို စိတ်ချရပါ့မလား'

စမ်းယု ပခုံးတွန့်လိုက်သည်။

'သူက သိုင်းရာဇာရဲ့ တပည့်မှန်ရင် စိတ်မချနိုင်စရာ အကြောင်းမရှိပါဘူး'

'နေဦး သူက သိုင်းရာဇာဝမ်းဟာန်အကြောင်းမေးတော့ ဘာမှ မသိသလိုပဲ ခင်ဗျား သတိထားမိသလား'

စမ်းယု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သိုင်းရာဇာဝမ်းဟာန် သိုင်းလောကထဲ ဆင်းလာတာ သူသိပုံမပေါ်သေးဘူး၊ ဒါပေမယ့် သိုင်းရာဇာဝမ်းဟာန်ဆီက ထွက်လာတာ နှစ်နှစ်လောက်ရှိပြီလို့ သူပြောခဲ့သေးတယ် မဟုတ်လား။ ဒါဟာ လိမ်ပြောတာလည်း ဖြစ်နိုင်သလို၊ အမှန်အတိုင်း ပြောနေတာလည်း ဖြစ်ချင်ဖြစ်နေမှာဗျ'

ရီကျင်း သက်ပြင်းချလိုက်၏။

'ဘာပဲဖြစ်ဖြစ် သူ့ကို သတိထားဖို့တော့ လိုတယ်'

စမ်းယု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သူတို့အပြန်အလှန် စကားပြောဆိုနေကြစဉ်မှာပင် တောအုပ်အနောက်ဘက်မှ အချက်ပြ မီးကျည်တစ်ခု ထိုးထွက်လာသည်ကို တွေ့လိုက်ရသည်။

စမ်းယုနှင့် ရီကျင်းတို့ ခုန်ထလိုက်ကြသည်။

'တောအုပ်ထဲမှာ ရန်သူရှိနေတယ်'

ရီကျင်းက ပြောလာသည်။

စမ်းယု ခေါင်းညိတ်လိုက်၏။

'သခင်မလေးကို ဒုက္ခပေးမယ့်လူတွေ ရောက်လာလိမ့်မယ်လို့ ကျုပ်က ကြိုတင်တွက်ဆမိပြီးသားပါဗျာ'

ရီကျင်းက ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

ထိုစဉ်မှာပင်

'ဖောက်'

တောအုပ်အရှေ့ဘက်မှ မီးကျည်တစ်ခု ပစ်ပေါက်လာပြန်သည်။

ရီကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူက စမ်းယုအား ကြည့်လိုက်ပြီး

'တောအုပ်အရှေ့ဘက်မှာလည်း ရန်သူတွေ ရှိနေတယ်'

စမ်းယု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူက စောင့်ကြပ်နေသူများအား အကဲခတ်ကြည့်လိုက်သည်။

ဘုံကျောင်းအပြင်ဘက်၌ စောင့်ကြပ်နေသော လုထိန်၏ လူများမှာ ခရီးပမ်းလာသည့် ဒဏ်ကြောင့် ငိုက်မျဉ်းနေကြသည်။

ထို့ကြောင့် သူတို့သည် ရန်သူများ၏ အချက်ပြ မီးကျည်ကို တွေ့မြင်ကြခြင်း မရှိချေ။

စမ်းယုက အရှေ့ဘက်သို့ လှမ်းကြည့်လိုက်၏။

အရှေ့ဘက်ခပ်လှမ်းလှမ်းတွင် သခင်မလေးဆင့်ဆင့်၏



မြင်းလှည်းရပ်ထား၏။

မြင်းလှည်းပေါ်ဝယ် လူတစ်ယောက် ထိုင်နေ၏။

ရှမ်းချီပင် ဖြစ်သည်။

ရှမ်းချီမှာလည်း ရန်သူအချက်ပြမီးကျည်အား တွေ့မြင်သွားကြောင်း စမ်းယု နားလည်လိုက်၏။

စမ်းယုက

'အခုချိန်ထိတော့ သူဟာ စိတ်ချရပါသေးတယ်'

ထိုစဉ် ရှမ်းချီက မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ သူတို့ထံ လှမ်းလာသည်ကို တွေ့လိုက်ရ၏။

မကြာမီ ရှမ်းချီမှာ သူတို့အနီးသို့ ရောက်ရှိလာ၏။

ထိုစဉ်မှာပင် တောအုပ်လေးဘက်လေးတန်မှ အချက်ပြ မီးကျည်များ ပေါ်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ရီကျင်း အံ့ဩသွားသည်။

'ရန်သူတွေဟာ တောအုပ်တစ်ခုလုံးကို ဝိုင်းထားတာပါလား'

စမ်းယု ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ထိုစဉ် ရှမ်းချီက ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး

'စောင့်ကြပ်နေတဲ့လူတွေကို သတိပေးလိုက်ရင် ကောင်းမလား'

စမ်းယု ခေါင်းခါယမ်းလိုက်၏။

'မလိုအပ်သေးပါဘူး၊ အကြောင်းထူးမှ သတိပေးလိုက်ကြတာပေါ့'

ရီကျင်းက ရှမ်းချီအား တစ်ချက် စိုက်ကြည့်လိုက်ပြီး

'ဒါနဲ့ မင်းရဲ့ မိတ်ဆွေကော မတွေ့ပါလား'

ကျင်းဖုံးအား မတွေ့ရ၍ မေးလိုက်ခြင်းဖြစ်သည်။

ရှမ်းချီက

'သူက တောအုပ်ထဲမှာ သွားအိပ်နေပါတယ်'

ဟု လေသံအေးအေးဖြင့် ပြောလိုက်သည်။

ရိုကျင်းက စမ်းယုအား ကြည့်လိုက်သည်။ စမ်းယုကလည်း ရိုကျင်းအား ပြန်လည်စိုက်ကြည့်လိုက်သည်။

ရိုကျင်းက ပြုံးပြီး ခနဲ့လိုက်သည်။

'မင်းရဲ့ မိတ်ဆွေက အချက်ပြ မီးကျည် ပစ်ဖောက်တာတော့ မဟုတ်ပါဘူးနော်'

ရှမ်းချီ၏ မျက်နှာ တည်ကြည်သွား၏။

'ကျုပ်မိတ်ဆွေက ဒီလို လူစားမျိုး မဟုတ်ပါဘူး'

ရိုကျင်းက

'မင်း မိတ်ဆွေက တောအုပ်ထဲမှာဆိုတော့ ရန်သူရောက်လာရင် ဒုက္ခတွေ့နေဦးမယ်'

ရှမ်းချီ ပြုံးလိုက်သည်။

'သူ့ကို ဘယ်သူကမှ ဒုက္ခပေးလို့ မရပါဘူး'

ထိုစဉ်မှာပင်

'ဟူး ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာပြီး တောအုပ်ထဲမှ လူရိပ်များ လှုပ်ရှားလာသည် တွေ့လိုက်ရသည်။

ရှမ်းချီက

'ရန်သူတွေတော့ ရောက်လာပြီ'



စမ်းယု လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ချက်ချင်းပင် လူရိပ်များ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်မေးလိုက်၏။

'ဘယ်သူလဲ'

သူက အတွင်းအားကို အသုံးပြုကာ မေးလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် သူ၏ အသံသည် တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဘုံကျောင်းဝန်းကျင်၌ စောင့်ကြပ်နေကြသော အစောင့်အကြပ်များသည် စမ်းယုအသံကြောင့် ငိုက်မြည်းနေကြရာမှ လန့်နိုးလာကြလေ၏။

ချက်ချင်းပင်

'ရန်သူ . . . ရန်သူ'

သူတို့သည် အော်ဟစ်သတိပေးကာ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ရန်သူများအား ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်ကြသည်။

သူတို့သည် ဘုံကျောင်းအတွင်းသို့ ရန်သူများ ဝင်ရောက်မလာစေရန် ကာကွယ်ထားလိုက်ကြခြင်းပင်ဖြစ်ပေသည်။

ထိုစဉ်မှာပင် ဘုံကျောင်းထဲမှ လုထိန် ပြေးထွက်လာသည်။

သူက စမ်းယုအား အကဲခတ်ကြည့်လိုက်ပြီး မေးလာလေ၏။

'အခြေအနေဘယ်လိုလဲ'

စမ်းယုက

'ရန်သူတွေတော့ ရောက်လာပြီ၊ ခင်ဗျားက ဘုံကျောင်းထဲမှာနေပြီး သခင်မလေးကို စောင့်ရှောက်ထားပါ။ အပြင်ဘက်ကို ကျုပ်

တို့ တာဝန်ယူထားပါ့မယ်'

လုထိန် ဦးညွတ်လိုက်၏။

'ကျေးဇူးပါပဲဗျာ'

တို့နောက်. . .

သူက ဘုံကျောင်းအတွင်းသို့ ပြန်ဝင်သွား၏။

ထိုစဉ်မှာပင်

'ရွီ'

လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်

လူရိပ်များသည် သစ်ပင်များနောက်ကွယ်မှ တစ်ဟုန်ထိုး ပြေးထွက်လာကြလေ၏။

အနက်ရောင်ဝတ်ဆင်ထားကြပြီး ခေါင်းစွပ်နက်များ စွပ်ထားကြသူများသည် သစ်ပင်များကြားမှ အလျှိုလျှို ပြေးထွက်လာကြသည်။

ဘုံကျောင်းပျက်အား ဝိုင်းရံထားလိုက်ပြီး အသင့်ယူလာသည့် မီးတုတ်များကို မြေပေါ်ဝယ် စိုက်ထူထွန်းညှိလိုက်ကြသည်။

မီးရောင်များ ထိန်ထိန်ညီးအောင် ထွက်ပေါ်လာသည်။

ဘုံကျောင်းတစ်ဝိုက် နေ့ဘက်နှင့်မခြား ရှင်းရှင်းလင်းလင်း ဖြစ်သွားလေ၏။

စမ်းယု၊ ရီကျင်းနှင့် ရှမ်းချီ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထိုစဉ် အနီရောင်ဝတ်ဆင်ထားပြီး ခေါင်းစွပ်နက်စွပ်ထားသူ တစ်ယောက် ထွက်လာသည်။



'မိတ်ဆွေတို့ သခင်မလေးဆင့်ဆင့်ကို ကျုပ်တို့လက်ထဲ အေးအေးဆေးဆေး အပ်ရင် ကောင်းမယ်'

ထိုသူက ကျယ်လောင်သောအသံဖြင့် ပြောလာသည်။

ရှမ်းချီ ပြုံးလိုက်သည်။

'သခင်မလေး ရှိနေသားပဲ၊ ခင်ဗျားတို့ လိုချင်တယ်ဆိုရင် လာခေါ်ပါလား'

ရှမ်းချီ၏ စကားကြားလျှင် အနီရောင်ဝတ်ဆင်ထားသူ ဒေါသွားပြီး လက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ

'ယား'

အနက်ရောင်ဝတ်ဆင်ထားသူအချို့သည် ညာသံပေးကာ ပြေးထွက်လာကြပြီး ရှမ်းချီထံ ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

မီးရောင်အောက်ဝယ် ဓားရောင်များ ဖွေးဖွေးလှုပ်သွားသည်။

ရှမ်းချီ နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ်က မင်းတို့ကို ကြောက်နေမယ် ထင်သလား'

သူက ခြင်းနှင်တံဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

'ဝုန်း'

'အား'

'အွင့်'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ ရှမ်းချီကို မယှဉ်နိုင်ဘဲ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရလေတော့သည်။

ရှမ်းချီက အနီရောင်ဝတ်ဆင်ထားသူအား ကြည့်လိုက်ပြီး

'ခင်ဗျား တပည့်တွေက မဟန်ဘူးဗျ၊ ခင်ဗျားကိုယ်တိုင်လာရင် ကောင်းမယ်'

'တောက်'

သူ၏ စကားကြောင့် အနီရောင်ဝတ်ဆင်ထားသူ ဒေါပွသွားသည်။

ချက်ချင်းပင် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားကြသူများသည် လေးများ အသင့်ပြင်ထားလိုက်ကြသည်။

'ပစ်'

အနီရောင်ဝတ်ဆင်ထားသူက အမိန့်ပေးလိုက်လျှင် အနက်ရောင်ဝတ်ဆင်ထားသူများက လေးများဖြင့် ရှမ်းချီတို့အား ပစ်ခတ်လာကြလေသည်။

'ဗွစ် ဗွစ်'

'ဗွစ် ဗွစ်'

လေတိုးသံများ ထွက်ပေါ်လာ၏။ မြားအစင်းပေါင်းများစွာသည် ရှမ်းချီတို့ထံ ပြေးဝင်လာ၏။

'သတိထား'

ရှမ်းချီက အော်ဟစ်သတိပေးလိုက်ပြီး ဝင်ရောက်လာသော မြားတံကို မြင်းနှင်တံဖြင့် ရိုက်ထုတ်လိုက်လေသည်။

မြားတံများ မြေပေါ် တဖြုတ်ဖြုတ်ကျသွား၏။



စမ်းယုနှင့် ရီကျင်းတို့လည်း ဝင်ရောက်လာသော မြားတံများကို လက်နက်ကိုယ်စီ ကိုင်ဆောင်၍ ရိုက်ထုတ်လိုက်ကြသည်။

လုထိန်၏ လူများကလည်း မြားတံများကို လက်နက်ကိုယ်စီဖြင့် ရိုက်ဖြုတ်လိုက်ကြသည်။

သို့သော် မြားတံများသည် များပြားနေရကား

'အား'

'အွင့်'

'အမလေး'

စူးရှစွာ အော်ဟစ်ရင်း မြားထိမှန်ကာ မြေပေါ်သို့ လဲကျသွားကုန်သည်။

ရီကျင်းက စမ်းယုအား ကြည့်လိုက်သည်။ စမ်းယုက သက်ပြင်းတစ်ချက် ချလိုက်၏။

'သူတို့ မြားမပစ်နိုင်အောင် ကျုပ်တို့က တိုက်ခိုက်မှ ဖြစ်မယ်'

ရီကျင်း သဘောတူလိုက်၏။

'ကောင်းပြီ'

ထို့နောက် မြားပစ်သူများထံ တစ်ဟုန်ထိုး ပြေးဝင်ကာ တိုက်ခိုက်လိုက်ကြ၏။

ရှမ်းချီကလည်း ဝင်ရောက်တိုက်ခိုက်လိုက်၏။

သူတို့ တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသောအခါ အခြေအနေ တစ်မျိုး ပြောင်းသွား၏။

'ဝုန်း'

'အား'

မြားပစ်သောသူများ ဖရိုဖရဲဖြစ်သွားကြသည်။ အနီရောင်

ဝတ်ဆင်ထားသူ ဒေါသအမျက် ခြောင်းခြောင်းထွက်သွား၏။

'သေပေတော့'

အော်ငေါက်ရင်း ဓားဆွဲထုတ်ကာ ရှမ်းချီအား တိုက်ခိုက်လိုက်သည်။

ရှမ်းချီ ပြုံးလိုက်သည်။

'အစကတည်းက ခင်ဗျား ထွက်လာခဲ့ဖို့ ကောင်းတယ်'

အနီရောင်ဝတ်ဆင်ထားသူမှာ ပို၍ ဒေါသထွက်လာ၏။

'ယား'

သူက ညာသံပေးရင်း ရှမ်းချီအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်လှပေသည်။

ရှမ်းချီက သတိကြီးစွာ ထားပြီး ပြန်လည် တိုက်ခိုက်လိုက်၏။

သူက ပေါ့ဆလိုက်လျှင် အနီရောင်ဝတ်ဆင်ထားသူ၏ လက်ချက်မိသွားမည်ဟု နားလည်ထားသည် မဟုတ်ပါလား။

သိုင်းကွက်ဆယ်ကွက်ကျော်လာသောအခါ အဖြေ ပေါ်လာလေ၏။

'ဝုန်း'

'အား'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး အနီရောင်ဝတ်ဆင်ထားသူမှာ နောက်သို့ ဒယီးဒယိုင် ဆုတ်သွားရ၏။

ရှမ်းချီ ပြုံးလိုက်သည်။



'ခင်ဗျား ဘာမှ မတတ်နိုင်ပါဘူးဗျာ'

အနီရောင် ဝတ်ဆင်ထားသူ မျက်နှာပျက်သွား၏။

သူ၏ လူများဘက် ချက်ချင်း လှည့်လိုက်ပြီး

'သွားမယ်'

သူ၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာ၏။

စကားဆုံးလျှင် သူ ချာခနဲ လှည့်ကာ ပြေးထွက်သွား၏။

အနက်ရောင်ဝတ်ဆင်ထားကြသူများလည်း ပြေးလိုက်သွားကြ၏။

ရန်သူများသည် မိုးတိမ်များပမာ လွင့်ပါးပျောက်ကွယ်သွားလေပြီ။

ရန်သူများ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ရှမ်းချီ သက်ပြင်းချလိုက်၏။

မြေပေါ်လဲကျနေသည့် အနက်ရောင်ဝတ်ဆင်ထားသူများကို ငေးကြည့်ပြီးမှ စမ်းယုတို့ဘက်သို့ လှည့်လိုက်၏။

စမ်းယုနှင့် ရီကျင်းတို့ကလည်း သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်နေကြသည်ကို တွေ့ရသည်။

ရှမ်းချီ ပြုံးလိုက်သည်။

'သူတို့ နောက်ထပ် လာရဲကြတော့မှာ မဟုတ်ဘူး'

စမ်းယုက မေးသည်။

'မင်းက ဘာကြောင့် သူတို့ကို လွှတ်ပေးလိုက်ရတာလဲ'

ရှမ်းချီက

'ကျွန်တော် တမင်လွှတ်ပေးလိုက်တာမှ မဟုတ်ဘဲ၊ သူ့အခြေအနေမဟန်မှန်း သိလို့ သူတို့ ထွက်ပြေးသွားကြတာ ဦးတို့ မြင်တဲ့

အတိုင်းပဲ'

ရီကျင်း လက်မခံပါ။

'မင်းက သူတို့ကို ဟန့်တားနိုင်ပါတယ်၊ ဘာကြောင့် မတားလိုက်တာလဲကွ'

ရှမ်းချီ ပခုံးတွန့်လိုက်သည်။

'သူထွက်ပြေးသွားမယ်လို့ ကျွန်တော် မထင်မိတာ အမှန်ပါဝဲဗျာ'

စမ်းယုနှင့် ရီကျင်းတို့က ရှမ်းချီအပေါ်သံသယဝင်နေကြ၏။

စမ်းယုက ရှမ်းချီအာ ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်။

'မင်းဟာ သိုင်းရာဇာရဲ့ တပည့်ဆိုတာ အမှန်ပဲလား'

'ဗျာ'

'ဟေ့ အံ့သြချင်ဟန်ဆောင်မနေနဲ့ ငါမေးတာ ဖြေပါ'

ရှမ်းချီ ပြုံးလိုက်လေသည်။

'အံ့သြတာ မဟုတ်ပါဘူး၊ ကျွန်တော် ပြောရင် ဘယ်သူကမှ ရုတ်တရက် မယုံနိုင်ပဲ ဖြစ်နေကြလို့ပါ ကျွန်တော်ရဲ့ ဆရာဟာ သိုင်းရာဇာကြီးပါပဲခင်ဗျာ'

စမ်းယု လက်မခံပါ။

'မင်း ပြောတိုင်း ငါတို့ ယုံရမှာလားကွ'

ရှမ်းချီ သက်ပြင်းချလိုက်သည်။

သခင်မလေးဆင့်ဆင့်အတွက် အန္တရာယ်များသည့် အခြေအနေကြောင့် မည်သူ့ကိုမှ ယုံကြည်စိတ်ချမှုမရှိဘဲ သံသယဝင်နေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။



ရီကျင်းက ပြောသည်။

'မင်းဟာ သိုင်းရာဇာရဲ့ တပည့်ဆိုရင် ကျုပ်ရဲ့ သိုင်းကွက်ကို ခံနိုင်ရည်ရှိရမှာပေါ့'

ရှမ်းချီ မျက်လုံးပြူးသွား၏။

'ဟာ ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ၊ ဦးတို့ကို လှည့်စားပြီး ဒုက္ခပေးမလို့ မဟုတ်ပါဘူး'

ရီကျင်း မဲ့ပြုံး ပြုံးလိုက်၏။

'အေးလေ မင်းအမှန်အတိုင်း ပြောနေတယ်ဆိုရင် ငါ့ရဲ့ သိုင်းကွက်ကို ခံနိုင်ရည်ရှိရမှာပေါ့'

ရှမ်းချီ စိတ်ပျက်သွားလေတော့သည်။

ရီကျင်းက ရှေ့တိုးလိုက်သည်။

'ငါရဲ့ သိုင်းကွက်ကို ခုခံနိုင်အောင် ကြိုးစားပါ၊ ဒါဆိုရင် မင်းဟာ သိုင်းရာဇာရဲ့ တပည့်ဖြစ်တယ်ဆိုတာကို ငါ ယုံကြည်လက်ခံလိုက်မယ်'

စကားဆုံးလျှင် ရှမ်းချီအား ရွေးချယ်ခွင့် မပေးတော့ဘဲ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

ရှမ်းချီက ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုလိုပါ။

သို့သော် ရင်မဆိုင်ဘဲ ရှောင်တိမ်းသွားလျှင် သာ၍ အထင်မှားစရာ ဖြစ်လာနိုင်သည်ဟု တွေးလိုက်မိလေ၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ'

တောင်းပန်စကားဆိုပြီး ခုခံရင်ဆိုင်လိုက်လေတော့သည်။

ရီကျင်းက လက်ဝါးနှစ်ဖက်တွင် အတွင်းအား စုစည်းကာ ရှမ်းချီ၏ ရင်ဝနှင့် ပခုံးဆီသို့ ဦးတည်တိုက်ခိုက်လိုက်လေတော့ သည်။

ရှမ်းချိုက

'ဟိတ်'

ညသသံပေးရင်း မြေပေါ် ခြေဆောင့်ကာ အပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ပြီး ဝမ်းလျားထိုး အနေအထားဖြင့် ရီကျင်း၏ ဦးခေါင်းကို လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်သည်။

သူ့အသုံးပြုလိုက်သော သိုင်းကွက်မှာ သိုင်းရာဇာ၏ ကျော်ကြားလှသော ကောင်းကင်နဂါးမြေသားသက်ဆင်း သိုင်းကွက်ပင် ဖြစ်လေတော့သည်။

'ယား'

ရီကျင်းက လက်နှစ်ဖက်ကို အပေါ်သို့ ပင့်ထုတ်လိုက်ပြီး ခုခံလိုက်၏။

သို့သော် ရှမ်းချို၏ လက်ငါးချောင်းက သူ၏ ဦးခေါင်းဆီသို့ ဆက်၍ တိုးဝင်လာ၏။ တားဆီးလို့ မရအောင် ဖြစ်သွား၏။ ရီကျင်း ထိတ်လန့်သွားသည်။

စမ်းယုလည်း ကပျာကယာ အော်ပြောလိုက်လေသည်။

'မိတ်ဆွေ မြန်မြန်နောက်ဆုတ်လိုက်ပါ'

ရီကျင်းက ဒူးကွေး၍ မြေပေါ်၌ ခန္ဓာကိုယ်ညွှတ်ချကာ ဖားပုံတစ်ကောင်သဖွယ် နောက်သို့ ခုန်ထွက်သွားသည်။

'ဗွီ'

ရှမ်းချို၏ လက်ငါးချောင်းမှ လွတ်မြောက်သွားသည်တော့ မဟုတ်ပါ။

ရှမ်းချို၏ လက်ချောင်းကလေးများသည် သူ၏ အင်္ကျီစကို ကုပ်ဆွဲမိလိုက်လေသည်။



ရီကျင်း၏ အင်္ကျီပြဲသွားသဖြင့် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

ရှမ်းချိုအား မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

'မင်း မင်း'

ရှမ်းချိုက ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ပါ။

မြေပေါ် ခုန်ဆင်းကာ လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်လိုက်လေ၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ'

တောင်းပန်စကား ဆိုလိုက်သည်။

စမ်းယုနှင့် ရီကျင်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

စမ်းယု သက်ပြင်းချလိုက်လေသည်။

'မင်းဟာ သိုင်းရာဇာရဲ့ တပည့်ဆိုတာ ကျုပ်တို့ ယုံကြည်ပါပြီကွာ'

ရှမ်းချို ဝမ်းသာသွားသည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

သူသည် ဒုတိယအကြိမ် ဦးညွှတ်လိုက်သော စမ်းယုက ဆက်ပြောသည်။

'သခင်မလေး ဆင့်ဆင့်ကို ရန်ရှာချင်တဲ့လူတွေ ပိုင်းဝိုင်းလည်နေတယ်၊ ကျုပ်က ဘယ်သူ့ကိုမှ မယုံနိုင်အောင် ဖြစ်နေတယ်၊ ဒါကို မင်းနားလည်သဘောပေါက်မယ်လို့ ငါထင်တယ်'

ရှမ်းချို ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ'

'ကောင်းပြီ သခင်မလေးကို ကျင်းလိမ်မြို့ထဲ ရောက်လာတဲ့

အထိ ငါတို့နဲ့ လိုက်ပြီး စောင့်ရှောက်ပေးရင် ကောင်းမယ်'

ရှမ်းချီက လိုလိုလားလားပင် လက်ခံလိုက်လေသည်။

'ကျွန်တော် ကူညီပါ့မယ်ခင်ဗျာ'

ယခုမှ ရီကျင်း ပြုံးလာနိုင်တော့သည်။ သူတို့ လွန်စွာ ကျေနပ်သွားကြ၏။

'အင်း သိုင်းရာဇာမှာ မင်းလို တပည့်တစ်ယောက် ရှိနေတာ ကျေနပ်စရာကောင်းတယ်၊ ကျုပ် ချီးကျူးပါတယ်ကွာ'

ရှမ်းချီ၏ မျက်နှာ ပြုံးရွှင်သွားလေတော့သည်။ သူ့အား လက်မခံမည်ကို သူစိုးရိမ်ခဲ့သည်။

'ကျွန်တော်က'

တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်သော်လည်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

'အား'

'အမလေး'

'သေပါပြီဗျ'

ရူးရှသော အော်ဟစ်သံများ ဘုံကျောင်းပျက်ထဲမှ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်ပါလေ၏။

ရီကျင်း၊ စမ်းယုနှင့် ရှမ်းချီတို့ မျက်လုံးပြူးသွားကြသည်။

ရီကျင်းက

'ဘုံကျောင်းထဲမှာ'

'ဟုတ်တယ် မြန်မြန်လာ'

စမ်းယုက ဦးဆောင်ကာ ပြေးသွား၏။

ရီကျင်းနှင့် ရှမ်းချီတို့လည်း ကပျာကယာ ပြေးလိုက်သွားကြလေတော့သည်။



ရူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ၏။ ဘုံကျောင်းပျက်ထဲ၌ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပွားနေကြောင်း ထင်ရှားနေသည်။

စမ်းယု၊ ရီကျင်းနှင့် ရှမ်းချီတို့ ဘုံကျောင်းပျက်ထဲသို့ ချက်ချင်း ရောက်သွားကြသည်။

'ဟူး ဟူး'

ဘုံကျောင်းပျက်အတွင်းသို့ ခြေချလိုက်သည်နှင့် အရုပ်ဆိုးအကျည်းတန်လှသော မြင်ကွင်းတစ်ခု တွေ့မြင်လိုက်ရလေတော့သည်။

လုထိန်၏ တပည့်သိုင်းသမားများမှာ သွေးအိုင်ထဲ လဲကျကာ အသက်ပျောက်နေကြခြင်း ဖြစ်လေသည်။

'ဟင်'

'ဟာ'

ရီကျင်း ခံပြင်းသွားသည်။

'ကျုပ်တို့ အရှေ့ဘက်မှာ အာရုံရောက်နေတုန်း သူတို့ အလစ်တိုက်သွားကြတာပဲ'

'ဟုတ်တယ်'

လုထိန်၏ တပည့်များ တစ်ယောက်မှ အသက်မရှိကြတော့ပါ။

ရက်ရက်စက်စက် တိုက်ခိုက်သုတ်သင်ခံလိုက်ရခြင်းဖြစ်ပါသည်။

'တောက် ရက်စက်လိုက်တာ'

ရှမ်းချီက မကျေမနပ် ညည်းတွားလိုက်လေသည်။

ထိုစဉ်

'ဝုန်း'

'အမလေး'

'သေပါပြီဗျာ'

ဘုံကျောင်းအနောက်ဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

ရီကျင်းတို့ အချင်းချင်း ကြည့်လိုက်ကြပြန်သည်။

ထို့နောက် တိုင်ပင်ထားစရာမလိုဘဲ ဘုံကျောင်း၏နောက်ဘက်သို့ ပြေးထွက်သွားကြလေတော့သည်။

ဘုံကျောင်းအနောက်ဘက်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေပါသည်။

လုထိန်အား အနက်ရောင်ဝတ်ဆင်ထားကြသူများက ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သည်။

လုထိန်၏ သိုင်းပညာ မခေသော်လည်း အများနှင့်တစ်ယောက် ဖြစ်နေ၍ အခက်ကြုံနေ၏။

ရှမ်းချီတို့ ဘုံကျောင်းထဲမှ ပြေးထွက်လာကြသည်ကို တွေ့လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

'လုထိန်'

'သခင်မလေးကော'

ရီကျင်းနှင့် စမ်းယုတို့က အလောတကြီး မေးလိုက်ကြသည်။

လုထိန်သည် အနက်ရောင်ဝတ်ထားသူများအား ခုခံတိုက်ခိုက်ရင်း အော်ပြောလိုက်သည်။

'ကျုပ်တို့ ဘုံကျောင်းအရှေ့ဘက်မှာ တိုက်ပွဲကို အာရုံ



ရောက်နေတာကြောင့် အငိုက်မိသွားတယ်၊ ရန်သူတွေ အနောက်ဘက်က ဝင်လာပြီး တိုက်ခိုက်သွားခဲ့ကြတာပဲ'

'သခင်မလေးကော ဘယ်မှာလဲ၊ မြန်မြန်ပြောစမ်းပါ'

ရီကျင်းက အလောတကြီး မေးလိုက်လေသည်။

လုထိန်က

'သခင်မလေး ရန်သူလက်ထဲ ပါသွားပြီ'

'ဟာ'

ရီကျင်းတို့ ဒေါပွသွားကြပြီး အနက်ရောင်ဝတ်ထားသူများအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

ရှမ်းချီလည်း မနေနိုင်တော့ဘဲ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်ရလေသည်။

သူတို့လေးယောက်စာက်ညီလက်ညီ တိုက်ခိုက်လိုက်ကြလျှင်

'ဝုန်း'

'အမလေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ အနက်ရောင်ဝတ်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

ယခုမှ လုထိန် အသက်ရှူချောင်သွားတော့သည်။

'ဟူး ခင်ဗျားတို့ အချိန်မီ ရောက်လာလို့ တော်သေးတာပေါ့ဗျာ'

ရီကျင်းက

'သခင်မလေးကော'

လုထိန်ကား အလွန်အရေးကြီးစွာ ပြောကြားလေ၏။

'သခင်မလေးကို ရန်သူတွေ ဖမ်းသွားကြပြီ၊ ကျုပ်နောက်ကို မြန်မြန် လိုက်ခဲ့ကြပါ'

စကားဆုံးလျှင် တဟုန်ထိုး ပြေးထွက်သွားသည်။

ရိကျင်း၊ စမ်းယုနှင့် ရှမ်းချီတို့လည်း ဘာမှ တွေးတောမနေတော့ဘဲ လုထိန်နောက်သို့ ပြေးလိုက်သွားကြရလေတော့သည်။

ရန်သူများလာရောက် တိုက်ခိုက်ကာ သခင်မလေးဆင့်ဆင့်အား ဖမ်းခေါ်သွားကြပြီ ဖြစ်ပါသည်။

သခင်မလေးအား ရန်သူလက်ထဲမှ ကယ်တင်နိုင်ဖို့ အလွန်အရေးကြီးနေပါတော့သည်။

ရှမ်းချီသည် ပြေးလိုက်သွားရင်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်သွား၏။

စိမ်းလန်းသော သစ်ပင်ချုံနွယ်များက ဝန်းကျင်တစ်ခုလုံးဖုံးလွှမ်းထားသည်။

သူတို့သည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းပြေးလွှားသွားကြပြီး တောအုပ်အပြင်ဘက်သို့ ရောက်သည့်တိုင် သခင်မလေးဆင့်ဆင့်၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ရှမ်းချီတို့ ပိုပြီး စိတ်ပူလာကြလေတော့သည်။

တောအုပ်အပြင်ဘက်သို့ ရောက်လျှင် လမ်းဆုံလမ်းခွတစ်ခုကို တွေ့လိုက်ရလေသည်။

လုထိန် စိတ်ပျက်စွာ ညည်းတွားလိုက်လေသည်။

'ဒုက္ခပဲ၊ လမ်းနှစ်သွယ်ဖြစ်နေပြီ၊ ရန်သူတွေ ဘယ်လမ်းက ထွက်ပြေးသွားကြတယ်ဆိုတာ မသိနိုင်တော့ဘူး'



စမ်းယုက ဝဲယာလမ်းနှစ်သွယ်ကို တစ်ချက်ကြည့်ပြီးချက်ချင်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

'ကျုပ်တို့ တွေဝေနေရင် ရန်သူတွေ လွတ်သွားကြလိမ့်မယ်၊ သည်တော့ ခင်ဗျားနဲ့ ကျုပ်က ဝဲဘက်လမ်းက လိုက်မယ်'

လုထိန် သဘောတူလိုက်သည်။

'ကောင်းပြီလေ'

စမ်းယုက ရိကျင်းနှင့် ရှမ်းချီတို့အား ယာဘက်လမ်းကို ညွှန်ပြလိုက်လေသည်။

'မင်းတို့နှစ်ယောက်က ယာဘက်လမ်းက လိုက်သွားကြပါ၊ အခြေအနေထူးခြားရင် တစ်ခုခု အချက်ပေးပါ'

ရှမ်းချီ ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ'

စမ်းယုက

'ကဲ သွားစို့'

လုသိန်ကို ပြောကာ ဝဲဘက်လမ်းထဲ ပြေးဝင်သွား၏။

လုထိန်လည်း လိုက်သွားသည်။

စမ်းယုနှင့် လုထိန်တို့ ပျောက်ကွယ်သွားကြတော့မှ ရှမ်းချီက

'ကျွန်တော်တို့လည်း သွားကြပါစို့'

ရိကျင်းနှင့်အတူ ယာဘက်လမ်းထဲသို့ ချိုးဝင်လိုက်လေတော့သည်။

✳✳✳

# အခန်း (၁၄)
## အားမတန် မာန်လျှော့

စမ်းယုနှင့် လုထိန်တို့သည် ဝဲဘက်လမ်းထဲသို့ ပြေးဝင်လာခဲ့ကြသည်။ လမ်းမှာ တောလမ်းဖြစ်သည့်အတိုင်း ကျဉ်းမြောင်းပြီး လမ်းဘေး တစ်ဘက်တစ်ချက်၌ ချုံနွယ်ပိတ်ပေါင်းများက ထူထပ်စွာ ဖုံးလွှမ်းထားသည်။

လမ်းတစ်လျှောက် လူသူကင်းမဲ့ကာ တိတ်ဆိတ်နေ၏။ သူတို့ပြေးလာခဲ့ကြသည့် ခြေသံများကိုပင် စမ်းယုတို့ ပြန်ကြားနေကြရသည်။ ဝဲတင်သံပေတည်း။ အတန်ကြာပြေးလာပြီးသော်လည်း အရှေ့ဘက်၌ လူသူ တစ်စုံတစ်ယောက်ကို မတွေ့ရပါ။

စမ်းယု မျက်မှောင်ကြုတ်သွားသည်။ ခြေလှမ်းတုံ့ခနဲ ရပ်ပစ်လိုက်ကြ၏။ ပြေးလိုက်လာသော လုထိန်က တအံ့တသြ မေးလာသည်။

'ဘာဖြစ်လို့လဲကွ'

စမ်းယု ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ မဖြစ်ဘူး၊ ဒါပေမယ့် ကျုပ်တို့ လမ်းမှားလိုက်လာ



နိကြပြီ ထင်တယ်'

လုထိန်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

'ဘာဖြစ်လို့လဲဗျ'

'ခင်ဗျား ကြည့်ပါလား'

လုထိန်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

စမ်းယုက ရှင်းပြလိုက်သည်။

'ကြည့်ပါလား၊ လမ်းတစ်လျှောက် လူရိပ်လူရောင်မှ မတွေ့ရတာ၊ သခင်မလေးကို ဖမ်းခေါ်သွားတဲ့လူတွေက ယာဘက်လမ်းက သွားကြပြီ ထင်တယ်'

လုထိန် ခေါင်းညိတ်လိုက်သည်။

'အင်း ခင်ဗျား ပြောတာလည်း ဖြစ်နိုင်တာပဲ၊ သည်လူတွေက သိုင်းပညာတော်သလို ဉာဏ်လည်း များတယ်၊ ကျုပ်တို့ လိုက်လာမှန်းသိလို့ တစ်နေရာရာမှာ ဝင်ပုန်းနေတာကော မဖြစ်နိုင်ဘူးလား'

စမ်းယု တွေဝေသွားသည်။ လုထိန် ဆက်ပြောလိုက်သည်။

'ဒါဆိုရင် ကျုပ်တို့က ဟိုဘက်လမ်းကို လိုက်သွားရင် အလွဲကြီးလွဲသွားနိုင်တယ်'

စမ်းယု သက်ပြင်းချလိုက်လေသည်။

'ခင်ဗျား သဘောက ဘယ်လိုရှိလို့လဲ'

လုထိန်က ပြောပြသည်။

'ဟိုဘက်လမ်းကို မသွားခင် ကျုပ်တို့ လာခဲ့တဲ့ လ ာစ် လျှောက်မှာ သူတို့ ပုန်းနေသလားဆိုတာ သိရအောင် အရင်ပြန်ရှာကြည့်တာ ကောင်းမယ်'

စမ်းယုက အရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

လရောင်ဖြာကျနေသော လမ်းကလေးဝယ် လူသူကင်းရှင်းနေပါသည်။ သခင်မလေးဆင့်ဆင့်အား ဖမ်းဆီးခေါ်ဆောင်သွားကြသူများ ဝေးဝေးသို့ မရောက်နိုင်သေးဟု ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် လုထိန်၏ အကြံပြုချက်ကို လက်ခံလိုက်လေသည်။

'ကောင်းပြီလေ၊ ပြန်ရှာကြည့်တာပေါ့၊ ခင်ဗျားက လမ်းရဲ့ ဝဲဘက်အခြမ်းကို ဂရုစိုက်ပါ၊ ကျုပ်က ယာဘက်အခြမ်းကို ဂရုစိုက်မယ်ဆိုတွေ့ရင်တော့ မလွှတ်စေနဲ့ဗျို့'

'စိတ်ချ'

သူတို့နှစ်ယောက် နောက်ကြောင်းပြန်လှည့်လာခဲ့ကြသည်၊

လုထိန်က လမ်း၏ ဝဲဘက်ခြမ်းကို ဂရုတစိုက် ရှာဖွေကြည့်သလို စမ်းယုက ယာဘက်ဘေး သစ်ပင်ချုံနွယ်များကြား၌ ပုန်းအောင်းနေခြင်းရှိမရှိ စစ်ဆေးကြည့်ရှုသွားသည်။

လမ်းဘေးသစ်ပင်ချုံပုတ်များကြား၌ ရန်သူပုန်းအောင်းနေလျှင် သူတို့နှစ်ယောက်၏ လက်မှ လွတ်မြောက်နိုင်တော့မည် မဟုတ်ချေ။ တဖြည်းဖြည်း နောက်ကြောင်းပြန်လှည့်လာခဲ့ကြရာ ချုံနွယ်များ ထူထပ်သော နေရာသို့ ရောက်ရှိလာကြသည်။

'မင်းဘယ်ပြေးမလဲ'

လုထိန်၏ အော်ငေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ စမ်းယုကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘာဖြစ်တာလဲဗျ'

လုထိန်က အဖြေမပေးဘဲ တဟုန်ထိုး ပြေးလွှားသွားလိုက်သည်။



'မပြေးနဲ့'

ကျယ်လောင်စွာ အော်ငေါက်ရင်း လမ်းဘေးသစ်ပင်ချုံနွယ်များ ကြားသို့ ပြေးဝင်လိုက်သည်။ စမ်းယု ရင်ထိတ်သွား၏။

'သတိထား'

ကပျာကယာ အော်ဟစ်သတိပေးလိုက်သည်။

လုထိန်ကား ချုံပုတ်များကြားသို့ ခုန်ဝင်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။ စမ်းယု မနေနိုင်တော့ပဲ လုထိန် နောက်သို့ ကပျာကယာ ပြေးလိုက်သွား၏။

သစ်ပင်ချုံနွယ်များ ထူထပ်စွာ ရှိနေရကား လုထိန်ကို ရုတ်တရက် မတွေ့ရတော့ချေ။ စမ်းယု အော်ပြောလိုက်သည်။

'လုထိန် သိပ်လောမကြီးနဲ့ သတိထားပါ'

ထိုစဉ်

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ထိုအသံမှာ လုထိန်၏ အသံပေတည်း။

'လုထိန်'

စမ်းယု ထိတ်လန့်သွားသည်။ လုထိန် ဒုက္ခရောက်သွားပြီဖြစ်ကြောင်း နားလည်မိလိုက်၏။ ထို့ကြောင့် အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ကပျာကယာ ပြေးသွားမိသည်။

မကြာပါချေ။ လုထိန်သည် သစ်ပင်တစ်ပင်အောက်၌ လဲကျနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'လုထိန် ခင်ဗျား ဘာဖြစ်သွားတာလဲ'

စမ်းယုက မေးမြန်းရင်း လျှင်မြန်စွာ ချဉ်းကပ်သွားလိုက်

လေသည်။ လုထိန်က လူးလိမ့်ထလိုက်သည်။ သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူ၏ ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်ကာ သွေးချင်းချင်း နီရဲနေလေ၏။

'ကျုပ် ကျုပ်'

စမ်းယု မျက်နှာပျက်သွား၏။

'လုထိန် ခင်ဗျားကို ဘယ်သူ တိုက်ခိုက်သွားတာလဲ'

လုထိန်အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရသည့်ဖြစ်၍ ဒေါသချောင်းချောင်း ထွက်နေတော့သည်။

လုထိန်အံကြိတ်လိုက်သည်။

'ကျုပ်ကို ဓားမြှောင်နဲ့ ပစ်ပြီး ထွက်ပြေးသွားတယ်'

စမ်းယုက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

'ဘယ်ရောက်သွားပြီလဲ'

'ဟိုဘက်ကို ပြေးပြီ'

လုထိန်က အရှေ့ဘက်ဆီသို့ ညွှန်ပြလိုက်သည်။

စမ်းယုက ပြေးလိုက်သွားရန်ပြင်ပြီးမှ ချက်ချင်း ခြေလှမ်းရပ်လိုက်သည်။ လုထိန်အား စိတ်မချသလို ကြည့်လိုက်လေသည်။

'ခင်ဗျား ဘယ်လိုနေသလဲ'

သူကလှည့်မေးလိုက်သည်။

လုထိန်က သစ်ပင်ကို ကျောမှီကာ ထိုင်လိုက်၏။

သူက အံကြိတ်ကာ ခံပြင်းသော လေသံဖြင့် ပြောလေသည်။

'ကျုပ်ကို ထားပစ်ခဲ့ပါဗျာ၊ သခင်မလေးကိုသာ တွေ့အောင်ရှာပါ၊ သူတို့ကို ဆုံးမနိုင်ရင် ကျုပ် သေပျော်ပါပြီဗျာ'



စမ်းယု စိတ်မကောင်းဖြစ်သွားသည်။ သခင်မလေးဆင့်ဆင့်အား ကယ်တင်ရမည်ဖြစ်သော်လည်း ဒဏ်ရာပြင်းထန်စွာ ရထားသည့် လုထိန်အား သည်အတိုင်း ထားခဲ့ရန် စိတ်မချဘဲ ဖြစ်နေသည်။ အင်္ကျီအိတ်ထဲမှ အသက်ကယ်ဆေးတစ်လုံး ထုတ်ယူလိုက်လေသည်။

'ရော့ သည်ဆေးသောက်ထားလိုက်ပါ။ ကျုပ် ပြန်လာခဲ့ပါ့မယ်၊ ခင်ဗျား ဘာမှ မဖြစ်စေရပါဘူး'

'ကျေး ကျေးဇူးပါပဲဗျာ'

စမ်းယုသည် အသက်ကယ်ဆေးတိုက်ရန် လုထိန်ဆီသို့ ချဉ်းကပ်သွားလေ၏။ စမ်းယုက အသက်ကယ်ဆေးပေးသဖြင့် လုထိန်က ယူရန် ဟန်ပြင်လိုက်၏။

သို့သော် မျက်နှာပျက်သွားပြီး လက်ကို ပြန်ရုတ်သိမ်းလေသည်။ လုထိန်၏ အမူအရာနှင့် အပြုအမူကြောင့် စမ်းယုသည် အကြောများ တုံ့ဆိုင်းသွားပြီး မေးလိုက်မိသည်။

'ဘာဖြစ်လို့လဲဗျ'

လုထိန်၏ မျက်လုံးများ ပြူးကျယ်သွားသည်။

'နောက် နောက်မှာ'

'ဘာ'

စမ်းယု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ချာကနဲလှည့်ကာ လက်ဝါးရိုက်ထုတ်ပစ်လိုက်၏။ သူ၏ လှုပ်ရှားမှုက လျှပ်ပြက်သလို လျှင်မြန်နေ၏။

အကယ်၍ အနောက်ဘက်တွင် ရန်သူရှိနေလျှင် သူ၏ လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ပါချေ။

'ဟူး'

လေတိုးသံ ထွက်ပေါ်လာ၏။ စမ်းယု၏ ပြင်းထန်သော လက်ဝါးရိုက်ချက်သည် လေထဲသို့ ရိုက်ချလိုက်လေ၏။ သို့သော် နောက်ကျောဘက်၌ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေချေ။

'ဟင်'

စမ်းယု ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ရန်သူမရှိပါဘဲ လုထိန်က အဘယ်ကြောင့် နောက်၍ ပြောရပါသနည်း။

တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း စမ်းယု နားလည်လာလေကော့သည်။ လုထိန်သည် သေလုနီးပါးဖြစ်နေခြင်းကြောင့် ကယောင်ကတန်း ပြောနေခြင်းလော။

သူ၏ တစ်ကိုယ်လုံး အေးစက်တောင့်တင်းလာသည်။ လုထိန်ဘက်သို့ ပြန်လှည့်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် သူ့ကျောပြင်၌ ပြင်းထန်သော နာကျင်မှုဝေဒနာ ခံစားလိုက်သည်။

'အင့်'

စမ်းယုရှေ့သို့ ငိုက်ကျသွားလေသည်။

'ဟား ဟား ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်။

လုထိန်၏ ရယ်သံဖြစ်သည်။ စမ်းယုက ဝေဒနာကို ကျိတ်မှိတ်ခံစားရင်း လှည့်ကြည့်လိုက်ရာ လုထိန်က ရယ်မောရင်း ထရပ်လာသည်ကို တွေ့လိုက်ရ၏။

'ခင် ခင်ဗျား'

လုထိန်ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျား အလိမ်ခံလိုက်ရပြီ'



'ခင်...ခင်ဗျား ဘာကြောင့် သည်လိုလုပ်ရတာလဲ၊ ကျုပ်နားမလည်နိုင်တော့ဘူး'

လုထိန်က

'နေမင်းသူရိန်ကျင့်စဉ်ကို လူတိုင်း လိုချင်မက်မောနေကြတယ်ဆိုတာကို ခင်ဗျား မေ့ထားတာကိုး'

'ဘာ'

'ကျုပ် နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်လို့ နှစ်ပေါင်းများစွာ အနစ်နာခံပြီး သူများရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့တာပါ'

စမ်းယု အံကြိတ်လိုက်လေသည်။

'ခင်ဗျားက အကြံသမားဖြစ်နေတာကိုး'

လုထိန် တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

'ကျုပ်က သခင်မလေးကို ခေါ်သွားပြီး အေးအေးဆေးဆေး အကောင်အထည်ဖော်ဖို့ စိတ်ကူးထားတာ၊ သည်ကြားထဲမှာ ခင်ဗျားတို့ ရောက်လာတော့ အချိန်မဆွဲဝံ့တော့ဘဲ အမြန်ဆုံး အကောင်အထည် ဖော်လိုက်ရတာပေါ့ဗျာ'

စမ်းယု ဒေါသထွက်လာသည်။

'ခင်ဗျား တော်တော် ယုတ်မာတာပဲ၊ ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ကာ လုထိန်ထံ ခု[illegible]င်တိုက်ခိုက်လိုက်လေသည်။ သို့သော် ဒဏ်ရာပြင်းစွာ ရထားပြီးဖြစ်ရကား သူ၏ တိုက်ခိုက်မှုမှာ ထိရောက်ခြင်း မရှိတော့ပေ။

လုထိန်က ခုခံတိုက်ခိုက်ခြင်းမပြုဘဲ အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။

စမ်းယု အရှိန်လွန်ကာ မြေပေါ်လဲကျသွားတော့သည်။

'ဝုန်း'

ထို့နောက် မြေပေါ်မှ ပြန်မထနိုင်တော့ပါ။

လုထိန်သက်ပြင်းချလိုက်သည်။

'နောက်နှစ်ယောက် ရှိသေးတယ်'

တီးတိုးရေရွတ်လိုက်လေ၏။ သူ့တီးတိုးသံကို သူပဲ ကြားပါသည်။ စမ်းယုကား တုတ်တုတ်မျှ မလှုပ်တော့ဘဲ အသက်ပျောက်သွားပြီ ဖြစ်ပါသည်။

လုထိန်က နောက်နှစ်ယောက်ရှိသေးသည်ဟု ပြောနေသည်မှာ ရှမ်းချီနှင့် ရီကျင်းတို့အား ရည်ရွယ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ထိုစဉ်

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေ၏။လုထိန်မျက်နှာတည်သွားသည်။ စမ်းယု၏ အော်သံကြောင့် ရှမ်းချီနှင့်ရီကျင်းတို့ ပြေးလွှားလာနေကြပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

လုထိန်သည် ဝှက်ထားသော ဓားမြှောင်တစ်လက်ကို ထုတ်ကာ ရင်ဝ၌ တော့၍ လက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

ထို့နောက် အနီးရှိ သစ်ပင်တစ်ပင်ကို ကျောမှီကာ ထိုင်ချလိုက်သည်။ တဖန်

'အား'

ရူးရကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

မရှေးမနှောင်းမှာပင် ရှမ်းချီနှင့်ရီကျင်းတို့ ပြေးလွှားရောက်ရှိလာကြလေတော့သည်။



စမ်းယုမှာ သစ်ပင်ကို ကျောမှီကာ သေဆုံးနေပြီ ဖြစ်လေသည်။ လုထိန်လည်း ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေ၏။

အကျည်းတန်လှသည့် မြင်ကွင်းကြောင့် ရှမ်းချီနှင့် ရီကျင်းတို့ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

'တောက်'

ရီကျင်း ဒေါသတကြီး တက်ခေါက်လိုက်သည်။

'စမ်းယု စမ်းယု'

ကပျာကယာ ပြေး၍ ဖေးမလိုက်၏။

စမ်းယုက သူ၏ ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ချေ။ ရီကျင်းသည် အလွန်ခင်မင်ရင်းနှီးသည့် မိတ်ဆွေ သေဆုံးသွားပြီ ဖြစ်၍ ဒေါသမထိန်းနိုင်အောင် ဖြစ်လာလေ၏။

'စမ်းယု ခင်ဗျားကို သတ်သွားတဲ့ လူကို ကျုပ်က မိုးအဆုံးမြေအဆုံး လိုက်ရှာပြီး သုတ်သင်ပစ်ပါ့မယ်ဗျာ'

ကတိသစ္စာ တိုင်တည်လိုက်သည်။

တကယ်တော့ မိုးအဆုံးမြေအဆုံး လိုက်လံရှာဖွေစရာ မလိုပါ။ စမ်းယုအား လုပ်ကြံသူမှာ သူနှင့် လက်တစ်ကမ်းအကွာတွင် ရှိနေသည် မဟုတ်ပါလား။ ရီကျင်းက လုထိန်ကို ကြည့်လိုက်သည်။

လုထိန်က အသက်ရှင်နေသေးကြောင်း မသဲမကွဲ ညည်းညူသံပေးလိုက်ခြင်းကြောင့် ဖြစ်သည်။ ရှမ်းချီကလည်း လုထိန်အား ကြည့်လိုက်သည်။

အဖြစ်မှန်ကို မသိကြသဖြင့် လုထိန်နှင့် စမ်းယုတို့အား တိုက်ခိုက်သွားသူမှာ ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာထက်မြက်နေလိမ့်မည်ဟု ယူဆနေ၏။

ရီကျင်းက လုထိန်အနီးသို့ ချဉ်းကပ်သွားကာ မေးလိုက်၏။
'ဘယ်ရောက်သွားပြီလဲ'
လူသတ်တရားခံအား မေးလိုက်ခြင်းဖြစ်ပါသည်။
လုထိန်က တအင်းအင်း ညည်းညူနေပြီး ဘာမှ မပြောချေ။
ရီကျင်းက လုထိန်၏ ဝေဒနာကို ဂရုမစိုက်နိုင်ပါချေ။
'ဘယ်ရောက်သွားပြီလဲ'
သူက ထပ်မေးလိုက်သည်။
ယခုတ ကြိမ် လုထိန်၏ နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်လာပြီး
'အနောက်ဘက်ကို ပြေး ပြေးပြီ'
မပွင့်တပွင့် ပြောလိုက်သည်။ အလွန်တရာ ဟန်ဆောင်ကောင်းလှသည်တကား။ ရီကျင်းက ရှမ်းချီအား ကြည့်လိုက်၏။
ရှမ်းချီ ခေါင်းညိတ်ပြီးပြောသည်။
'သူ့ကို ဦးစောင့်ရှောက်ထားလိုက်ပါ။ ရန်သူနောက်ကို ကျွန်တော် လိုက်သွားမယ်၊ ရန်သူဝေးဝေး မရောက်သေးဘူး'
စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ကိုယ်ဖော့ပညာအသုံးပြုပြီးလျှင် မြန်စွာ ပြေးထွက်သွားတော့သည်။
'နေဦး'
ရီကျင်း ဟန့်တားလိုက်သော်လည်း မရတော့ချေ။ ရှမ်းချီမှာ သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။ ရှမ်းချီ ထွက်သွားပြီဖြစ်သည်။
ရီကျင်း မကျေမနပ်ဖြစ်နေ၏။
'လူသတ်ကောင်ဟာ ငါ့အဘွက်ပဲကွ'
ချက်ချင်း ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေသည်။



ထိုစဉ် လုထိန်၏ တအင်းအင်း ညည်းညူသံ ထွက်ပေါ်လာလေသည်။ ရီကျင်း လှည့်ကြည့်လိုက်၏။
လုထိန် မျက်လုံးဖွင့်လာပြီး အသနားခံသည့် အကြည့်ဖြင့် ကြည့်သည်၊ လေသံသဲ့သဲ့ဖြင့် ပြောလေသည်။
'မိတ်ဆွေ ကျုပ် ကျုပ်ဝေဒနာကို ဆက်ပြီး မခံစားနိုင်တော့ပါဘူး၊ ကျေးဇူးပြုပြီး မိတ်ဆွေရဲ့လက်ဝါးတစ်ချက်နဲ့ ကျုပ်ကို အဆုံးစီရင်လိုက်ပါဗျာ'
သူ၏ ပရိယာယ် အောင်မြင်သွားလေတော့သည်။ ရီကျင်း စိတ်ပြောင်းသွား၏။ လုထိန်အပေါ် ဂရုဏာ သက်သွားသည်။
'ဘာမှ မပူပါနဲ့ ခင်ဗျားကို ကျုပ် ကူညီမယ်'
ပြောရင်း လုထိန်အနီးသို့ ချဉ်းကပ်သွားလိုက်သည်။ လုထိန်၏ မျက်နှာရှုံ့မဲ့နေသည်။
'ကျုပ်မနေရတော့ပါဘူးဗျာ'
'ခင်ဗျား သည်လောက်တောင် စိတ်အားမလျှော့စေချင်ဘူး၊ ကျုပ် ကူညီနိုင်မှာပါ'
ရီကျင်းအားပေးစကားပြောရင်း လုထိန်၏ နံဘေး၌ ဒူးထောက်ချလိုက်၏။ လုထိန်၏ အခြေအနေကို စစ်ဆေးကြည့်ရန် ဟန်ပြင်လိုက်သည်။
သူ စစ်ဆေးကြည့်မည်ဆိုလျှင် လုထိန်ဟန်ဆောင်သည်မှာ ပေါ်လွင်သွားတော့မည် ဖြစ်လေသည်။
လုထိန်က အံ့ဩဟန်ဖြင့် လွှတ်ခနဲ ပြောလိုက်၏။
'ဟာ စမ်းပ မသေသေးပါလား'
သူ၏ စကားကြောင့် ရီကျင်းကြောင်အမ်းအမ်းဖြစ်သွားလေ

တော့သည်။

'ဘာ စမ်းယု မသေသေးဘူး ဟုတ်လား'

သတိလက်လွတ်ဖြစ်ကာ စမ်းယုဘက်သို့ လှည့်ကြည့်လိုက်မိသည်။ လုထိန်အား ကျောခိုင်းထားလိုက်သလို ဖြစ်သွားတော့သည်။

ထိုတဒင်္ဂအချိန်လေးမှာပင် လုထိန်က ရရှိလာသည့် အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်လေ၏။

ဓားမြှောင်ဖြင့် ရီကျင်း၏ ကျောပြင်ကို ထိုးစိုက်ချလိုက်ခြင်းဖြစ်ပါသည်။ နောက်ကျောဘက်မှ လေတိုးသံကြောင့် ရီကျင်း ရင်ထိတ်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်၏။ လုထိန် အကောက်ကြံလာသည်ကို မြင်လျှင်

'ဒါ ဘာလုပ်တာလဲ'

အော်ပြောရင်း နောက်သို့ ခုန်ဆုတ်လိုက်လေသည်။ သို့တိုင်လှုပ်ရှားနိုးကပ်နေသည်ဖြစ်ရကား လွတ်လွတ်ကျွတ်ကျွတ် ရှောင်တိမ်းနိုင်ခြင်းမရှိခဲ့ချေ။ လုထိန် ထိုးသွင်းလိုက်သော ဓားမြှောင်က သူ၏ဝမ်းဗိုက်၌ စိုက်ဝင်သွားသည်။

'အင့်'

ရီကျင်း လွတ်ခနဲ အော်လိုက်၏။ ဟန်ချက်ပျက်ကာ ဒယီးဒယိုင် ဖြစ်သွားတော့သည်။ လုထိန်က အချိန်ဆွဲမနေပါချေ။

ချက်ချင်း ခုန်ထကာ ရီကျင်း၏ နားထင်ကို လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

ရီကျင်းက သတိကောင်းသူဖြစ်ရကား ခေါင်းငုံ့ရှောင်လိုက်ကာ ပြင်းထန်သော လက်ဝါးရိုက်ချက်သည် ပွတ်ကာသီကာ ဖြတ်ကျော်သွားပြီး ဦးခေါင်းတစ်ခုလုံး ကျိန်းစပ်သွ းတော့သည်။



ရီကျင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ပြန်သည်။

'မင်း မင်း ဘာကြောင့် သည်လို လုပ်ရတာလဲ'

လုထိန်က ရှင်းပြမနေတော့ဘဲ နောက်ထပ် ဓားမြှောင်နှစ်လက်ထုတ်ယူကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

ရီကျင်းမှာ ဒဏ်ရာရထားသည် မှန်သော်လည်း ဝမ်းဗိုက်၌ဖြစ်၍ ရုတ်တရက် သေဆုံးသွားနိုင်လောက်သည့် ဒဏ်ရာမျိုး မဟုတ်ချေ။ ရီကျင်းသည် ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ထုတ်ကာ လုထိန် နှင့်ရင်ဆိုင်လိုက်သည်။

ရီကျင်း အကြောက်အကန် ခုခံနေသောကြောင့် လုထိန်အခက်ကြုံသွား၏။ စမ်းယုကဲ့သို့ လွယ်လင့်တကူ သုတ်သင်ရှင်းလင်းပစ်နိုင်တော့မည် မဟုတ်ပါ။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်

'ဝုန်း'

ရီကျင်း နောက်ဆုတ်သွားရလေသည်။ လုထိန်၏ နောက်ထပ် ဓားမြှောင်တစ်လက်သည် ရီကျင်း၏ ဝဲဘက်ပခုံး၌ စိုက်ဝင်သွားသည်။

နောက်ထပ် ဒဏ်ရာရရှိလိုက်သည်နှင့် လုထိန်အား ရေရှည်ရင်ဆိုင်နိုင်တော့မည် မဟုတ်ကြောင်း ရီကျင်း သဘောပေါက်သွားလေသည်။ ထို့ကြောင့်

'ရှမ်းရှီ မြန်မြန်လာ'

ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

လုထိန် မဲ့ပြုံး ပြုံးလိုက်သည်။

'ရှမ်းရှီ ရောက်လာလည်း အကြောင်း မထူးတော့ပါဘူးဗျာ၊

ခင်ဗျားရဲ့ နောက်ကို လှည့်ကြည့်လိုက်စမ်းပါ၊ ကျုပ်ရဲ့ လူတွေ ရောက်လာပြီ၊ ခင်ဗျားတော့ ရှမ်းချီပါ ကျုပ်လက်ထဲက မလွတ်နိုင်တော့ပါဘူး'

ရီကျင်း လှည့်မကြည့်ပါ။

'ကျုပ်ကို လှည့်စားလို့ ရမယ်ထင်ရင် ခင်ဗျား ရူးသွပ်နေလို့ပဲ ဖြစ်ရမယ်'

လုထိန် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် တကယ်ပြောနေတာ'

'ဟား ဟား ဟား ကျုပ်က..'

ရီကျင်းလှောင်ပြောင်ရယ်မောလိုက်သော်လည်း သူ၏ရယ်သံမှာ တစ်ဝက်တစ်ပြက်ဖြင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် နောက်ကျောဘက်မှ ဓားတစ်လက်တိုးဝင်လာသည်ဟု အေးစိမ့်သော အငွေ့အသက်များ ခံစားလိုက်ရခြင်းကြောင့်ပင်တည်း။

ရီကျင်း သတိဝင်လာသောအခါ နောက်ကျနေပြီဖြစ်သည်။ ပါးလွှာထက်မြက်သော ဓားတစ်လက်က သူ၏ နောက်ကျောသို့ ထိုးဖောက်ဝင်ရောက်လာလေတော့၏။

'အင့်'

ပြင်းထန်သော ဝေဒနာကြောင့် ရီကျင်း၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာသည်။ ရီကျင်း အံကြိတ်ရင်း နောက်လှည့်ကြည့်မိ၏။ ထိုအခါ ဘုံကျောင်းပျက်လေးရှေ့၌ ရှမ်းချီနှင့် တိုက်ခိုက်ခဲ့သည့် အနီရောင်ဝတ်ဆင်ထားသူအား တွေ့လိုက်ရသည်။

'မင်း'

ထိုလူ ဘာမှ မပြောပါ။ လုထိန်က ရယ်မောလိုက်သည်။



'ကျုပ်လူတွေ ရောက်လာပြီ၊ ခင်ဗျားတို့ ဘာမှ မတတ်နိုင်ပါဘူးလို့ ကျုပ်ပြောပြီးပြီပဲဗျာ'

သူ၏ လက်ထဲမှ ဓားမြှောင်ဖြင့် ရီကျင်းကို ထိုးသွင်းလိုက်၏။ ရီကျင်း မရှောင်နိုင်တော့ပါ။

မျက်လုံးပြူးထွက်လာပြီး ခန္ဓာကိုယ်တဆတ်ဆတ် တုန်ယင်ကာ မြေပေါ် ဒူးထောက်ကျသွားလေ၏။

အနီရောင် ဝတ်ဆင်ထားသူက ရီကျင်း၏ ဖက်ပိုးကို ပိုင်းချရန် ဓားကို မြှောက်လိုက်၏။ ထိုအချိန်မှာပင်

'ရပ်လိုက်'

ဟန့်တားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရှမ်းချီ တဟုန်ထိုး ပြေးလာသည်ကို တွေ့လိုက်ရလေသည်။

ရှမ်းချီကို မြင်သည်နှင့် လုထိန်၏ ဟန်အမူအရာသည် ချက်ချင်းပြောင်းလဲသွားလေတော့သည်။

'ရှမ်းချီ မြန်မြန်လာပါ'

အော်ပြောလိုက်၏။ တဖန် အနီရောင်ဝတ်ထား သူအားတိုက်ခိုက်လိုက်လေတော့သည်။

လုထိန်မှာ အလွန် အကောက်ဉာဏ်များသူ ဖြစ်သည်။ အနီရောင်ဝတ်ထားသူကလည်း အကင်းပါးသူဖြစ်သည်။

လက်ဝှေ့ယမ်းကာ လုထိန်အား တိုက်ခိုက်လိုက်သည်။ ရုတ်တရက်ဆိုလျှင် ဒဏ်ရာ ပြင်းထန်စွာရထားသည့် လုထိန်အား အနီရောင်ဝတ်ထားသူက လုပ်ကြံပစ်ဖို့ ကြိုးစားနေသည်ဟု ထင်မှတ်ရမည် ဖြစ်လေသည်။ ရှမ်းချီသည်လည်း ထိုကဲ့သို့ပင် ထင်မှတ်သွားသည်။

'ရပ်လိုက်'

အော်ငေါက်ရင်း အနီရောင်ဝတ်ဆင်ထားသူထံ ပြေးဝင်တိုက်ခိုက်လိုက်လေတော့၏။

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာသည်။ လုထိန်သည် အနီရောင်ဝတ်ဆင်ထားသူအား မည်သို့မျှ မယှဉ်နိုင်တော့ဟန်ဖြင့် မြေပေါ် ပစ်လှဲချလိုက်၏။ ရီကျင်းနှင့် စမ်းယုတို့ နံဘေး၌ ခွေခွေကလေး ဖြစ်သွားလေသည်။

'ဟာ'

ရှမ်းချီ လွှတ်ခနဲ အော်လိုက်လေသည်။ ရီကျင်း၊ စမ်းယုနှင့် လုထိန်တို့မှာ အနီရောင်ဝတ်ထားသူ၏ လက်ချက်ကြောင့် ဒုက္ခရောက်သွားပြီဟု ယုံကြည်သွားပြီး ဒေါသခြောင်းခြောင်း ထွက်လာလေတော့သည်။

'လူယုတ်မာ သေပေတော့'

ကြုံးဝါးရင်း အနီရောင်ဝတ်ဆင်ထားသူအား တရကြမ်း တိုက်ခိုက်လေတော့သည်။ ရှမ်းချီ၏ သိုင်းပညာ အလွန်ထက်မြက်နေမှန်း အနီရောင်ဝတ်ထားသူ ကောင်းစွာ သိရှိထားလေသည်။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ ချာခနဲ လှည့်ကာ ထွက်ပြေးသွားတော့သည်။

'မင်း ဘယ်ပြေးမလဲ'

ရှမ်းချီ အော်ငေါက်ကာ ပြေးလိုက်သွားစဉ်

'ဝုစ် ဝုစ် ဝုစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။ သစ်ပင်ချုံနွယ်များကြား



မှ လက်နက်ပုန်းကလေးများ ပစ်လွှင့်လာလေတော့သည်။

ရှမ်းချီ ရင်ထိတ်သွားပြီး

'ယား'

ညာသံပေးကာ လေထဲ ခုန်တက်ပြီး ရှောင်တိမ်းပေးလိုက်လေသည်။

ထိုအချိန်မှာပင် အနက်ရောင်ဝတ်ဆင်ထားသူများ ဟိုမှသည်မှ ထွက်ပေါ်လာကာ ရှမ်းချီ မြေပေါ် ပြန်ကျလာသည်နှင့် ထွက်ပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြလေတော့သည်။

အနီရောင်ဝတ်ထားသူက ပြန်လှည့်လာသည်။

'ဟား ဟား ဟား'

ရှမ်းချီ၏ အဖြစ်ကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်လေသည်။ ရှမ်းချီ မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားတို့ လူများပေမယ့် ကျုပ်က မှုမယ် မထင်ပါနဲ့ဗျာ'

ဝိုင်းရံထားသည့် အနက်ရောင်ဝတ်ဆင်ထားကြသူများအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လုထိန်၏ စကားသံ ထွက်ပေါ်လာသည်။

'ရန်သူတွေ အင်အားကောင်းနေတယ်၊ ကျုပ်ကို ထားပြီး ပြေးပါတော့'

ရှမ်းချီ လှည့်ကြည့်လိုက်ရာ လုထိန် မြေပေါ်မှ လူးလိမ့်ထလာသည်ကို တွေ့လိုက်ရလေသည်။ သူ၏ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံနေ၏။ သူ၏ သွေးမဟုတ်ဘဲ ရီကျင်းနှင့် စမ်းယုတို့၏ သွေးများ ဖြစ်ပါတော့သည်။

ရှမ်းချီသည် လုထိန်အတွက် စိတ်ပူသွားပြီး အားပေးစကား

ပြောလိုက်လေသည်။

'မပူပါနဲ့ဗျာ၊ သူတို့ ဘာမှ တတ်နိုင်ကြမှာ မဟုတ်ပါဘူး'

လုထိန်က

'သူတို့က လူများတယ်၊ မင်းပြေးပါတော့၊ သိုင်းလောကသား တွေကို သခင်မလေး အဖမ်းခံလိုက်ရတဲ့အကြောင်း ပြောပြပါ၊ သူတို့ ကို သိုင်းလောကတစ်ခုလုံးက ဝိုင်းပြီး ချေမှုန်းကြပါလိမ့်မယ်'

ရှမ်းရှိ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် မသွားဘူး'

ထိုစဉ်

'ဟား ဟား ဟား'

အနီရောင်ဝတ်ထားသူက ကျယ်လောင်စွာ ရယ်မောကာ ရှေ့တိုးလာသည်။ ရှမ်းရှိ မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျား ခုလို ရယ်မောနိုင်တာ နောက်ဆုံးအကြိမ်ပဲ ဖြစ် ရမယ်'

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

အနီရောင်ဝတ်ဆင်ထားသူက လက်ကာပြပြီး အကျပ်ကိုင် လိုက်သည်။

'မင်း ခုခံတိုက်ခိုက်မယ်ဆိုရင် သခင်မလေးကို ကျုပ် သတ်ပစ် လိုက်မှာပဲ'

'ဘာဗျ'

'ကျုပ်ပြောတာ ရှင်းပါတယ်လေ'

'ခင် ခင်ဗျား'



ရှမ်းရှိ ခံပြင်းသွားသော်လည်း တိုက်ခိုက်ရန်ပင် မရဲဖြစ်သွား လေတော့သည်။

အနီရောင်ဝတ်ထားသူ ရယ်မောလိုက်ပြန်သည်။

'မင်းဆက်ပြီး ခုခံမယ်ဆိုရင် သခင်မလေးကို သတ်ပစ်လိုက် ဖို့ပဲ ရှိတော့တယ်'

'တောက်'

ရှမ်းရှိ ဒေါသတကြီး တက်ခေါက်လိုက်လေ၏။

အနီရောင်ဝတ်ထားသူက

'ကျုပ်တို့ ထွက်သွားမယ်၊ မင်းလိုက်လာဖို့ မကြိုးစားပါနဲ့'

စကားဆုံးသည်နှင့် သူ၏ လူများကို ခေါ်ကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

***

## အခန်း (၁၅)
## ပရိယာယ်ဆင်သူ

အနီရောင်ဝတ်ဆင်ထားသူတို့ ထွက်ပြေးသွားကြပြီ ဖြစ်သည်။ ရှမ်းချီမှာ ဟန့်တားခြင်းမပြုနိုင်ဘဲ လက်ပိုက်ကြည့်ခဲ့ရ သည်ကို ယူကြုံးမရ ဖြစ်နေ၏။

အနီရောင်ဝတ်ထားသူတို့ လုစ မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ရှမ်းချီ တက်ခေါက်လိုက်သည်။

'တောက်'

ထိုစဉ်

'ရှမ်းချီ မင်းမြန်မြန်သွားပါ၊ သခင်မလေး အဖမ်းခံလိုက်ရတယ်ဆိုတဲ့ သတင်း သိုင်းလောကမှာ ဖြန့်လိုက်ပါ၊ ကျုပ်ကို ထားပစ်ခဲ့ပါ'

လုထိန်၏ စကားသံ ထွက်ပေါ်လာလေသည်။ ရှမ်းချီ စိတ်မကောင်းဖြစ်သွားလေသည်။

'ဦးရယ် အားမလျှော့ပါနဲ့ဗျာ၊ သမားတော်ဆီ ရောက်အောင် ကျွန်တော် ခေါ်သွားပါ့မယ်'



'မဟုတ်တာကွယ် သခင်မလေးအတွက် ပိုပြီး အရေးကြီးပါတယ်၊ မင်း မြန်မြန်သွားပါ'

လုထိန်က ငြင်းသည်။ ရှမ်းချီ ပြုံးလိုက်သည်။

'ခုချိန်မှတော့ မထူးပါဘူး၊ ဦးကို သမားတော်ဆီကို ပို့ပြီးမှ သခင်မလေးနောက်ကို ကျွန်တော်လိုက်သွားပါ့မယ်၊ သူတို့ဟာ နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်ကြလို့ ဖမ်းခေါ်သွားကြတာဆိုတော့ သခင်မလေးကို ရုတ်တရက် အန္တရာယ် ပြုကြမှာ မဟုတ်ပါဘူး'

'ကျုပ်က အရေးမကြီးပါဘူး၊ သခင်မလေးက ပိုပြီး အရေးကြီးပါတယ်'

'ဦးရယ်...'

ရှမ်းချီ စိတ်မကောင်းဖြစ်သွားသည်။ လုထိန်အား ကြည့်လိုက်ရာ တစ်ကိုယ်လုံးသွေးချင်းချင်းနီ ရဲနေသဖြင့် အချိန်မီ ဆေးဝါးကုသမှု မခံယူနိုင်လျှင် သေဆုံးသွားရတော့မည်ဟု ယူဆမိသည်။

ထို့ကြောင့်

'သမားတော်တစ်ယောက်ကို ကျွန်တော်တို့ အရင်ဆုံး လိုက်ရှာမယ်'

ရှမ်းချီက ဆုံးဖြတ်ချက်ချလိုက်သည်။

'ဦးကို ကျွန်တော် ခေါ်သွားပါ့မယ်'

ဟု ပြောလိုက်လေ၏။ ရှမ်းချီသည် လုထိန်၏ ထောင်ချောက်ထဲသို့ ကျရောက်သွားသည်။

သူက လုထိန်အား ပွေ့ချီလိုက်ချိန်မှာပင် လုထိန်က ဓားမြှောင်တစ်လက်ဖြင့် ရှမ်းချီ၏ ရင်ဝကို ထိုးစိုက်ချလိုက်လေတော့သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရှမ်းချီ မရှောင်နိုင်တော့

ပါချေ။

'အား'

ရုံးရှစ္စာ အော်ဟစ်ကာ မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

✳

လရောင်ဖြာကျနေသည်။ ဝန်းကျင်တစ်ခုလုံး သာသာယာယာ ရှိနေသည်။

ဘုံကျောင်းပျက်သည် အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ကျင်းဖုံးက ခြေလှမ်းရပ်လိုက်လေသည်။ ကောင်းကင်မှ လဝန်းကို မော့ကြည့်လိုက်၏။ လဝန်းမှာ ဝိုင်းစက်ကြည်လင်နေသည်။

လဝန်းတွင် ချောမောလှပသော မိန်းကလေးတစ်ယောက်၏ ရုပ်သွင်ထင်ဟပ်နေ၏။

သခင်မလေးဆင့်ဆင့်၏ ရုပ်သွင်ဖြစ်ပါသည်။ ကျင်းဖုံးမှာ တစ်သက်နှင့်တစ်ကိုယ် မဖြစ်ပေါ်ဖူးသော ခံစားချက်များဖြစ်ပေါ်နေတော့သည်။

သူက သခင်မလေးဆင့်ဆင့်အား ကူညီဖို့ မစဉ်းစားဘဲ လျစ်လျူရှုခဲ့သော်လည်း သူမက အပြစ်မမြင်ဘဲ လမ်းခရီးတွင် မြင်းတစ်ကောင်ပေးခဲ့သည်။

သူမသည် သိုင်းလောကၣ ထင်ရှားသော သိုင်းသမားကြီးတစ်ယောက်၏ သမီးဖြစ်သည်။ သဘောမနောကောင်းပြီး စိတ်ထားနူးညံ့သိမ်မွေ့၏။ သခင်မလေးဆင့်ဆင့်၏ မျက်နှာလေးကို အမြဲတမ်းတွေ့မြင်လိုစိတ်များ ဖြစ်ပေါ်မိသည်။



သို့သော် ရီကျင်းနှင့် စမ်းယုတို့က သူ့အပေါ် သဘောမကျဘဲ အထင်အမြင်မှားမှုများ ဖြစ်နေသည်။

သူ့အား သကော်မကောင်းသော မျက်လုံးများဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ ထို့ကြောင့်လည်း ရှမ်းချီက အပြင်ထွက်မည်ဟု ပြောသောအခါ ငေါက်ခနဲ ထလိုက်လာခဲ့ခြင်းဖြစ်ပါသည်။

သူက ရှမ်းချီကိုမှ ညီရင်းအစ်ကိုပမာ သံယောဇဉ်ဖြစ်မိသည်။

ငယ်စဉ်က အတူနေထိုင် ကြီးပြင်းခဲ့ရသည့် ရှမ်းစုနှင့် မင်းရီတို့ တက်ပင် ပို၍ သံယောဇဉ်တွယ်တာမိခဲ့ခြင်း ဖြစ်ပါသည်။

အပြင်ထွက်လာပြီးနောက်တွင် ရီကျင်းတို့နှင့် ခပ်ဝေးဝေးနေရန် ဆုံးဖြတ်လိုက်သည်။ နောက်ပိုင်းတွင်း ရှမ်းချီကိုပင် မပြောဘဲ ရီကျင်းတို့၏ အသံဗလံများ မကြားရသည့် တောအုပ်အပြင်ဘက်သို့ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ရှမ်းချီကို ခင်မင်မိ၍ အားလုံးကို ကျောခိုင်းကာ ထွက်မသွားဖြစ်ခဲ့ခြင်းပင်။

နံနက် မိုးစင်စင်လင်းမှ ရှမ်းချီနှင့် ပြန်လည်တွေ့ဆုံရန် ဆုံးဖြတ်ကာ တောအုပ်အပြင်ဘက် ထွက်လာခဲ့ခြင်းလည်း ဖြစ်ပါသည်။

တောအုပ်အပြင်ဘက်၌ တောင်ကုန်းလေးတစ်ခုရှိနေ၏။ ကျင်းဖုံးသည် ရည်ရွယ်ချက်မရှိဘဲ တောင်ကုန်းလေးပေါ်သို့ တက်သွားမိလေသည်။ တောင်ကုန်းလေးအပေါ်၌ ကျောက်ဖျာကြီးတစ်ခုရှိနေ၏။

ကျင်းဖုံးသဘောကျသွားကာ ကျောက်ဖျာပေါ် တက်ကာ လှဲလျောင်းလိုက်သည်။ လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ်လာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အေးအေးမြမြကလေးရှိနေ၏။

ကျင်းဖုံးက ကောင်းကင်ပေါ်မှ လဝန်းကို ငေးကြည့်ရင်း မျက်ခွံများ တဖြည်းဖြည်း လေးလံလာသည်။

နောက်ဆုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတော့သည်။

ထို့ကြောင့် ဘုံကျောင်းပျက်၌ ဖြစ်ပေါ်ခဲ့သည့် အဖြစ်ဆိုးကို သူ လုံးဝ မသိနိုင်တော့ချေ။

နံနက် မိုးစင်စင်လင်းမှ ကျင်းဖုံး နိုးလာလေတော့သည်။

ထိုအခါ

'အောက်အီးအီးအွတ်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။ အရှေ့ဆီဝယ် ရောင်နီများ ပျို့အန်လာပြီဖြစ်ပါသည်။ မကြာမီ မိုးစင်စင်လင်းလာပေတော့မည်။

ကျင်းဖုံးက တောင်ကုန်းလေးပေါ်မှ ဆင်းကာ ဘုံကျောင်းပျက်ဆီသို့ ပြန်လာခဲ့၏။ ရီကျင်းတို့နှင့် မျက်နှာချင်းမဆိုင်လိုသော်လည်း ရှမ်းချီ ရှိနေသေးခြင်းကြောင့် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။

တောအုပ်ကိုဖြတ်ကာ ဘုံကျောင်းပျက်ရှေ့မြေကွက်လပ်သို့ ခြေလှမ်းလိုက်သည်နှင့်

'ဟာ'

ကျင်းဖုံး လွှတ်ခနဲ အော်လိုက်မိလေသည်။ မြေကွက်လပ်တွင် လဲကျသေဆုံးနေသည့် လူသေအလောင်းများကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ကျင်းဖုံး၏ ခန္ဓာကိုယ်ထဲ၊ သွေးကြောများထဲ၌ ရက်စက်မှု၊ အေးစက်မာကျောမှုများ ဖြစ်ပေါ်လာသည်။

ငယ်စဉ်ကပင် ခါးသီးဆိုးရွားသော အဖြစ်များနှင့် ကြုံတွေ့ခဲ့ရသူဖြစ်သည့်အလျောက် အမြဲတစေ လက်တုံ့ပြန်လိုစိတ်များ၊ အတွင်း အစွန်းတွာသဏ္ဍာန်ဝယ် ကိန်းအောင်းနေခဲ့ပေသည်။



အကျည်းတန်သည့် မြင်ကွင်းကို တွေ့လိုက်ရသောအခါ သားရဲတစ်ကောင်နှင့် ရင်ဆိုင်တိုက်ခိုက်ရမည့် မုဆိုးတစ်ယောက်၏ အသွင် ချက်ချင်း ကူးပြောင်းသွားလေတော့သည်။

ကျင်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ လူရိပ်လူယောင်မတွေ့ရသလို ဘုံကျောင်းပျက်ထဲ၌လည်း ငြိမ်သက်နေပေသည်။

နံနက်ခင်းလေပြည်ဝှေ့ယမ်းတိုက်ခတ်လာသောအခါ ကျင်းဖုံး၏ အဝတ်အစားများ တဖျတ်ဖျတ် လူးလွန့်လှုပ်ရှားသွားလေသည်။

ကျင်းဖုံးက အသံခပ်အုပ်အုပ်ဖြင့် အော်လိုက်သည်။

'ရှမ်းချီ'

သူက ရှမ်းချီအတွက် စိုးရိမ်လာသည်။ ဘုံကျောင်း လှေကားထစ်များကို ခုန်ကျော်တက်ကာ ဘုံကျောင်းအတွင်းသို့ ပြေးဝင်လိုက်လျှင် လူသေအလောင်းများကို တွေ့မြင်နေရသော်လည်း ရှမ်းချီ၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။

'ရှမ်းချီ'

ကျင်းဖုံး စိတ်မထိန်းနိုင်တော့ဘဲ အော်ဟစ် ခေါ်လိုက်မိလေသည်။ ထိုအချိန်မှာပင် ဘုံကျောင်းအပြင်ဘက်မှ အသံတစ်ချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းဖုံးက အပြင်ဘက်သို့ ချက်ချင်း ခုန်ထွက်လိုက်၏။ ဘုံကျောင်းအပြင်ဘက်သို့ ရောက်လျှင် သူတွေ့လိုနေသော ရှမ်းချီအား တွေ့မြင်လိုက်ရလေတော့သည်။

ဘုံကျောင်းပျက်ရှေ့သို့ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

သူ၏ တစ်ကိုယ်လုံးသွေးချင်းချင်းနီရဲနေ၏။

'ကျင်းဖုံး'

ကျင်းဖုံးကို မြင်လျှင် ဗလုံးပထွေးခေါ်ကာ မြေပေါ် ခွေခနဲ လဲကျသွားတော့သည်။

'ရှမ်းချို'

ကျင်းဖုံး ချက်ချင်း ပြေးသွားပြီး ဖေးမလိုက်၏။ ရှမ်းချို၏ သွေးများက သူ၏ခန္ဓာကိုယ်၌ စွန်းထင်းပေကျံသွားသည်။

ရှမ်းချိုက

'ကျုပ် ကျုပ် မှားသွားတယ်'

'ဘယ်သူလဲ'

'လုထိန်'

'ဘာ'

'လုထိန်က အကောက်ကြံလိုက်တာ၊ သူက နေမင်းသူရိန် ကျင့်စဉ်ကို လိုချင်နေတယ်'

ရှမ်းချို အားယူကာ ပြောလိုက်လေသည်။ ကျင်းဖုံး ခံပြင်းသွား၏။ အဖြစ်မှန်ကိုလည်း ချက်ချင်း နားလည်သဘောပေါက်သွားလေတော့သည်။ ကျင်းဖုံး၏ မျက်နှာ အေးစက်ကာ ခံစားချက်ကင်းမဲ့သည့် အသွင်ဖြစ်ပေါ်လာလေသည်။

'လုထိန် ဘယ်မှာလဲ'

'အရှေ့ဘက်ကို ပြေးပြီ'

ကျင်းဖုံးက ရှမ်းချိုကို စိုက်ကြည့်လိုက်သည်။



'ခင်ဗျားအတွက် သူ့ကို ကျုပ် ရအောင် ယူပါ့မယ်'

'ကျေး ကျေးဇူးပါပဲ'

ရှမ်းချို၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'သခင်မလေးကို ကယ်တင်ပြီး စောင့်ရှောက်ပေးပါဗျာ'

'ကျုပ်'

'သခင်မလေးကို ကယ်တင်တာဟာ သိုင်းလောကကို ကယ်တင်တာပါပဲ။ ဒါမှမဟုတ်ရင် သိုင်းလောက ပျက်ဆီးသွားပါလိမ့်မယ်၊ ခင်ဗျား ကယ်တင်ပေးမယ် မဟုတ်လားဟင်'

ကျင်းဖုံးက ဘာမှ မပြောဘဲ မလှုပ်မယှက်ရှိလေ၏။

ရှမ်းချိုက

'သွေးဓားဟာ ကျုပ်ကို မိဘမဲ့ဖြစ်အောင် လုပ်ခဲ့တယ်၊ ကျုပ်က သူ့ကို သုတ်သင်မယ်၊ ရှာမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် အရေးအကြောင်းများပေါ်လာလို့ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကို ဘေးဖယ်ထားပြီး သိုင်းလောကအကျိုး ဆောင်ရွက်ဖို့ ကြိုးစားခဲ့တယ်၊ ခင်ဗျားသာ သခင်မလေးကို မကူညီရင် ကျုပ် အသေဖြောင့်တော့မှာ မဟုတ်ပါဘူးဗျာ'

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ မိဘမဲ့ဟူသော စကားသည် သူ၏ အသည်းနှလုံးကို ဖျစ်ညှစ်လိုက်သည့် မိစ္ဆာကြီးများနှင့် တူနေ၏။

သူကြုံတွေ့ခဲ့ရသော ခါးသီးသည့်ဘဝမျိုးကို ရှမ်းချိုလည်း ကြုံတွေ့ခဲ့ရသည်သာ ဖြစ်ပါသည်။

'သခင်မလေးကို ကူညီပါဗျာ'

ရှမ်းချီက အားယူကာ တောင်းပန်လာသည်။ ကျင်းဖုံး သက်ပြင်းချလိုက်သည်။

'ကျုပ် ကူညီပါ့မယ်'

ထိုစကားကို ကျင်းဖုံး လိုက်လိုက်လှဲလှဲ ပြောလိုက်ခြင်းဖြစ်ပါသည်။

'ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားဟာ မိတ်ဆွေကောင်းတစ်ယောက်ပါပဲ'

ရှမ်းချီက နောက်ဆုံးစကား ပြောလိုက်ခြင်းဖြစ်သည်။ သူ၏ အသံ တိမ်ဝင်သွားလေ၏။

ကျင်းဖုံး တောင့်မခံနိုင်တော့ပါချေ။

'ရှမ်းချီ ခင်ဗျား မသေရဘူး'

ရူးရူးဝါးဝါး အော်ဟစ်ရင်း ရှမ်းချီအား ပွေ့ဖက်ထားလိုက်သည်။ သို့သော် ရှမ်းချီ၏ တစ်ကိုယ်လုံး ပျော့ခွေကာ ခေါက်ကြိုးကျနေပြီဖြစ်ပါသည်။

'ရှမ်းချီ'

ကျင်းဖုံး၏ အသံ အက်ကွဲနေ၏။ ထူးဆန်းစွာပင် သူ၏ မျက်လုံးအစုံ၌ မျက်ရည်များ ရစ်ဝဲနေလေတော့သည်။

✳

'ခွပ်ခွပ် ခွပ်ခွပ်'

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ မြင်းစီးသမားတစ်စုသည် မြို့၏ အနောက်ဘက် တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။



မြင်းခွာသံများ ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ သစ်ပင်တစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်။

ထိုလူမှာ ခြေတစ်ဖက်မသန်သော ဒုက္ခိတတစ်ယောက် ဖြစ်၏။ ဒုက္ခိတသည် မြင်းစီးသမားများ ပျောက်ကွယ်သွားသည့် တောအုပ်ဘက်သို့ ကြည့်ကာ သက်ပြင်းချလိုက်သည်။

'ဒီလူယုတ်မာတွေက ဘာမဟုတ်တာလုပ်လာကြပြန်ပြီလဲ မသိဘူး'

ညည်းတွားရင်း နောက်လှည့်ကာ ထော့နင်း ထော့နင်းဖြင့် ထွက်သွားလေသည်။

သူသည် ရေကန်ကြီးတစ်ကန်အား ကွေ့ပတ်လျှောက်သွားပြီးသောအခါ လူရှင်းသော မြို့စွန်လမ်းပေါ်သို့ ရောက်ရှိသွားသည်။

ထိုလမ်းအတိုင်း ဆက်လျှောက်သွားလိုက်ရာ စည်ကားနေသော မြို့လည်ပိုင်းသို့ ရောက်သွားတော့သည်။

ဒုက္ခိတက ဟိုဟိုသည်သည်ကြည့်ပြီး စားသောက်ဆိုင်တစ်ဆိုင် အတွင်းသို့ လှမ်းဝင်လိုက်သည်။

ဆိုင်ထဲ၌ စားသောက်နေသူများဖြင့် စည်ကားနေ၏။ ဆိုင်ထောင့်တစ်နေရာ၌ စားပွဲတစ်လုံးတွင် လူဝကြီးတစ်ယောက် ရှိနေသည်။ ထိုလူဝကြီး၏ စားပွဲ၌သာ နေရာလွတ်ရှိတော့သဖြင့် ဒုက္ခိတသည် ထိုစားပွဲသို့ လျှောက်သွားလေ၏။

လူဝကြီးက ခေါင်းမော့ကြည့်ပြီး ပြုံးပြသည်။ ထိုလူဝကြီးမှာ ပျော်ပျော်နေတတ်သူ ဖြစ်ပုံရသည်။

'တစ်ယောက်ယောက်က သူ့အား လက်သီးဖြင့် ထိုးလျှင်ပင်

ပြုံးနေဦးမည့် လူစားမျိုး ဖြစ်ပုံရသည်။

'ဒီမှာ နေရာလွတ်တာပဲ'

လူဝကြီးက ပြောလိုက်သောအခါ ဒုက္ခိတ ထိုင်ချလိုက်သည်။ စားပွဲပေါ်တွင် စားသောက်စရာ ဟင်းလျာများဖြင့် ပြည့်နှက်နေ၏။

လူဝကြီးတစ်ယောက်တည်း စားလို့ ကုန်နိုင်မည် မထင်ပါ။ ဒုက္ခိတအတွက် မှာကြားစရာ မလိုတော့ဘဲ လူဝကြီးနှင့်အတူတူ စားလျှင်ပင် လုံလောက်မည့်အပြင် ပိုလျှံနေလိမ့်မည် ဖြစ်နေသည်။

ဒုက္ခိတများက ဟင်းလျာများကို ငေးကြည့်နေသဖြင့် လူဝကြီး ခေါင်းညိတ်လိုက်သည်။

'ဘာမှ မှာမနေပါနဲ့တော့ဗျာ။ ကျုပ်မှာထားတာတွေကိုပဲ စားနိုင်ပါတယ်'

'ကျေးဇူးပဲဗျို့'

ဒုက္ခိတက အခွင့်အရေးကို လက်လွှတ်မခံဘဲ ချက်ချင်း နှိုက်ယူ စားသောက်လိုက်တော့သည်။ ဒုက္ခိတက အငမ်းမရ စားနေသော်လည်း လူဝကြီးက အေး အေးဆေးဆေးပင် စားသောက်နေလေသည်။

ကြာသော် ဒုက္ခိတအားတုံ့အားနာ ဖြစ်လာကာ ဆက်ပြီး မစားရဲအောင် ဖြစ်လာသော့သည်။ ထို့ကြောင့် ဒုက္ခိတသည် စကားမရှိ စကားရှာ ပြောလိုက်မိ၏။

'သူဌေး ခြံဝင်းကလူတွေ ပြန်လာကြပြီ၊ မသင်္ကာစရာကောင်းတာတစ်ခု ကျုပ်တွေ့ခဲ့ရတယ်ဗျ'

လူဝကြီး ခေါင်းညိတ်လိုက်သည်။ ဒုက္ခိတက

'သူတို့ဘာလုပ်လုပ် အမြဲတမ်း မသင်္ကာစရာ ကောင်းနေတာပဲဗျ၊ သူတို့ ဘယ်တုန်းကမှ ဟုတ်တာ မလုပ်ဘူး၊ မဟုတ်တာပဲ လုပ်တယ်၊ ဒါပေမယ့် သက်သေပြစရာ မရှိဘူး။ အခုတစ်ကြိမ်တော့ သက်သေပြလို့ ရပြီ။ သူတို့ဟာ မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာကြတယ်ဗျ'



လူဝကြီး ပြုံးလိုက်သည်။

'မင်း သွားမေးရင် သူခိုးမလေးတစ်ယောက်ကို ဖမ်းခေါ်လာတာလို့ ပြောမှာပေါ့'

'ဟာ သူခိုးမလေး မဟုတ်ပါဘူး'

'ဒါဆို မင်း သွားမေးကြည့်ပါလား'

'ခင်ဗျားသွားမမေးဘူးဆိုရင်တော့ ကျုပ် သွားမေးရမှာပဲ'

'ဩော် ကျုပ်ကို သွားမေးစေချင်တာပေါ့လေ'

ဒုက္ခိတ ရယ်မောလိုက်လေသည်။

'ဒါပေါ့ဗျာ။ ခင်ဗျားဟာ မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ အထင်ကရ သိုင်းသမားကြီး မဟုတ်လား၊ သည်နယ်မှာ သူဌေးခြံဝင်းဟာ လူကြီးလူကောင်းဟန်ဆောင်ပြီး နောက်ကွယ်မှာ မကောင်းမှုတွေ လုပ်နေတာ ခင်ဗျားလည်း သိသားပဲ။ လက်ဆုပ်လက်ကိုင် သက်သေ မပြနိုင်လို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတာ မဟုတ်လား၊ အခု ခင်ဗျား ရောက်တုန်းရောက်ခိုက် ကြုံကြိုက်နေလို့ သူတို့ကို ဆုံးမခဲ့တာ အကောင်းဆုံးဖြစ်မယ်'

လူဝကြီး ရယ်မောလိုက်သည်။

'ခင်ဗျား အတွေး မဆိုးဘူး။ ဒါပေမယ့် ကျုပ် မအားတာ ခက်နေတာပဲ'

'ခင်ဗျားက ကျင်းတိန်မြို့ကို သွားမလို့လား'

'ဟုတ်တယ်'

'သူဌေးခြံဝင်းက ဖမ်းသွားတဲ့ မိန်းကလေးအတွက်ကော'

လူဝကြီး သက်ပြင်းချလိုက်သည်။

'သိုင်းလောကအရေးထက်စာရင် မိန်းကလေးတစ်ယောက်အတွက် ကျုပ် **စိတ်မကောင်း**ဖြစ်ရုံကလွဲပြီး ဘာများ တတ်နိုင်ဦးမှာလဲဗျာ'

ဒုက္ခိတက

'အင်း။ သူဌေးခြံဝင်းကို ဆုံးမဖို့ အခွင့်အရေးပေါ်ပါစေလို့ ကျုပ် ဆုတောင်းနေတာ ကြာပြီ၊ အခု သက်သေပြနိုင်တဲ့ **အခွင့်အရေး** ပေါ်လာတော့လည်း ခင်ဗျားက မအားမလပ်ဖြစ်နေတာ တော်တော်ဆိုးတာပဲ'

လူဝကြီးက ပြုံးလိုက်သည်။

'ကဲ ခင်ဗျား ဒီလောက် ဆန္ဒပြင်းပြနေတယ်ဆိုရင်လည်း ကျုပ် လိုက်ခဲ့ပါ့မယ် သွားကြတာပေါ့'

လူဝကြီးက အလျှော့ပေးလိုက်သောအခါ ဒုက္ခိတ စိတ်မကောင်းဖြစ်သွားလေသည်။

'နေပါစေတော့ဗျာ၊ ကျုပ်ကြောင့် ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်နေပါဦးမယ်၊ ကျင်းလိမ်မြို့က ပြန်လာမှပဲ ဒီကိစ္စကို ရှင်းကြတာပေါ့၊ သူဌေးခြံဝင်းက ထွက်ပြေးနိုင်တာမှ မဟုတ်ဘဲ'

လူဝကြီး တွေဝေသွားလေသည်။ ဒုက္ခိတက

'ကျင်းလိမ်မြို့ကို ခင်ဗျားသွားနေတုန်း သူတို့ မဟုတ်မဟုတ်တာ ဘယ်လောက်လုပ်နိုင်မလဲဆိုတာ ကျုပ် ကြည့်ထားပါ့မယ်၊ ခင်ဗျား ပြန်လာမှပဲ စုပြီး စာရင်းရှင်းကြတာပေါ့ဗျာ'



လူဝကြီး ရယ်မောလိုက်လေသည်။

'ဒါဆိုလည်း ပြီးတာပဲ၊ သွားကြပါစို့'

'ကောင်းပြီ'

လူဝကြီးကပင် စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်သည်။ ထို့နောက် နှစ်ယောက်သား ဆိုင်အပြင်ဘက် ထွက်သွားပြီး လမ်းခွဲလိုက်ကြလေတော့သည်။

လူဝကြီးက သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသူဖြစ်သည်။ သူ၏ပုံပန်းက သိုင်းသမားတစ်ယောက်နှင့် မတူပါ။ ပျော့ပျော့နေတတ်သည်။ ဇာတ်ပွဲများမှ လူရွှင်တော် ဖိုးဝရုပ်ကြီးနှင့်တူသည်။

လူဝကြီးသည် သိုင်းသမားများ၊ မြင်းလှည်းသမား၊ ဈေးသည်၊ ဒုက္ခိတ၊ တံငါသည်၊ သူတောင်းစား မည်သူ့ကိုမှ လူတန်းစားမခွဲခြားဘဲ မိတ်ဆွေရင်းချာပမာ ပေါင်းသင်းဆက်ဆံတတ်သူ ဖြစ်ပါသည်။

သူ၏ မိတ်ဆွေများတွင် လူကြီးလူငယ်လူရွယ်လူလတ် အသီးသီးပါဝင်သလို လူမျိုးစုံ အကျင့်စရိုက်ပေါင်းစုံရှိကြသည်။

ဒုက္ခိတသည် ယခင်က သိုင်းသမားတစ်ယောက်ဖြစ်ခဲ့သည်။ အာမခံဌာနတစ်ခုတွင် အမှုထမ်းခဲ့စဉ် လူဝကြီးနှင့် တွေ့ဆုံကာ ခင်မင်ရင်းနှီးခဲ့ခြင်းဖြစ်သည်။

အာမခံပစ္စည်းများအား လူဆိုးများက လုယက်ခဲ့သဖြင့် ရင်ဆိုင်ရပြီးနောက် ဒုက္ခိတဖြစ်သွားရာ သိုင်းလောကကို ကျောခိုင်းကာ ဤမြို့လေး၌ လာရောက်အခြေချ နေထိုင်ခဲ့လေသည်။

မြို့နှင့် မနီးမဝေးတွင် သူဌေးခြံဝင်းရှိသည်။ သူဌေးခြံဝင်းမှ လူများသည် လူကြီးလူကောင်းဟန်ဆောင်ကာ **နောက်ကွယ်မှ**

မကောင်းမှုများ ပြုလုပ်နေသဖြင့် ဒုက္ခိတ ကြည့်မရတော့ချေ။

သူဌေးခြိဝင်း၏ မကောင်းမှုများကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့တော့သည်။ လူကြီးလူကောင်းဟန်ဆောင်သူများသည် လူဆိုးဓားပြများထက် ကြောက်စရာကောင်းသည်ဟု ခံယူထားသည်။

ဒုက္ခိတက တွေးတောငေးမောရင်း လျှောက်လာခဲ့ရာမှ လူတစ်ယောက်အား ဝင်တိုက်မိမလို ဖြစ်သွားသည်။

ဒုက္ခိတ သတိဝင်လာပြီး ကြည့်လိုက်လျှင် ထိုလူငယ် မျက်လုံးအစုံကို တွေ့လျှင် ထိတ်လန့်စိတ်များ ပေါ်ပေါက်လာကာ ခပ်သွက်သွက် ရှောင်ထွက်သွားလိုက်လေတော့သည်။

✳

လမ်းပေါ်တွင် အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။ ကျင်းဖုံးသည် ခုနစ်ရက်တိုင်တိုင် ခြေရာခံပြီးမှ ညီမြို့လေးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

တစ်နည်းဆိုသော် ရှမ်းချီ သေဆုံးသွားခဲ့သည်မှာ ခုနစ်ရက်ရှိပြီဖြစ်သည်။ ဆင့်ဆင့်အား ကယ်တင်ပါမည်ဟု ရှမ်းချီအား ကတိပေးခဲ့သည့်အတိုင်း ကျင်းဖုံးက လုထိန်သို့နောက်သို့ ခြေရာခံကာ လိုက်နေခြင်းဖြစ်သည်။

ကျင်းဖုံးသည် တောထဲတောင်ထဲ၌ နေထိုင်ကြီးပြင်းခဲ့ရပြီး အမဲလိုက် ကျွမ်းကျင်သူ ဖြစ်လေသည်။

ယခုလည်း အမဲလိုက်မုဆိုးတို့၏ အတတ်ပညာကို အသုံးချကာ လုထိန်တို့နောက်သို့ လိုက်နေခြင်းဖြစ်သည်။ လု ထိန်တို့ သည်မြို့လေးကို ရောက်လာခဲ့ကြောင်း သူကောင်းစွာ သိထားလေသည်။

နောက်ထ ခြေရာမတွေ့တော့ဖြင့် လုထိန်တို့ ညီမြို့လေး



၌ပင် ရှိနေမည်ဟု ယုံကြည်မိသည်။

ကျင်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း လျှောက်လာခဲ့စဉ် လူတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားလေသည်။ ထိုလူမှာ ခြေတစ်ဖက် မသန်သူတစ်ယောက်ဖြစ်ပါသည်။

ထိုလူသည် ကျင်းဖုံးအား တောင်းပန်စကား မပြောပါ။ သူ၏ မျက်လုံးများက အေးစက်နေ၏။ ခံစားချက်ကင်းမဲ့သူ အဖော်မဲ့ အထီးကျန်သူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသည်။

ကျင်းဖုံး၏ ရင်ထဲ လှုပ်ရှားသွား၏။ သူကိုယ်တိုင်လည်း အထီးကျန်ဘဝ ရောက်ခဲ့ပြီး ခါးသီးသော ဘဝကို ဖြတ်သန်းခဲ့ရ၏။ မိမိနှင့်ဘဝတူ တစ်ယောက်ကို တွေ့ရပြန်ပြီဟု တွေးမိ၏။

ထိုလူသည် ကျင်းဖုံးကို တစ်ချက်ကြည့်ပြီး ထော့နင်းထော့နင်းဖြင့် ထွက်သွားသည်။ ကျင်းဖုံးလည်း စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်။

ခြေတစ်ဖက်မသန်သူ ထွက်လာသည့်ဆိုင်ဖြစ်သည်။ ဆိုင်ထဲ ရောက်လျှင် စားစရာ အချို့မှာကာ စားလိုက်၏။ တစ်ဖန် ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ မေးမြန်းစုံစမ်းလိုက်သည်။

'သည်မြို့လေးကို ခုရက်ပိုင်းအတွင်းမှာ လူတစ်စု ရောက်လာကြတယ် မဟုတ်လား'

ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'အစ်ကိုလေး ဘာမေးတာလဲဗျ၊ ကျွန်တော်တို့မြို့မှာ နေ့စဉ်နဲ့အမျှ လူ အဝင်အထွက် ရာနဲ့ချီပြီး ရှိနေပါတယ်၊ ဆရာလေး တွေ့ချင်တဲ့လူဟာ ဘယ်လိုလူစားမျိုးတွေဆိုတာ ကျွန်တော် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ'

ကျင်းဖုံးက ရွှေဒင်္ဂါးလေးတစ်ပြားထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

'ကျုပ်က လုထိန်တို့ လူစုကို ပြောတာ သူတို့ဘယ်မှာရှိတယ်ဆိုတာ ပြောနိုင်ရင် သည်ရွှေဒင်္ဂါးလေးဟာ မင်းအတွက်ပဲ ဖြစ်ရမယ်'

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

'လုထိန် ဟုတ်လား သည်နာမည်ကို တစ်ခါမှ မကြားဖူးပါဘူးဗျာ'

သူတို့ ပြောဆိုနေကြစဉ် ဝဲဘက်စားပွဲတစ်လုံး၌ ထိုင်ကာစားသောက်နေသူ သုံးယောက်က မသိမသာ လှည့်ကြည့်လာကြလေ၏။ ထိုလူများသည် ကိုယ်ကျပ်အင်္ကျီများဝတ်ထားပြီး ဓားကိုယ်စီခါးချိတ်ထားသဖြင့် သိုင်းလောကသားများ ဖြစ်သည်မှာ ထင်ရှားလေ၏။

သူတို့သည် ကျင်းဖုံးကို ကြည့်ကာ တီးတိုးပြောဆိုလိုက်ကြသည်။ ကျင်းဖုံးသည် ဆိုင်လုလင်ထံ၌ စုံစမ်း၍ မရသဖြင့် စိတ်ပျက်သွားသည်။

သူ၏ မျက်လုံးထဲ၌ ဘုံကျောင်းပျက်ရှေ့၌ လဲကျသေဆုံးနေသည့် အနက်ရောင်ဝတ်ဆင်ထားသူများအား မြင်ယောင်လာလေသည်။ ကျင်းဖုံး၏ မျက်လုံးများ ဝင်းလက်သွား၏။

'သူတို့ဟာ သိုင်းသမားတွေပါ၊ လက်နက်တွေ ဆောင်ထားကြတယ်၊ အများစုက အနက်ရောင်အဝတ်အစား ဝတ်ထားကြတယ်'

ဆိုင်လုလင်ခေါင်းခါယမ်းလိုက်သည်။

'မ မသိပါဘူးဗျာ'



'မင်းက ရွှေဒင်္ဂါးကို မလိုချင်ဘူးလား'

'ဟင့်အင်း မလိုချင်ပါဘူးဗျာ'

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

ဆိုင်လုလင်သည် လုထိန်တို့ လူစု၏ အကြောင်းကို သိနေခြင်းကြောင့် ရွှေဒင်္ဂါးကိုပင် လက်မခံဝံ့ကြောင်း သတိပြုမိလိုက်သည်။

ထိုအချိန်တွင် တီးတိုးပြောကာ အကဲခတ်နေသူ သုံးယောက်အနက် တစ်ယောက်က ကျင်းဖုံးအား သေသေချာချာ စိုက်ကြည့်ပြီး ထိုင်ရာမှ ထကာ ဆိုင်အပြင်ဘက် ထွက်သွားတော့သည်။

ကျင်းဖုံးလည်း စုံစမ်း၍ မရသည့်အဆုံး လက်လျှော့ကာ ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။

လူသုံးယောက်က သူ့အား အကဲခတ်ကြည့်နေခဲ့ကြောင်း ကျင်းဖုံးသတိပြုမိပါသည်။ တမင် မသိချင်ဟန်ဆောင်ကာ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သူက သားကောင်နောက်သို့ လိုက်သည့် မုဆိုးပညာကို ကျွမ်းကျင်သကဲ့သို့ ရန်သူအား လှည့်စားသည့် နည်းပရိယာယ်ကိုလည်း ရှဲ့တောင်းထဲမှ သင်ကြားခဲ့ရသည် မဟုတ်ပါလား။

ဆိုင်ပြင်ဘက်ရောက်လျှင်

'သနားကြပါဗျာ'

တောင်းရမ်းစားသောက်သူတစ်ယောက် ရောက်လာသဖြင့် ကျင်းဖုံးက ရွှေဒင်္ဂါးလေးတစ်ပြား ထုတ်ပေးကာ မေးလိုက်လေသည်။

'ကျုပ်က ခင်ဗျားအတွက် ရွှေဒင်္ဂါးတစ်ပြားပေးမယ်၊ ကျုပ်သိချင်တာကို ပြောပြမလား'

သူဖုန်းစား၏ မျက်လုံးများ ဝင်းလက်သွား၏။

'မေး...မေးပါဗျာ၊ ပြောပြပါ့မယ်'

တောင်းရမ်းစားသောက်သူများသည် နေရာအနှံ့ ရောက်လေ့ရှိခြင်းကြောင့် သတင်းရနိုင်သည်ဟု ယူဆမိခြင်းကြောင့် မေးမြန်းလိုက်ခြင်းပါသည်။

ကျင်းဖုံးက အနက်ရောင်ဝတ်ဆင်သော သူများအကြောင်း မေးလိုက်လေသည်။

'ဟင်'

သူဖုန်းစား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဘယ်လိုလဲ သည်လူတွေကို ခင်ဗျားသိသလား'

'ဟင့်အင်း ကျုပ် ကျုပ် မသိပါဘူးဗျာ'

ထိုလူသည် ရွှေဒင်္ဂါးကလေးကိုပင် မမက်တော့ဘဲ ချက်ချင်း ထွက်ပြေးသွားလေတော့သည်။

သူဖုန်းစားတစ်ယောက်ကပင် ကြောက်လန့်တကြားဖြစ်နေသည်ဆိုလျှင် အခြားသူများမှာ ဆိုဖွယ်ရာမရှိတော့ပါ။ ကြောက်စရာကောင်းသူတစ်စုနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း နားလည်လိုက်၏။

ထိုလူများ၏ ပိုင်နက်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ဆင်ခြင်မိလိုက်သည်။ ထိုအချိန်မှပင် ဆိုင်ထဲ၌ သူ့အား အကဲခတ်ခဲ့သူ နှစ်ယောက်က ဆိုင်ထဲမှ ထွက်လာကြသည်။

ကျင်းဖုံး ဆိုင်ရှေ့၌ပင် ရှိနေသောအခါ ရှေ့ဆက်သွားရမလို နောက်ပြန်ဆုတ်ရမလို ဖြစ်သွားကြ၏။

ကျင်းဖုံး ပြုံးမိသည်။ ထိုလူများမှာ ရိုးသားခြင်းမရှိကြောင်း သူရိပ်မိလိုက်ပြီ ဖြစ်ပါသည်။

သူလိုက်ရှာနေသူများနှင့် ပတ်သက်နေဂုလိမ့်မည်ဟုလည်း ဆင်ခြင်မိသည်။ အနည်းငယ် စဉ်းစားပြီးမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လိုက်သည်။



ထိုလူနှစ်ယောက်သည် အချင်းချင်း ကြည့်လိုက်ပြီးမှ ကျင်းဖုံးနောက်သို့ မယောင်မလည်ဖြင့် လိုက်သွားကြ၏။

ကျင်းဖုံးက မသိချင်ဟန်ဆောင်ကာ ရှေ့ဆက်လျှောက်သွားလိုက်သည်။ ထိုလူနှစ်ယောက်သည် သဘောထား ပြောင်းသွားပုံရှိသည်။ ကျင်းဖုံးနောက်သို့ ပြေးလိုက်လာကြပြီး ဟန့်တားလိုက်ကြလေသည်။

'မိတ်ဆွေ ခဏနေပါဦးဗျာ'

ကျင်းဖုံး ခြေလှမ်းရပ်လိုက်သည်။

'ဘာကိစ္စရှိလို့လဲဗျာ'

ထိုလူနှစ်ယောက်အနက် တစ်ယောက်က မေးလေသည်။

'ခင်ဗျားက လူတစ်ယောက်ကို လိုက်ရှာနေတာ မဟုတ်လားဗျ'

ကျင်းဖုံး ပြုံးလိုက်သည်။

'ခင်ဗျားတို့ ဘယ်ဆိုးလို့လဲ၊ ကျုပ်လူရှာတာတောင် သိနေကြတာပဲ'

ထိုလူလည်း ပြုံးလိုက်သည်။

'ဟဲ ဟဲစားသောက်ဆိုင်ထဲမှ ပြောဆိုနေသံ ကြားမိလို့ပါ'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က လုထိန်ဆိုတဲ့ လူတစ်ယောက်ကို လိုက်ရှာနေတာပါ'

ထိုလူက

'ဟုတ်ပြီ ခင်ဗျားရှာနေတာ ကျုပ်တို့သိတဲ့ လုထိန်များ ဖြစ်နေမလားလို့ပါ'

'ဩော်'

ကျင်းဖုံးက ထိုလူအား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားက လုထိန်ကို သိတာပေါ့'

'ဟုတ်ပါတယ်ဗျာ'

'ကျုပ်ပြောတဲ့ လုထိန်ဆိုတာက သည်မြို့ကို ပြန်ရောက်လာတာ မကြာသေးဘူး'

'ဟုတ်တယ်'

ကျင်းဖုံးက

'သူနဲ့အတူ အနက်ရောင်ဝတ်ဆင်ထားတဲ့လူတွေလည်း ပါလာတယ်'

'သိပ်မှန်တာပေါ့ဗျာ၊ လုထိန်ရဲ့ တပည့်တွေပေါ့၊ သည်တစ်ခါ သူတို့ ပွပေါက်တိုးလာကြပုံ ရှိတယ်ကွ'

ကျင်းဖုံး ကျေနပ်သွားသည်။ သူမျှော်လင့်ထားသည့်အတိုင်း လုထိန်တို့လူစုအား တွေ့ရတော့မည် မဟုတ်လား။

ထိုလူနှစ်ယောက် အချင်းချင်း ကြည့်လိုက်ကြ၏။ ပြီးမှ တစ်ယောက်က ပြောလေသည်။

'ကျုပ်တို့ ညှိညှိနှိုင်းနှိုင်း လုပ်ကြရင် ကောင်းမယ် ထင်တယ်'

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

'ဘာများလဲဗျ'

'မိတ်ဆွေ သူတို့ဆီက ပစ္စည်းတွေ ရရင် ကျုပ်တို့ကိုလည်း ဝေစုခွဲပေးရမယ်'



'ဩော်'

'ကျုပ်တို့အတွက် ဝေစုပေးမယ်ဆိုရင်တော့ ခင်ဗျားကို ကူညီမှာပေါ့ဗျာ'

ကျင်းဖုံးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ သဘောတူလိုက်သည်။

'ကောင်းပြီ'

ထိုလူက

'တစ်ဝက်ပေးရမှာနော်'

'ကျုပ် သဘောတူပါတယ်ဗျာ'

'ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ပါ'

'ကောင်းပြီ'

ကျင်းဖုံးသည် ထိုလူနှစ်ယောက်နောက်သို့ လိုက်သွား၏။ ထိုလူနှစ်ယောက်က လမ်းမကျယ်များကို ရှောင်ကာ လမ်းကြားလေးများမှ တဆင့် မြို့စွန်သို့ လျှောက်သွားကြသည်။

ထိုလူနှစ်ယောက်တွင် မည်သို့သော အကြံအစည်ရှိနိုင်သည်ကို ကျင်းဖုံး ရိပ်မိထားပြီး ဖြစ်သည်။

မကြာပါ။ လူနေအိမ်ခြေကျဲသော မြို့စွန်တစ်နေရာဆီသို့ ရောက်ရှိသွားကြတော့သည်။

မြို့စွန်တွင် ခြံဝင်းပျက်ကြီးတစ်ခု ရှိနေပါသည်။ ကျင်းဖုံးက ခြံဝင်းပျက်ကြီးကို ကြည့်လိုက်၏။

'သူတို့က သည်ခြံဝင်းပျက်ကြီးထဲမှာလား'

ထိုလူနှစ်ယောက် ဘာမှ မပြောတော့ပါ။

ကျင်းဖုံးက

'သူတို့က...'

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

ထိုလူနှစ်ယောက်အနက် တစ်ယောက်၏ အေးတိအေးစက်အသံထွက်ပေါ်လာခြင်းကြောင့်ဖြစ်လေသည်။

'မင်းက ဘယ်သူလဲ'

ကျင်းဖုံး သက်ပြင်းချလိုက်၏။ ထိုလူများသည် သူမျှော်လင့်ထားသကဲ့သို့ လုထိန်၏လူများ ဖြစ်နေကြပြီ မဟုတ်ပါလား။

ထိုလူသုံးယောက်သည် ကျင်းဖုံးက လုထိန်အား စုံစမ်းနေသည်ကို တွေ့ပါလျှင် မသက်ာဖြစ်ကာ တစ်ယောက်ကို လုထိန်ထံသို့ ပြန်လွှတ်လိုက်ပြီး ကျန်နှစ်ယောက်က ကျင်းဖုံးအား မြို့ပြင်သို့ လှည့်စားခေါ်ထုတ်လာခဲ့ကြခြင်းဖြစ်သည်။

မကြာမီ ကျင်းဖုံးအား ဆုံးမည့်သူများ ရောက်လာကြတော့မည် ဖြစ်သည်။ ကျင်းဖုံးက ပြန်မေးလိုက်သည်။

'ကျုပ်ကို မေးတာလား'

'ဟုတ်တယ် မင်းဘယ်သူလဲ'

'ကျုပ်ဟာ ကျင်းဖုံးပေါ့၊ နေစမ်းပါဦး ခင်ဗျားတို့ကကော ဘယ်သူတွေလဲ၊ လုထိန်ဆီကို ခေါ်သွားမယ်ဆို လုထိန်က ဘယ်မှာလဲဗျ'

ထိုလူနှစ်ယောက်အနက် တစ်ယောက်က ငေါက်လိုက်သည်။

'ဟေ့ အူကြောင်ကြောင် လုပ်မနေနဲ့ မင်းဘာကြောင့် လုထိန်ကို လိုက်ရှာနေရတာလဲ၊ မင်းဘ သူလဲဆို ပြောစမ်း'

ကျင်းဖုံး အဖြေမပေးပါ။



'ခင်ဗျားတို့ကကော ဘယ်သူတွေလဲ၊ လုထိန်ရဲ့ လူတွေများ ဖြစ်နေလို့လား'

ထိုလူနှစ်ယောက် ရယ်မောလိုက်ကြလေသည်။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'သိပ်ဟုတ်တာပေါ့ကွာ'

'မင်းက ဆရာကြီး လုထိန်ကို လိုက်ရှာနေတယ်ဆိုတော့ ဒုက္ခပေးချင်လို့ပဲ ဖြစ်မယ်'

ပြောရင်း ရှေ့တိုးလာကြသည်။ ကျင်းဖုံး သက်ပြင်းချလိုက်၏။ ထိုလူနှစ်ယောက်က သူ့အား ဒုက္ခပေးလာလျှင်လည်း သူ ကျေနပ်မိမည်သာ ဖြစ်ပါသည်။

လုထိန်၏ လူများဖြစ်နေ၍ သူလိုက်ရှာရကျိုးနပ်သွားပြီ မဟုတ်ပါလား။ ထိုလူနှစ်ယောက်က ကျင်းဖုံးအား အထင်သေးနေကြောင်း ထင်ရှားနေပါသည်။ တစ်ယောက်က ပြောလိုက်သည်။

'ကြာပါတယ်ကွာ၊ သည်ကောင့်ကို ဖမ်းခေါ်သွားရအောင်'

'ဟုတ်တယ်၊ ဒုက္ခပေးမယ့်လူရှိရင် ဖမ်းခေါ်လာ၊ ဆုငွေပေးမယ်လို့ ဆရာလုထိန် အတိအလင်း ပြောထားတာပဲ၊ သူ့ကိုဖမ်းခေါ်သွားတာ အကောင်းဆုံးပဲ'

ကျန်တစ်ယောက်က ထောက်ခံလိုက်သည်။ ထို့နောက်နှစ်ယောက်သား ရှေ့တိုးလာကြတော့သည်။ ကျင်းဖုံး ရယ်မောလိုက်လေ၏။

'လက်စသက်တော့ ခင်ဗျားတို့ဟာ လုထိန်ရဲ့ လူတွေဖြစ်နေ

တာကိုး၊ အင်း ကျုပ်ကို ဖမ်းခေါ်သွားနိုင်တယ်ဆိုရင် ကျုပ် လိုက်ခဲ့ပါ့မယ်ဗျာ'

ထိုလူနှစ်ယောက်က ချက်ချင်း တိုက်ခိုက်ကြသည်။

'သေပေတော့'

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ကျင်းဖုံးက မလှုပ်မယှက် နေလိုက်၏။ ထိုလူနှစ်ယောက် အနီးသို့ ရောက်လာတော့မှ ခြေတစ်ဖက် ဆန့်ထုတ်ကန်ကျောက်လိုက်လေသည်။ သူ၏ ခြေထောက် ကန်ချက်သည် ရှေ့ဆုံးမှ အလောတကြီး ဝင်လာသူ၏ ဝမ်းဗိုက်ကို တည့်တည့်မတ်မတ် ကန်ကျောက်လိုက်မိသည်။

'ဝုန်း'

'အမလေး'

ထိုလူမှာ နောက်ဘက် လွင့်စင်ကာ မြေပေါ် ခြေပစ်လက်ပစ် ပင် လဲကျသွားလေတော့၏။ ထိုလူ ပြန်ထမလာနိုင်တော့ဘဲ ခြေကားယား လက်ကားယားဖြင့် စန့်စန့်ကြီး ဖြစ်နေပါတော့သည်။

ကျန်တစ်ယောက်မှာ အဖော်ဖြစ်သူ ခံလိုက်ရသည်ကို မြင်လျှင် မျက်လုံးပြူးသွားလေ၏။

'မင်း မင်း'

ကျင်းဖုံး ပြုံးလိုက်သည်။

'ခင်ဗျားက ကျုပ်ကို ဖမ်းခေါ်သွားမယ်ဆို'

'မင်း မင်း'

'လုထိန် ဘယ်မှာလဲဗျ'

ထိုလူ ခံပြင်းသွားသည်။



'မင်းက သည်မြို့မှာ လာပြီး စော်ကားဝံ့တာ နည်းတဲ့ သတ္တိမဟုတ်ဘူး၊ သေဖို့သာ ပြင်ပေတော့'

ချက်ချင်းပင် ခါးမှ ဓားဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လေတော့သည်။ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ဓားရိပ်များသည် ကျင်းဖုံ၏ တစ်ကိုယ်လုံး လွှမ်းသွားသည်။

သူသည် ကျင်းဖုံးအား အနိုင်တိုက်ခိုက်နိုင်လိမ့်မည်ဟု ယုံကြည်ထားပုံရသည်။ သို့သော် ကျင်းဖုံးက ရှေ့တိုးကာ လက်ဖဝါးယမ်းလိုက်လျှင် ထိုသူ၏ လက်ထဲမှ ဓားကို လုယူထားပြီး ဖြစ်သွားလေတော့သည်။

'ဟာ'

ထိုလူထိတ်လန့်ကာ နောက်ဆုတ်သွားလေ၏။ ကျင်းဖုံးက ချမ်းသာမပေးပါ။

'လုထိန်တို့ လူစုကို ဆုံးမမယ်လို့ ကျုပ်ရဲ့ မိတ်ဆွေကို ကတိပေးထားတယ်ဗျ'

စကားဆုံးသည်နှင့် ဓားဖျေ့ယမ်းကာ တိုက်ခိုက်လိုက်၏။ ထိုလူ ကြောက်လန့်တကြားဖြင့် ထွက်ပြေးရန် ကြိုးစားသော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။ ပြင်းထန်သော ဓားချက်က ထိုလူ၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားရာ

'အား'

စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ် လဲကျသွားလေတော့သည်။

***

## အခန်း (၁၆)

## သူဌေးခြံဝင်း

ကျင်းဖုံးသည် မြေပေါ် လဲကျနေသူနှစ်ယောက်ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

လုထိန်သည် သူ၏လူများ ခံလိုက်ရသည်ကို သိလျှင် တုန်လှုပ်သွားပေလိမ့်မည်။

ရန်သူကို လိုက်လံရှာဖွေကြပေလိမ့်မည်။ လှုပ်ရှားလာကြပြီ ဆိုသည်နှင့် လုထိန်အား တွေ့ရဖို့ မခဲယဉ်းတော့ပါ။

တစ်နေ့ရာရာမှနေပြီး အေးအေးဆေးဆေး လက်ပိုက်ကြည့် နေဖို့သာ ရှိတော့သည်။

ကျင်းဖုံး ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ခြံဝင်းအတွင်း မှ ထူးခြားသော လှုပ်ရှားမှုတစ်ခုကို သတိပြုမိလိုက်သည်။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။ ခြံဝင်းပျက်ထဲမှ လူရိပ် တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ကျင်းဖုံး လွှတ်ကနဲ မေးလိုက်သည်။



'ဘယ်သူလဲ'

တုံ့ပြန်သံကို မကြားရပါ။ ထိုလူရိပ်သည် သစ်ပင်ချုံနွယ် များကြားသို့ တိုးဝင်ကွယ်ပျောက်သွားသည်။

ကျင်းဖုံးမကျေမနပ်ဖြစ်သွား၏။

တစ်ယောက်ယောက်က ချောင်းကြည့်နေခဲ့ခြင်းဖြစ်သည်။

'ဟင်း ဘယ်လောက်ပြေးနိုင်မလဲ ကြည့်ကြသေးတာပေါ့'

စိတ်ထဲမှ ကြုံးဝါးကာ ခြံဝင်းပျက်ကြီးအတွင်းသို့ တဟုန်ထိုး ပြေးဝင်သွားလိုက်လေတော့သည်။

ခြံဝင်းပျက်ကြီးအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းထား သည်။

'ဟူး'

ကျင်းဖုံးသည် အလွန်လျင်မြန်စွာဖြင့် ခြံဝင်းအတွင်းသို့ ရောက်ရှိသွားသည်။

သူသည် လူရိပ်ပျောက်ကွယ်သွားသည့်ဘက်သို့ ချက်ချင်း ပြေးလိုက်သွားခြင်းဖြစ်ပါသည်။

သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေခြင်းကြောင့် အပြင်ဘက်မှ ကြည့်လျှင် ဘာမှ မတွေ့ရသော်လည်း ချုံနွယ်ပိတ်ပေါင်းများကြား သို့ ရောက်သွားရာ ခြံဝင်းအတွင်းဘက်၌ အိမ်ပျက်ကြီးတစ်လုံး ရှိနေ သည်ကို ဘွားကနဲ တွေ့မြင်လိုက်ရလေတော့သည်။

လူရိပ်သည် အိမ်ပျက်ကြီးအတွင်းသို့ လှစ်ခနဲ ပြေးဝင်သွား ပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားသည်။

ကျင်းဖုံး ပြုံးလိုက်သည်။

'ခင်ဗျား မပြေးနိုင်ပါဘူး'

မြေပေါ် ခြေဆောင့် ခုန်လိုက်လျှင် အိမ်ပျက်ကြီးအနီးသို့ ရိပ်ခနဲ ရောက်သွား၏။

အိမ်ပျက်ကြီးကား ရှေးယခင်က ခမ်းနားထည်ဝါခဲ့သော်လည်း ယခုတော့ ပျက်စီးယိုယွင်းပေပြီ။

အိမ်တံခါးများ ပြတင်းပေါက်များ တံခါးရွက်မရှိဘဲ ဟောင်းလောင်းဖြစ်နေ၏။

ကျင်းဖုံးက ပြတင်းပေါက်မှတဆင့် အိမ်ထဲ ခုန်ဝင်လိုက်သည်။ အိမ်ပျက်ထဲ၌ အမှိုက်သရိုက်များ ရှုပ်ပွနေ၏။

အောက်သိုးသိုးအနံ့အသက်များလည်း ထွက်ပေါ်နေ၏။ ကျင်းဖုံးအိမ်ထဲရောက်သွားလျှင် တံခါးမကြီးမှ ဝင်လာသူသည် သူ့ဘက်သို့ ဦးတည်ပြေးလာနေသည်ကို တွေ့လိုက်ရ၏။

ကျင်းဖုံးမှာ ထိုလူအား ရှေ့မှ ကြိုတင် လမ်းပိတ်ထားပြီးသား ဖြစ်သွားလေတော့သည်။

'ခင်ဗျား ပြေးနေလို့ အပိုပါပဲဗျာ'

'ဟာ'

ထိုလူသည် ကျင်းဖုံးအား တွေ့လိုက်ရသဖြင့် လွတ်ခနဲ အော်လိုက်လေတော့သည်။

ကြောက်ရွံ့ထိတ်လန့်ကာ ချက်ခြင်း နောက်လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား ပြေးလို့ လွတ်မယ်ထင်နေလို့လား'

ချက်ချင်း လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

ထိုလူမျက်နှာပျက်သွားသည်။



'ကျူပ် ကျူပ်ကို ချမ်းသာပေးပါကွာ'

ကြမ်းပြင်ပေါ်မှ ထောက်ကာ ပျာပျာသလဲ တောင်းပန်တိုးလျှိုးလေတော့သည်။

ထိုလူကို ကျင်းဖုံး ချက်ချင်းမှတ်မိလိုက်၏။

'လက်စသတ်တော့ စားသောက်ဆိုင်ရှေ့မှာ တွေ့ခဲ့ရတဲ့ ဒုက္ခိတကိုး'

မှန်ပေသည်။ ထိုလူမှာ ခြေတစ်ဖက်မသန်သော ဒုက္ခိတ ဖြစ်နေသည်။

လုထိန်၏ လူတစ်ယောက် မဖြစ်နိုင်ဟု တွေးမိသောအခါ သူသည် လက်ဝါးကို ရုပ်သိမ်းလိုက်သည်။

သို့သော် မျက်နှာထားတင်းတင်းဖြင့် မေးလိုက်၏။

'ပြောစမ်း၊ ခင်ဗျား ဘာကြောင့် ကျူပ်နောက်ကို လိုက်လာရတာလဲ'

ထိုလူ မလိမ်ဝံ့ချေ။

'မင်း မင်းက လုထိန်ရဲ့ အကြောင်း မေးနေပြီး လုထိန်ရဲ့ လူတွေ လှည့်စားခေါ်တဲ့နောက်ကို လိုက်သွားတာတွေ့လို့ မင်းကို ကူညီနိုင်မလားဆိုပြီး လိုက်လာတာပါ'

'ဩော်'

ကျင်းဖုံး ပြုံးလိုက်၏။ ထိုလူလည်း ချက်ချင်း ခေါင်းငုံ့ထားလိုက်လေ၏။

သူက ကျင်းဖုံးအား ကူညီရန် လိုက်လာခဲ့သည်ဟု ပြောသည်။

သူ ကူညီမည့် ကျင်းဖုံးမှာ သူ့ထက် အဆပေါင်းများစွာ

သိုင်းပညာ သာနေသူ ဖြစ်နေသည်မဟုတ်ပါလား။ ကျင်းဖုံးက ပြောလိုက်သည်။

'ခင်ဗျားက ကျုပ်ကို ကူညီမလို့ ဟုတ်လား'

ထိုလူ ဘာမှ မပြောပါ။

ကျင်းဖုံး ထပ်မေးလိုက်၏။

'ခင်ဗျား အမှန်အတိုင်း ပြောရင် ကောင်းမယ်'

'ကျုပ်'

'ခင်ဗျားမပြောရင် ကျုပ်ကို ဒုက္ခပေးမယ့်လူတစ်ယောက်လို့ ကျုပ် သတ်မှတ်လိုက်မှာပဲ'

'ဟာ သည်လိုတော့ မသတ်မှတ်ပါနဲ့ဗျာ'

ထိုလူက လက်ကာပြရင်း တောင်းပန်လာ၏။

ကျင်းဖုံးက

'ဒါဖြင့် ခင်ဗျား ဘာကြောင့် ကူညီချင်ရတာလဲ ပြောပါ'

ထိုလူ သက်ပြင်းချလိုက်သည်။

'ကျုပ်က သူဌေးခြ်ဝင်းကို သဘောမကျလို့ပါ'

'ဘာဗျ'

မင်း ဆုံးမလိုက်တဲ့ လူတွေဟာ သူဌေးခြ်ဝင်းက လူတွေပဲ၊ သူတို့ကြောင့် လူတွေ ဒုက္ခရောက်ရတယ်၊ မင်းကိုလည်း ဒုက္ခပေး ကြလိမ့်မယ်လို့ ကျုပ် ယူဆထားတာ'

ကျင်းဖုံးက သူဌေးခြ်ဝင်းဆိုသော အမည်ကို သေသေချာချာ မှတ်ထားလိုက်လေသည်။

ထိုလူက သူဌေးခြ်ဝင်းအကြောင်း ပြောပြ၏။

မြို့တောင်ဘက်စွန်းက ခြ်ဝင်းကြီးဟာ သည်မြို့လေးကို



အမှောင်တိုက်ထဲ ဆွဲသွင်းခဲ့တဲ့ သူဌေးခြ်ဝင်းဆိုတာပဲပေါ့ဗျာ'

ကျင်းဖုံး စိတ်ဝင်စားသွားသည်။

ထိုလူနှင့် လုထိန်တို့ လူစု ပတ်သက်ခြင်းမရှိကြောင်း ယုံကြည်သွား၏။

ထိုလူ ဒူးထောက်နေသည်ကို မကြည့်ရက်တော့ဘဲ

'ကဲ ဒူးထောက်မနေပါနဲ့၊ ထရပ်လိုက်ပါဗျာ'

သူ၏ စကားကြားမှ ထိုလူလည်း သက်ပြင်းချရင်း ဒူးထောက်ရာမှ ထလိုက်သည်။

ကျင်းဖုံးက မေးလိုက်သည်။

'ခင်ဗျားက သူဌေးခြ်ဝင်းအပေါ်မှာ မကျေမနပ်ဖြစ်နေတာ ဘာကြောင့်လဲ'

ထိုလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကျုပ်ရဲ့ သွေးသားထဲကကို သူဌေးခြ်ဝင်းကို မုန်းတီးနေတာဗျ၊ မပြောရဲလို့ ငြိမ်နေခဲ့ရတာ၊ ကျုပ်လိုပဲ ခံစားနေရသူတွေ သည်မြို့မှာ လက်ညှိုးထိုးလို့ လွဲမှာ မဟုတ်ဘူး'

ကျင်းဖုံး၏ မျက်လုံးထဲ၌ ငယ်စဉ်ကလေးဘဝက ဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာခဲ့သည်။

လုထိန်သည် သူ၏ ဖခင် အုပ်ချုပ်ခဲ့သည့် ရွာကလေးအား ကောက်ကျစ်စဉ်းလဲသော နည်းလမ်းမျိုးစုံ အသုံးပြုကာ ဖျက်ဆီးခဲ့သည် မဟုတ်လား။

လုထိန်ကြောင့် ရွာသူရွာသားများမှာ အရှင်လတ်လတ် ငရဲခံခဲ့ကြရလေတော့သည်။

ယခုလည်း လုထိန်က သူ၏ အကျင့်အတိုင်း ဤမြို့ကလေး

အား ဒုက္ခပေးနေပြန်လေပြီ။

ခြေထောက်မသန်သူက သူ၏ မကျေနပ်ချက်များကို တတွတ်တွတ် ပြောနေ၏။

'သူဌေးခြံဝင်းက လူတွေ သည်မြို့မှာ လာပြီး အခြေစိုက်ကြတယ်။ သူတို့ ရောက်လာကာစက မြို့သူမြို့သားတွေကို ရက်ရက်ရောရော ကူညီကြတယ်၊ ဒါပေမယ့် မကြာပါဘူး မြို့ခံလူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေကို လုယူလိုက်ကြတော့တာပဲ၊ ခုဆိုရင် မြို့ဝန်တောင်မှ သူဌေးခြံဝင်းက လူတွေကို မော်မကြည့်ဝံ့အောင် ဖြစ်နေရပြီပေါ့'

ကျင်းဖုံး မျက်နှာပျက်သွား၏။

သူ၏မိဘနှစ်ပါးကို ပြန်လည်မြင်ယောင်လာခြင်းကြောင့် ဖြစ်ပါသည်။

သူဌေးခြံဝင်း၏ လုပ်ရပ်နှင့် သူငယ်စဉ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှာ တထေရာတည်း ဖြစ်နေ၏။

ယခု သူဌေးခြံဝင်းသည် သူကဲ့သို့ ဒုက္ခရောက်ရမည့် ကလေးပေါင်းများစွာကို ဖန်တီးခဲ့ပြန်ပြီ ဖြစ်သည်။

ကျင်းဖုံး ခံပြင်းနာကျည်းလာလေ၏။

'တောက်'

သူက တက်ခေါက်လိုက်ရာ ထိုလူထိတ်လန့်ပြီး နောက်ဆုတ်လိုက်လေသည်။

'ကျုပ် ကျုပ်က အမှန်အတိုင်း ပြောနေတာပါ'

'သူဌေးခြံဝင်းက လူတွေဟာ သည်မြို့မှာ ထင်တိုင်းကျဲနေကြတဲ့သူတွေပါ။ သူတို့ဟာ'

သူ၏စကားမဆုံးမီ ကျင်းဖုံးက ကြားဖြတ်မေးလိုက်သည်။



'စောစောက ကျုပ်နဲ့ ရင်ဆိုင်ခဲ့တဲ့လူတွေဟာ သူဌေးခြံဝင်းက လူတွေဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် သူဌေးခြံဝင်းများ အနက်ရောင်ဝတ်ထားတဲ့ သိုင်းသမားတွေကော ရှိသလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်ဗျာ'

သူက ရှင်းပြလေသည်။

'သည်လူတွေဟာ သည်မြို့မှာဆိုရင် အစိမ်းရောင်ဝတ်ကြတယ်၊ မြို့နဲ့ဝေးရာကို သွားပြီး မကောင်းမှု လုပ်ကြတော့မယ်ဆိုရင် အနက်ရောင်ဝတ်ဆင်တက်ကြတယ်၊ ခုလည်း သူတို့ပြန်လာတော့ မိန်းကလေးတစ်ယောက်ကို ဖမ်းခေါ်လာတာ တွေ့ရတယ်'

'ဘာ'

ကျင်းဖုံး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုလူ ရင်ထိတ်သွား၏။

ကပျာကယာ နောက်ဆုတ်လိုက်ပြန်သည်။

ကျင်းဖုံး ချက်ချင်း ရှေ့တိုးကာ ထိုလူ၏ အင်္ကျီရင်ဘတ်ကို ဖမ်းဆွဲလိုက်၏။ သူ၏ မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေပါတော့သည်။

'ပြောစမ်း သူတို့က မိန်းကလေးတစ်ယောက်ကို ခေါ်လာတယ် ဟုတ်လား'

ထိုလူကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ် ဟုတ်ပါတယ်ဗျာ'

'အဲသည် မိန်းကလေးက ဘယ်မှာလဲ'

'ကျုပ် ကျုပ် မသိပါဘူး'

'ဘာဗျ၊ ခင်ဗျားက ဖမ်းခေါ်လာတာကို တွေ့တယ်ဆိုပြီး ဘယ်မှာ ရှိမှန်းမသိဘူးဆိုတာက ဘာသဘောလဲဗျ'

'ဟို ဟို'

'ဟော့လူ မြန်မြန်ပြောစမ်းပါ'

ထိုလူ တံတွေးမျိုချလိုက်လေသည်။

'သူဌေးခြံဝင်းက လူတွေ ဖမ်းခေါ်လာတယ်ဆိုတော့ အဲသည် မိန်းကလေးဟာ သူဌေးခြံဝင်းမှာပဲ ရှိပါလိမ့်မယ် မဟုတ်ဘူးလားဗျာ'

ကျင်းဖုံးက ထိုလူ၏အင်္ကျီစကို လက်လွှတ်ပေးလိုက်သည်။

ထိုလူ ယခုမှ အသက်ဝဝ ရှူနိုင်တော့သည်။

ကျင်းဖုံးက ထိုလူအား စိုက်ကြည့်လိုက်သည်။

'သူဌေးခြံဝင်းကို ကျုပ်သွားမယ်'

'ဟင်'

'ခင်ဗျား လမ်းညွှန်ပေးရမယ်'

'ဟာ ကျုပ်က'

ထိုလူက ငြင်းရန် ဟန်ပြင်ပြီး မပြောဝံ့သဖြင့် ပါးစပ် ပိတ်ထားလိုက်မိသည်။

ကျင်းဖုံးက

'သူဌေးခြံဝင်းကို ကျုပ်သွားမယ်။ ခင်ဗျား လမ်းညွှန်ပေးပါ'

'မင်း မင်း တကယ်သွားမလို့ ဟုတ်လား'

'ဟုတ်တယ် သူတို့နဲ့ စာရင်းရှင်းရလိမ့်မယ်'



ထိုလူ ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး၊ မင်းသွားလို့ မဖြစ်ဘူး'

'ဘာကြောင့် မဖြစ်ရမှာလဲဗျ'

'မင်းဒုက္ခရောက်သွားမှာပေါ့'

'ဟား ဟား ဟား'

ကျင်းဖုံးက ဟားတိုက်ရယ်မောလိုက်လေ၏။

ထိုလူ ထိတ်လန့်နေသည်။

ကျင်းဖုံးက ခပ်မာမာ ပြောလိုက်သည်။

'သူဌေးခြံဝင်းကို ကျုပ်ဆုံးမလိုက်ပါ့မယ်ဗျာ'

ထိုလူ သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ မင်း ဆုံးမနိုင်တယ်ဆိုရင်လည်း ကျုပ် ပြောပြပါ့မယ်၊ သည်ခြံဝင်းပျက်ကြီးက ထွက်ပြီးတာနဲ့ အရှေ့ဘက်တည့်တည့်ကို သွားပါ၊ ရှေ့မှာ ရေကန်ကြီးတစ်ကန် တွေ့ရလိမ့်မယ်၊ ရေကန်ကို ပတ်သွားပြီး တစ်ဘက်ကို ရောက်ရင် သူဌေးခြံဝင်းကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါလိမ့်မယ်'

ယခုအခါ

သူဌေးခြံဝင်းတည်ရှိသည့်နေရာကို သိလိုက်ရပြီဖြစ်ပါသည်။ ကျင်းဖုံး ဝမ်းသာသွား၏။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေတော့သည်။

'ဟော့ ဟော့'

ဒုက္ခိတက ဟန့်တားလိုက်သော်လည်း မရတော့ပါ။

ကျင်းဖုံးသည် အချိန်မဖြုန်းဘဲ သူ့ဌေးခြံဝင်းသို့ ဆက်လက်သွားနေပါသည်။

ဒုက္ခိတ မျက်နှာရှုံ့မဲ့သွား၏။

'ဒုက္ခပါပဲ'

သူက ကျင်းဖုံး ဒုက္ခရောက်အောင် လုပ်မိလိုက်ပြီဟူ၍ နောင်တရနေ၏။

'သူရဲ့ သိုင်းပညာ ဘယ်လောက်ပဲ တော်တော် သူ့ဌေးခြံဝင်းကို သွားတာ သားရဲတွင်းထဲ ဝင်သွားတာနဲ့ အတူတူ ဖြစ်နေမှာပဲ'

ဟူ၍ ညည်းတွားနေလေတော့သည်။

ဒုက္ခိတသည် ခြံဝင်းပျက်ထဲမှ ထွက်ခွာလာလေ၏။

သူက ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် အကဲခတ်ကြည့်ကာ မြေနီလမ်းအတိုင်း ထော့နင်းထော့နင်း လျှောက်သွားသည်။

ထိုလူ မလှမ်းမကမ်းသို့ ရောက်သွားလျှင် ခြံဝင်းပျက်ကြီးအတွင်းရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရတော့သည်။

ကျင်းဖုံးဖြစ်ပါသည်။

ကျင်းဖုံးက ဒုက္ခိတအား မျှော်ကြည့်လိုက်၏။

သူက ရှုံ့တောင်းနှင့်အတူ နှစ်ပေါင်းများစွာ နေလာခဲ့သူဖြစ်ရကား သူတစ်ပါးပြောသည့်စကားကို ရုတ်တရက် မယုံနိုင်အောင်ဖြစ်တတ်သည့်အကျင့်က အရိုးစွဲနေပြီ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မယုံကြည်သည့်စိတ်က သူ၏ရင်ထဲ ကိန်းအောင်းနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါသည်။

ဒုက္ခိတအား အကဲခတ်လိုက်ပြီး တိတ်တဆိတ် နောက်ယောင်



ခံလိုက်သွားသည်။

ဒုက္ခိတက အမှန်အတိုင်း ပြောနေသည်ဖြစ်စေ၊ လိမ်ညာသည်ဖြစ်စေ၊ သူက မည်သို့မျှ သဘောထားမည် မဟုတ်ပါ။ သူ၏အခက်အခဲဒုက္ခများကို သူကိုယ်တိုင် ရှန်းကန်ဖြေရှင်းရမည် မဟုတ်ပါလား။

ဒုက္ခိတသည် ခြံဝင်းပျက်ကြီးမှ ထွက်ကာ အရှေ့ဘက်သို့ ဦးတည်သွားနေသည်။

ကျင်းဖုံးက တိတ်တဆိတ် နောက်ယောင်ခံလိုက်သွား၏။

ဒုက္ခိတသည် နောက်လှည့်မကြည့်ဘဲ ရှေ့သို့ တစိုက်မတ်မတ် သွားနေသည်။

မကြာမီ အရှေ့ဘက်တွင် ရေကန်ကြီးတစ်ကန်ရှိနေသည်ကို တွေ့ရသည်။

ကျင်းဖုံး၏ မျက်ဝန်းများ ဝင်းလက်သွား၏။

'သူက အမှန်အတိုင်း ပြောတာပဲ'

ရေကန်ကြီးကို တွေ့လိုက်ရသဖြင့် ဒုက္ခိတက လိမ်ပြောခြင်း မဟုတ်ကြောင်း ထင်ရှားသည်။

ဒုက္ခိတသည် ရေကန်ကြီးကို ကွေ့ပတ်ကာ ရှေ့ဆက်လျှောက်သွားလေသည်။

ကျင်းဖုံးလည်း လိုက်သွား၏။

ရေကန်ကြီးကို ကျော်ဖြတ်ပြီးသည်နှင့် အရှေ့ဘက်တွင် စိမ်းလန်းသော တောအုပ်တစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

တောအုပ်တစ်ဘက်တွင် ကြီးမားသော အဆောက်အဦးကြီးတစ်ခု၏ ခေါင်မိုးကို တွေ့မြင်လိုက်ရလေသည်။

ကျင်းဖုံး စိတ်လှုပ်ရှားလာ၏။

'ဒါဟာ သူဌေးခြံဝင်းပဲ ဖြစ်မယ်ထင်တယ်'

သူဌေးခြံဝင်းသည် မြို့ပြင်၌ ရှိနေ၏။ မြို့ထဲမှ လူများနှင့် ရောရောနှောနှော မနေဘဲ သီးခြားနေထိုင်ကြခြင်းကြောင့် လျှို့ဝှက်သော လူစုဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဒုက္ခိတသည် တောအုပ်ထဲသို့ ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

'ငါ လိုက်သွားမှပဲ'

ကျင်းဖုံးသည် တောအုပ်ထဲသို့ ခပ်သွက်သွက် ဝင်လိုက်သည်။

ထိုအချိန်မှာပင်

'ရပ်လိုက်စမ်း'

အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး ချက်ချင်း ခြေလှမ်း ရပ်လိုက်၏။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရာ မလှမ်းမကမ်း၌ လူရိပ်များ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။

သူ့အား သူဌေးခြံဝင်းမှ လူများ တွေ့မြင်သွားကြခြင်း မဟုတ်ဘဲ သူ့ထက်အရင်ဝင်သွားသော ဒုက္ခိတအား တွေ့မြင်သွားကာ ဟန့်တားကြခြင်း ဖြစ်သည်ဟု ကျင်းဖုံး တွေးလိုက်မိသည်။

ဒုက္ခိတသည် သူဌေးခြံဝင်းမှ လူများအား မည်သို့ ဖြေရှင်းမည်နည်း။

သူဌေးခြံဝင်းမှ လူများက ဒုက္ခိတအား ချမ်းသာပေးကြလိမ့်မည် မဟုတ်ပါချေ။



ထိုအချိန်တွင်

'ရပ်လိုက်စမ်း'

'မင်း ဘယ်ပြေးမလဲ'

'ပြေးပြီဟေ့ လိုက်ကြ'

ဆူဆူညံညံအသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုက တောအုပ်အပြင်ဘက် ပြေးထွက်သွားသည်ကိုတွေ့လိုက်ရသည်။

ဒုက္ခိတပင်ဖြစ်ရပေမည်။

'ပြေးပြီဟေ့'

'လိုက်ကြ'

'မိရင်တော့ အသေပဲ'

ကြုံးဝါးသံ၊ ပြေးလွှားသံများ ဆူညံသွား၏။ ကျင်းဖုံးလည်း သစ်ပင်တစ်ပင်နောက်ကွယ်၌ ကပျာကယာ ဝင်ပုန်းနေလိုက်သည်။

မကြာမီ

'ဟောဟဲ ဟောဟဲ'

လူတစ်ယောက် အမောတကြီး ပြေးလွှားလာသည်ကို တွေ့လိုက်ရသည်။

ထိုလူကား ကျင်းဖုံးအား လမ်းညွှန်ပေးခဲ့သည့် ဒုက္ခိတပင်တည်း။

အစိမ်းရောင်ဝတ်ဆင်ထားကြသူများက ဒုက္ခိတနောက်သို့ တစ်ဟုန်ထိုး လိုက်လာကြ၏။

သိုးငယ်နောက်သို့ ဝံပုလွေအုပ် လုပ်လာသည်နှင့်ပင် တူနေပါတော့သည်။

'ဒုက္ခိတမှာ ခြေတစ်ဖက် မသန်သူဖြစ်ရကား သူဌေးခြံဝင်းမှ လူများ ၏လက်ထဲမှ လွတ်အောင်ပြေးဖို့ မလွယ်တော့ပါချေ။

အရေးအကြောင်း ကြုံနေရပါမှ မြေပေါ်သို့ ထိုးထွက်နေသည့် သစ်မြစ်တစ်ခုအား ဝင်တိုက်မိလိုက်ရကာ

'ဝုန်း'

'အမလေး'

ဒုက္ခိတ မြေပေါ် လဲကျသွားသည်။ သူဌေးခြံဝင်းမှ လူများ ပြေးလွှားရောက်ရှိလာကြပြီး ဝိုင်းရံထားလိုက်ကြလေတော့သည်။

ဒုက္ခိတမှာ သူဌေးခြံဝင်းမှ လူများ၏ ဝိုင်းရံခံလိုက်ရသည်။ ထွက်ပြေးလွတ်မြောက်ဖို့ မျှော်လင့်ချက် မရှိတော့ပါ။ သူဌေးခြံဝင်းမှ လူများသည် ဒုက္ခိတအားကောင်းစွာ သိနေကြပါတော့သည်။

'လက်စသတ်တော့ ဒုက္ခိတ ပါစုကိုး'

သူဌေးခြံဝင်းမှ လူတစ်ယောက်က မဲ့ကာရွဲ့ကာဖြင့် ပြောဆိုရင်း ဒုက္ခိတအနီးသို့ ချဉ်းကပ်သွားလေ၏။ ဒုက္ခိတပါစုသည် ကြောက်ရွံ့ထိန်လန့်ကာ လူးလိမ့်ထရန် ကြိုးစားလိုက်သည်။

သို့သော် အားမရှိဘဲ ထရပ်၍ မရနိုင်အောင် ဖြစ်နေပါတော့သည်။

'ပါစု ခင်ဗျားဟာ သူဌေးခြံဝင်းအကြောင်းကို သိထားတာပဲ ဘာကြောင့် ခြံဝင်းအနီးကို လာခဲ့ရတာလဲ၊ ပြောစမ်းပါဦး'

ပါစု ခေါင်းငုံ့ထားလိုက်၏။ ထိုလူက ငေါက်လိုက်သည်။

'ပါစု ကျုပ်မေးနေတာ မကြားဘူးလား၊ ခင်ဗျား အမှန်အတိုင်း ဖြေရင်ဖြေ၊ ဒါမှမဟုတ်ရင် သေဖို့သာ ပြင်ထားပေတော့'

ခါးမှ ဓားကိုလည်း ခြွမ်းနဲ့ မြည်အောင်ဆွဲထုတ်လိုက်သည်။



ပါစု ထခုန်လိုက်လေ၏။

'ကျုပ် ကျုပ်ကို မသတ်ပါနဲ့ဗျာ'

မျက်နှာငယ်လေးဖြင့် တောင်းပန်တိုးလျှိုးလိုက်သည်။ ထိုလူက

'ပြောလေ ခင်ဗျား ဘာကြောင့် သည်ဘက်ကို လာခဲ့ရတာလဲ'

'ကျုပ် ကျုပ် လမ်းလျှောက်ထွက်လာရင်း ပတ်ဝန်းကျင်က သာယာလှပတာကြောင့် သတိလက်လွတ်ဖြစ်ပြီး သည်ဘက်ကို ရောက်လာတာပါ'

သူ၏ စကားအဆုံးတွင် သူဌေးခြံဝင်းမှ လူများက တဟားဟား ရယ်မောလိုက်ကြသည်။

ပါစုလိမ်ပြောခြင်းဖြစ်ကြောင်း အားလုံး နားလည်ထားကြသည်။

'ပါစု၊ ခင်ဗျား ဘာကြောင့် အပိုတွေ ပြောနေရတာလဲ၊ ရောက်ကြီးကိုတွေ့ပြီဆိုတာနဲ့ သူဌေးခြံဝင်းအကြောင်းကို သိရမှာပေါ့၊ ခင်ဗျား သည်ဘက်ကို လာခဲ့တာ အကြောင်းရှိရမယ်'

'ဟာ မဟုတ်ပါဘူးဗျာ'

'ပါစု ခင်ဗျားဟာ သူဌေးခြံဝင်းအကြောင်း အမြဲပဲ မကောင်း ပြောနေတဲ့ လူ၊ မကောင်းကြံဖို့လည်း ဝန်လေးမှာ မဟုတ်ဘူးဆိုတာ ကျုပ်တို့ သိတယ်၊ ခင်ဗျားဟာ ဒုက္ခိတတစ်ယောက်ဖြစ်နေလို့ သည်းခံခွင့်လွှတ်ထားတာ၊ အဲဒါ ခင်ဗျားက ရောင့်တက်လာတာပေါ့ ဟုတ်လား'

'ဟာ ဟာ မဟုတ်ပါဘူး'

'သည်တစ်ခါ ခင်ဗျားအတွက် မလွယ်တော့ဘူး'

ပါစုအား စစ်ဆေးမေးမြန်းနေသော သူဌေးခြံဝင်းမှ လူက

ခပ်ပြတ်ပြတ် ပြောလိုက်လေ၏။

'ကျုပ် ကျုပ်'

ပါစု၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သူဌေးခြံဝင်းမှ လူများ၏ လက်ထဲမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ချေ။

သူအား ချမ်းသာပေးမည် မဟုတ်ပါ။ သေရတော့မည်ဟု သိရလျှင် ပါစုလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ပြောလိုက်လေသည်။

'ကျုပ်ကို ဒုက္ခပေးရင် မင်းတို့လည်း ဒုက္ခရောက်သွားမယ်ဆိုတာ မှတ်ထားပါ'

ထိုလူ မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်တို့ ဒုက္ခရောက်ရမယ် ဟုတ်လား'

'ဟုတ်တယ်'

'နေပါဦး ဘာကြောင့် ဒုက္ခရောက်ရမယ်ဆိုတာ ပြောစမ်းပါဦး'

ထိုလူက မဲ့ပြုံး ပြုံးကာ မေးလိုက်သည်။ ပါစု အံကြိတ်လိုက်သည်။

'ကျုပ်နဲ့ သိုင်းရာဇာကြီးတို့ ပတ်သက်နေကြတာပဲ'

'သိုင်းရာဇာ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ကို တစ်စုံတစ်ခုဖြစ်အောင်လုပ်ရင်း သိုင်းရာဇာက သဘောကျမှာ မဟုတ်ဘူး၊ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

သူ၏ စကားအဆုံးတွင် သူဌေးခြံဝင်းက လူများက တဟား



ဟား ရယ်မောလိုက်ကြလေ၏။

'ဒုက္ခိတရယ်၊ စကားကြည့်ပြောစမ်းပါ၊ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းရာဇာကြီးတစ်ယောက်က ခင်ဗျားလို ဘာမဟုတ်တဲ့ လူတစ်ယောက်ကို ဂရုစိုက်မယ်တဲ့လား'

ပါစု မခံမရပ်နိုင်ဖြစ်ကာ အော်ပြောလိုက်လေသည်။

'မင်းတို့ မယုံဘူးလား'

'မယုံဘူး'

'သတ္တိရှိရင် ကျုပ်ကိုထိကြည့်စမ်း၊ သိုင်းရာဇာက မင်းတို့ကို စိစိညက်ညက် ချေမှုန်းပစ်လိမ့်မယ်'

သူဌေးခြံဝင်းမှ လူများက လှောင်ပြောင်ရယ်မောလိုက်ကြလေတော့သည်။

ပါစုက အမှုမထားတော့ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ကျင်းဖုံးသည် သိုင်းရာဇာဆိုသော အမည်ကြောင့် စိတ်ဝင်စားသွား၏။

ရှဲ့တောင်းက သိုင်းရာဇာအား ရှာဖွေသုတ်သင်ရန် မှာကြားလိုက်သည် မဟုတ်ပါလား။

သိုင်းလောကသို့ သူဆင်းလာခဲ့ရသည့် အကြောင်းရင်းမှာလည်း သိုင်းရာဇာအား ရှာဖွေရန် ဖြစ်လေတော့သည်။

ယခု သိုင်းရာဇာ၏ အကြောင်းကို ကြားလိုက်ရပြီ ဖြစ်ပါသည်။

သိုင်းရာဇာနှင့် ရင်းနှီးသည်ဆိုသော ပါစုကို တွေ့နေရပြီ ဖြစ်ပါသည်။

ကျင်းဖုံးစိတ်လှုပ်ရှားလာလေတော့သည်။

'ပါစုကို ကူညီမှ ဖြစ်မယ်'

သူ၏ မျက်လုံးထဲ၌ ဝေဒနာခံစားနေရသည့် ရှမ်းချီ၏ မျက်နှာကို မြင်ယောင်လာသည်။

ရှမ်းချီသည် သိုင်းရာဇာ၏ တပည့်ဖြစ်သည်။ ရှမ်းချီအား သူဌေးခြံဝင်းမှ လူများက လုပ်ကြံပစ်လိုက်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် သူဌေးခြံဝင်းမှ လူများအား ဆုံးမရလိမ့်မည်။

သိုင်းရာဇာအား သုတ်သင်ခိုင်းလိုက်သည့် ရှဲ့တောင်းသည် သွေးအေးဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံး လက်မခံနိုင်သော လူဆိုးကြီးတစ်ယောက်ဖြစ်ကြောင်း သိခဲ့ရပြီးဖြစ်ပါသည်။

သူသည် အမှားအမှန်ကို ခွဲခြားရတော့မည်။ ရှဲ့တောင်း စေခိုင်းသည့်အတိုင်း မလုပ်ဘဲ နေသင့်သည်ဟု သူတွေးလာမိပြီ ဖြစ်ပါသည်။

ရှဲ့တောင်းခိုင်းသည့်အတိုင်း မလုပ်ဘဲ နေလျှင် သိုင်းရာဇာနှင့် ရင်ဆိုင်ဖို့ အကြောင်းမရှိပါ။

ကျင်းဖုံး တွေးတောစဉ်းစားနေစဉ်မှာပင် သူဌေးခြံဝင်းမှ လူငယ် စကားသံ ထွက်ပေါ်လာလေသည်။

'သူဌေးခြံဝင်းက ဘယ်သူ့ကိုမှ မကြောက်ဘူးဆိုတာ မှတ်ထားပါ'

ထိုလူက ပြောပြောဆိုဆို ပါစုအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်ကြသည်။

ပါစုကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း ခြေတစ်ဖက် မသန်သည့် ဒုက္ခိတဖြစ်နေရကား လွတ်အောင် မရှောင်နိုင်ပေ။

'ဝုန်း'



'အမလေး'

ခြေထောက်ကန်ချက်မိကာ မြေပေါ်လဲကျသွားလေတော့သည်။

'ဟား ဟား ဟား'

သူဌေးခြံဝင်းမှ လူများက တဟားဟား ရယ်မောကာ ရှေ့တိုးလာကြပြီး ဝိုင်းဝန်းထိုးကြိတ် တိုက်ခိုက်လိုက်ကြလေတော့သည်။

'ဝုန်း'

'ခွပ်'

'အား'

ပါစုမှာ သူဌေးခြံဝင်းမှ လူများ နှိပ်စက်သမျှ ခံနေရလေတော့သည်။

ကျင်းဖုံးက သစ်ပင်နောက်ကွယ်မှ ကြည့်နေ၏။ သူ၏ မျက်နှာမှာ ပကတိ ခံစားချက် ကင်းမဲ့နေ၏။

သူ ငယ်စဉ်က တောင်ပေါ်ဒေသတွင် ဒုက္ခရောက်နေစဉ် ရှဲ့တောင်းက လျစ်လျူရှုကာ ထွက်သွားပုံကို မဆီမဆိုင် ပြန်လည်မြင်ယောင်လာမိသည်။

သူဌေးခြံဝင်းမှ လူများသည် ပါစုအား စိတ်တိုင်းကျ ထိုးကြိတ်ကာ ကန်ကျောက်လိုက်ကြသည်။

ပါစုမှာ ကြာရှည်အောင် ခံနိုင်ရည်မရှိတော့ဘဲ သတိလစ်မေ့မြောသွားလေတော့သည်။

'သည်ကောင် သတိမေ့သွားပြီကွ'

'ဟုတ်တယ်၊ သူ့ကို ခေါ်သွားကြမယ်'

'ကောင်းတယ်၊ ကောင်းတယ်'

ရှ ာ်ချင်းပင် ပါစုအား သယ်ယူသွားကြတော့သည်။

ကျင်းဖုံး ပင့်သက်ရှိုက်လိုက်လေသည်။

သူ့ဌေးခြံဝင်းမှ လူများက သူ့အား သတိမပြုမိကြပါ။ ထို့ကြောင့် တိတ်တဆိတ် နောက်ယောင်ခံလိုက်သွားရန် အခွင့်ကောင်း ဖြစ်နေပါတော့သည်။

သစ်ပင်နောက်ကွယ်မှ ကပျာကယာ ထွက်ကာ တိတ်တဆိတ် လိုက်သွားသည်။

သူ့ဌေးခြံဝင်းမှ လူများသည် စကားတပြောပြောဖြင့် သွားနေကြပြီး ကျင်းဖုံး လိုက်လာသည်ကို သတိမပြုမိကြချေ။

သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့ဖြတ်သန်းသွားကြသည်။

မကြာမီ သစ်လုံးများဖြင့် အခိုင်အမာ ကာရံထားသည့် ခြံဝင်းကြီးတစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

ခြံဝင်းတံခါးမကြီးရှေ့၌ အစောင့်အကြပ်များ စောင့်ကြပ်နေကြလေသည်။

သူ့ဌေးခြံဝင်းကို တွေ့လိုက်ရပြီ ဖြစ်ပါသည်။

ကျင်းဖုံးက ဆက်၍ လိုက်မသွားတော့ဘဲ သစ်ပင်တစ်ပင် နောက်ကွယ်၌ ပုန်းအောင်းနေလိုက်သည်။ ပါစုအား ခေါ်ဆောင်သွားကြသူများသည် ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေ၏။

ကျင်းဖုံးက အတန်ကြာအောင် အကဲခတ်ကြည့်နေပြီးမှ အစောင့်များအား တိုက်ခိုက်ရန် စိတ်ကူးမိ၏။

သို့သော် သခင်မလေးဆင့်ဆင့်သည် သူ့ဌေးခြံဝင်းထဲ၌ ရှိနေသည်ဖြစ်၍ စိတ်လိုက်မာန်ပါ မလုပ်သင့်ကြောင်း စဉ်းစားမိသည်။



'ငါသာ စိတ်လိုက်မာန်ပါ လုပ်လိုက်တာနဲ့ သခင်မလေးဆင့်ဆင့်ကို အရင်ဆုံး သူတို့ ဒုက္ခပေးလိုက်ကြမှာပဲ'

ကျင်းဖုံးသည် မိဘများ၏ အဖြစ်ဆိုးကြောင့် သူ့ဌေးလီကျူးအား ဘယ်သောအခါမှ မေ့လိမ့်မည် မဟုတ်ပါ။

ငယ်စဉ်ကလေးဘဝက လီကျူးကို ရင်ဆိုင်ဖို့လည်း မလွယ်ခဲ့ပါ။ ထို့ကြောင့် အလစ်တွင် ထွက်ပြေးလာခဲ့ခြင်း ဖြစ်ပါသည်။

ယခု သူ့ဌေးလီကျူးနှင့် ပြန်လည်ဆုံတွေ့ရတော့မည် ဖြစ်သည်။ ကျင်းဖုံး၏ စိတ်များ ဂယောက်ဂယက်ဖြစ်နေ၏။

အတိတ်ကို သတိရလိုက်၊ ပစ္စုပ္ပန်အခြေအနေကို သိလိုက် ဖြစ်နေသည်။

သူက ခြံဝင်းကြီးဆီသို့ ကြည့်လိုက်သည်။

အစောင့်များသည် ခြံဝင်းတံခါးမကြီးအနီး၌ သာလျှင် သတိဝီရိယဖြင့် စောင့်ကြပ်နေကြခြင်းဖြစ်သည်။

ခြံဝင်းအား သစ်လုံးများဖြင့် မြင့်မားစွာ ကာရံထားခြင်းကြောင့် မည်သည့် ရန်သူမှ ဝင်ရောက်လာနိုင်မည် မဟုတ်ဟု ယုံကြည်ထားကြပုံ ရှိသည်။ ကျင်းဖုံး ပြုံးလိုက်သည်။

ထိုသစ်လုံးခြံဝင်း၏ အတားအဆီးသည် ကျင်းဖုံးအား တားဆီးနိုင်မည် မဟုတ်ပါ။

ကျင်းဖုံးအတွက် အသေးအဖွဲ့ အတားအဆီးလေးတစ်ခုသာ ဖြစ်ပါသည်။

ကျင်းဖုံးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ခြံဝင်းအနီးသို့ လှစ်ခနဲပြေးကပ်လိုက်သည်။

အစောင့်များ လုံးဝ သတိမပြုမိလိုက်ကြပါ။

ကျင်းဖုံးသည် ခြံဝင်းအနီးသို့ ရောက်သွားပြီး မြေပေါ် ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်လေသည်။

ဗွိုး'

ကျင်းဖုံး၏ ခန္ဓာကိုယ်မှာ မြားတစ်စင်းပမာ အပေါ်သို့ ထိုးတက်သွားပြီး ခြံစည်းရိုးပေါ်သို့ ရောက်ရှိသွားလေတော့သည်။

ကျင်းဖုံးသည် ခြံဝင်းထဲသို့ ခုန်ဆင်းလိုက်လေ၏။

❋ ❋ ❋



# အခန်း (၁၇)

## လမ်းရှင်းသူ

ကျင်းဖုံးမှာ ခြံဝင်းအတွင်းသို့ ရောက်သွားသည်။ မြေပေါ်သို့ ခြေချမိလိုက်သည်နှင့် ကျောက်ရုပ်ကြီးပမာ ငူငူကြီး ရပ်လိုက်မိသည်။

ခြံဝင်းအတွင်း၌ လှပသော ပန်းခင်းတစ်ခု ရှိနေပါသည်။ ပန်းခင်းအလယ်တွင် ကျောက်ဖြူပြားများ ခင်းထားသည့် လမ်းကလေး ရှိနေပြီး လမ်းမဆုံးတွင် ဝါးဖြင့် ဆောက်လုပ်ထားသည့် အိမ်တစ်ဆောင်ရှိနေသည်။

ပန်းချီကားတစ်ချပ်အား တွေ့မြင်နေရပုံမျိုး ဖြစ်ပါသည်။ လှပသော ရှုမျှော်ခင်းရှိသည့် အိမ်ကလေးတစ်လုံးအား ရေးဆွဲထားပုံမျိုး ဖြစ်ပါသည်။

ထိုမြင်ကွင်းကို သူတွေ့မြင်ဖူးပါသည်။ ထိုကဲ့သို့ တစ်ပုံစံတည်း တူညီသော ဝါးအိမ်ကလေးမျိုး၌ သူနေထိုင်ခဲ့ဖူးပါသည်။

အတိတ်မှ အရိပ်များသည် မျက်ဝန်းထဲ၌ တဖျပ်ဖျပ် ပေါ်

လာသည်။

ထိုစဉ်က သူ၏ မိဘနှစ်ပါး လုပ်ကြံခံရပြီးသည့်နောက်ပိုင်း ဖြစ်ပါသည်။ သူဌေးလီကျုံးသည် သူ၏ ရက်စက်ယုတ်မာသော လုပ်ရပ်ကို ဖုံးကွယ်ရန် သူ့အား မွေးစားသားအဖြစ် ကြေညာခဲ့သည်။

လူအများရှေ့တွင် သူသည် သူဌေးလီကျုံး၏ မွေးစားသား ဖြစ်ပြီး အားကျစရာ ကောင်းသည့် ဘဝမျိုးဖြစ်သည်။

သို့သော် နောက်ကွယ်၌ သူဌေးလီကျုံး၏ အနှိပ်စက်ခံ ကျွန်သဘောက်သဖွယ် ဖြစ်ခဲ့ရသည်။ ထိုအဖြစ်ဆိုးကို သူ ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်ပေ။

သူ၏ မျက်ဝန်းထဲ၌ ထာဝရမြင်ယောင်နေမည်သာ ဖြစ်သည်။ သူ၏ နှလုံးအိမ်ထဲ၌ ထာဝရ အမှတ်ရနေမည်သာ ဖြစ်သည်။

မည်မျှကြာအောင် ငူငူကြီး ရပ်နေမိမှန်းမသိ။

'ကျင်းဖုံး'

သူ၏အမည်ကို ခေါ်သံကို ကြားလိုက်သောအခါ သူ့ကို လှုပ်နှိုးသလို ဖြစ်သွားစေပါတော့သည်။

'ကျင်းဖုံး'

ခေါ်သံ ထွက်ပေါ်လာသည်။ ပန်းခင်းထဲ၌ ငူငူကလေး ထိုင်နေသော ကျင်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ခေါ်သံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်သောအခါ ကျောက်ဖြူလမ်းကလေးအဆုံးရှိ လှပစွာ ဆောက်လုပ်ထားသော ဝါးအိမ်ကလေးမှ မိန်းကလေးတစ်ယောက် ထွက်လာ၏။

အသက် ရှစ်နှစ်ခန့်ရှိပြီး ကျင်းဖုံးနှင့် သက်တူရွယ်တူ ရှိ၏။ သူဌေးလီကျုံး၏ တစ်ဦးတည်းသော သမီး ရီလင်း ဖြစ်ပါသည်။



ကျင်းဖုံးက ရီလင်းကို ငေးကြည့်မိသည်။ ရီလင်းက နှုတ်ခမ်းစူလိုက်သည်။

'ကျင်းဖုံး ဘာငိုင်နေတာလဲ'

အနီးသို့ ရောက်လာပြီး မေးလိုက်သည်။ ကျင်းဖုံး ဘာမှ မပြောပါ။ ရီလင်းက

'ကျင်းဖုံး နင်တစ်နေ့တစ်နေ့ သည်ပန်းခင်းထဲမှာပဲ နေတော့မှာလား၊ နင့်ကို အလုပ်မလုပ်ခိုင်းဖို့ ဖေဖေ့ကို ငါပြောထားတာပဲ'

သူဌေးလီကျုံးသည် ကျင်းဖုံး၏ ဖခင်အား သုတ်သင် ဖယ်ရှားပြီးနောက် ရွာသူကြီးတစ်ယောက်ပမာ ကျင်းဖုံး၏ ဇာတိရွာကလေးကို လွှမ်းမိုးနိုင်ခဲ့သည်။

ရွာသူရွာသားများသည် လီကျုံးကို အားကိုးအားထား ပြုထိုက်သူဟု ထင်မှတ်ခဲ့ကြသည်၊ ယုံကြည်စိတ်ချခဲ့ကြသည်။

ကျင်းဖုံး၏ ဖခင် လုပ်ကြံခံရသည့်ကိစ္စကိုလည်း သူတို့ မသိသဖြင့် ကြာသောအခါ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။

ထို့နောက် လီကျုံးသည် တစ်ရွာလုံးအပေါ်၌ ဩဇာညောင်းလာတော့သည်။

သူ့ခြေသူ့လက် ဖြစ်လာတော့မှ ရပ်ဝေး၌ ထားရစ်ခဲ့သော သမီးလေး ရီလင်းအား ခေါ်ယူလိုက်သည်။ လီကျုံး၏ဇနီးသ-ည် ရီလင်းအား မွေးဖွားပြီးနောက် မီးတွင်းထဲမှာပင် ~ သ်လွန်သွားခဲ့သည်။

ထို့ကြောင့်လည်း လီကျုံးက မိတဆိုးသမီးလေး ရီလင်းအား အလွန်ချစ်မြတ်နိုးသည်။

ရီလင်း ရောက်လာသောအခါ အရွယ်နှင့်မလိုက်အောင် နှိပ်

စက်ညှင်းပမ်းခံနေရပြီး ပန်းဥယျာဉ်အတွင်း၌ အလုပ်လုပ်နေသော ကျင်းဖုံးကို တွေ့သွားသည်။

ရီလင်းက ဖခင်နှင့် မတူဘဲ စိတ်ကောင်းရှိသူတစ်ယောက်ဖြစ်သည်။

ကျင်းဖုံးအား ချမ်းသာပေးရန် ဖခင်အား တောင်းပန်သောအခါ လီကျူးက သဘောမကျသော်လည်း သမီးဖြစ်သူ မျက်နှာညှိုးမှာကို စိုးရိမ်ကာ ခွင့်ပြုခဲ့သည်။

ရီလင်းရောက်လာချိန်မှစ၍ ကျင်းဖုံးမှာ ရိုက်နှက်နှိပ်စက်ခြင်းခံရတော့သလို အလုပ်လည်း မလုပ်ရတော့ချေ။

သို့တိုင် ကျင်းဖုံးသည် ကြောက်ရွံ့စိတ် လွှမ်းမိုးခံနေရသော ကောင်လေးတစ်ယောက်ဖြစ်နေပြီး စကားများများ မပြောတော့ဘဲ ထုံထိုင်းကာ တွေဝေနေတတ်သူ ဖြစ်လာတော့သည်။

ကျင်းဖုံးက ရေမြွေတစ်ကောင်ပမာ ဖြစ်နေသကဲ့သို့ တစ်ရွာလုံးအပေါ် ဩဇာလွှမ်းမိုးနိုင်ခဲ့ပြီ ဖြစ်သော လီကျူးကလည်း အမှုမထားတော့ပါ။ အရေးလည်း မစိုက်တော့ပါ။

ကျင်းဖုံး၏ ဖခင်ကိစ္စ အမှန်အတိုင်း ပေါ်ပေါက်သွားလျှင်လည်း မည်သူကမှ သူ့အား ရန်ရှာဝံ့ကြတော့မည် မဟုတ်ပါ။ ကြာတော့ ကျင်းဖုံးသည် လီကျူးအတွက် လူပိုတစ်ယောက်ပမာ ဖြစ်လာတော့သည်။

သို့သော် သူ၏ ညာလက်ရုံးဖြစ်သော ကွမ်းလူကမူ ကျင်းဖုံးအား မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။

တစ်နေ့တွင် ကျင်းဖုံးက ဒုက္ခပေးလာနိုင်သည်ဟု မကြာခဏ ပြောပြီး သုတ်သင်ရှင်းလင်းပစ်ရန် တိုက်တွန်းလေ့ရှိသည်။ ရီလင်း



က ကျင်းဖုံးအား သံယောဇဉ်ရှိနေသောအခါ လီကျူးမှာ ကျင်းဖုံးအား သုတ်သင်ပစ်ဖို့ မေ့ခဲ့သွား၏။

ကျင်းဖုံးသည် ရီကျင်း၏ အဖော်ကစားစရာ အရုပ်လေးတစ်ရုပ်နှင့် တူနေသည်ဆိုပြီး လျစ်လျူရှုလိုက်တော့သည်။

'ကျင်းဖုံး နင်ဘာဝိုင်နေတာလဲ၊ ငါတို့ ကစားကြမယ်လေ'

ရီလင်းက ငူငူကြီး ဖြစ်နေသော ကျင်းဖုံး၏ ပခုံးကို ဆွဲကိုင်လှုပ်ယမ်းကာ ပြောလိုက်သည်။

ကျင်းဖုံးက သူမ၏ မျက်နှာကို ငေးကြည့်ကာ ဘာမှ မပြောချေ။ ရီလင်းက

'ကျင်းဖုံး နင်'

ကျင်းဖုံး သက်ပြင်းချလိုက်လေသည်။

'ငါ ထွက်သွားတော့မယ်'

'ဘာ နင် နင် ထွက်သွားတော့မယ် ဟုတ်လား'

'ဟုတ်တယ်'

'နင် ဘယ်ကို သွားမှာလဲ'

'ငါ'

'နင့်မှာ မိဘတွေလည်း မရှိဘူး၊ နင့်မှာ အိမ်လည်း မရှိဘူး မဟုတ်လား'

'ငါ ငါ'

ရီလင်း ခေါင်းခါယမ်းလိုက်သည်။

'ကျင်းဖုံး မဟုတ်တာတွေ လျှောက်လုပ်မနေစမ်းပါနဲ့ ကဲ လာ ငါတို့ ကစားရအောင်'

ကျင်းဖုံး တုတ်တုတ်မျှ မလှုပ်ချေ။ စကားလည်း မပြောတော့ပါ။

'ကျင်းဖုံး'

ရီလင်းက ခေါ်လိုက်သည်။ ကျင်းဖုံး မထူးပါ။

'ကျင်းဖုံး'

ရီလင်းသည် ကျင်းဖုံးအား သုံးလေးကြိမ်ခေါ်၍ မရတော့သည့်နောက်ဆုံး

'တော်ပြီ နင့်ကို မခေါ်တော့ဘူး'

စိတ်ဆိုးကာ ခြေဆောင့်ပြီး ထွက်သွားလေတော့သည်။ သူမနောက်လှည့်မကြည့်တော့ပါ။ ထို့ကြောင့်လည်း ထိုအချိန်မှစ၍ ကျင်းဖုံးအားမတွေ့ရတော့ခြင်း ဖြစ်ပေတော့သည်။

ကျင်းဖုံးသည် ပြောသည့်အတိုင်း အစောင့်အကြပ်များ အလစ်တွင် သူဌေးလီကျိုး၏ အိမ်မှ ထွက်ပြေးသွားခဲ့လေတော့သည်။

ကျင်းဖုံး မလှုပ်မယှက် ရှိနေ၏။

သူငယ်စဉ်က ထွက်ပြေးလာခဲ့သည့် အိမ်ကလေးနှင့် ယခုတွေ့မြင်လိုက်ရသည့် အိမ်ကလေးမှာ တစ်ပုံစံတည်း တူညီနေသည်။

ပန်းခင်းစိုက်ပျိုးထားပုံ၊ ကျောက်ပြားခင်းထားပုံ၊ ဝါးဖြင့် အိမ်ဆောင်ထားပုံတို့မှာ တထေရာတည်း ဖြစ်နေသည်။ ကျင်းဖုံး နေဟိုင်ခဲ့သည့် အိမ်ကလေးနှင့် ပန်းခြံကို ဤနေရာသို့ ရွှေ့ထားသည် နှင့်ပင်တူနေတော့သည်။

ကျင်းဖုံးသည် သူဌေးခြံဝင်းအတွင်းသို့ ရောက်လာပြီး မျှော်လင့်မထားသော မြင်ကွင်းကြောင့် မှင်တက်မိကာ ငေးကြည့်နေမိလေတော့သည်။

မည်မျှ ကြာသွားမှန်းမသိ။

'မင်းက ဘယ်သူလဲ'



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ရှာခနဲလှည့်ကြည့်လိုက်ရာ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူသည် ကျင်းဖုံးအနီးသို့ ရောက်လာ၏။ ကျင်းဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'သည်နေရာဟာ သခင်ကြီးရဲ့ ခွင့်ပြုချက်မရှိဘဲ ဝင်ခွင့် မရှိဘူးဆိုတာ မင်း မသိဘူးလား ပြောစမ်း၊ မင်း ဘယ်သူလဲ၊ ခြံဝင်းအုပ်ချုပ်ရေးမှူးကြီးဆီကို ပို့ရမယ် လာခဲ့စမ်း'

ပြောပြောဆိုဆို ကျင်းဖုံး၏ လက်ကို ဖမ်းဆွဲ၍ ကြိုးစားလာလေသည်။ ကျင်းဖုံး သတိဝင်လာသည်။

ချက်ချင်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိသည်။

ထိုစဉ်

'ဦးလေးကောင်း ဘယ်သူနဲ့ စကားပြောနေတာလဲ'

ချိုလွင်သာယာသော စကားသံ ထွက်ပေါ်လာသည်။ ကျင်းဖုံးကော ဦးလေးကောင်းပါ လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ဝါးအိမ်ကလေးအတွင်းမှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးမှာ ကျင်းဖုံးနှင့် သက်တူရွယ်တူရှိလေသည်။ ပန်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

နတ်မိမယ်လေး အလား ချောမောလှပသူလေး ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ကျင်းဖုံးသည် ဝါးအိမ်ကလေးထဲမှ ထွက်လာသော မိန်းမချောလေးအား တွေ့လိုက်ရသောအခါ ငယ်စဉ်ကအဖော် ရီလင်းကို သတိရလာလေတော့သည်။

'ရီလင်း'

တီးတိုးရေရွတ်လိုက်သည်။ သူ၏အသံကို မိန်းမချောလေး မကြားလိုက်ပါ။ ဦးလေးကောင်း၏အသံက လွှမ်းမိုးသွားခြင်းကြောင့် ဖြစ်ပါသည်။

'သခင်မလေး သူက ကျူးကျော်ဝင်လာလို့ အုပ်ချုပ်ရေးမှူးကြီးဆီကို ခေါ်သွားမလို့ပါ'

မိန်းမချောလေး သက်ပြင်းချလိုက်သည်။

'အုပ်ချုပ်ရေးမှူးကြီးက ဒေါသသိပ်ကြီးတာ သည်အတိုင်းသွားပို့ရင် သူ့အပြစ်ခံရမှာ သေချာတယ်၊ ဘာကြောင့် သည်နေရာကို ဝင်လာတယ်ဆိုတာကို အရင်ဆုံး စစ်ဆေးမေးမြန်းကြည့်ရင် ကောင်းမယ်'

ထိုစကားအရ မိန်းမချောလေးကော ဦးလေးကောင်းပါ သူ့အား အပြင်လူတစ်ယောက်ဟု မထင်ဘဲ သူ့ဒွေးခြံဝင်းမှ လူတစ်ယောက်က တားမြစ်ထားသော နေရာသို့ ကျူးကျော်ဝင်လာခြင်းဖြစ်သည်ဟု ထင်မှတ်နေပုံ ရှိကြောင်း ကျင်းဖုံး သတိပြုမိလိုက်သည်။

သူ့ဒွေးခြံဝင်းတွင်း အနက်ရောင်ဝတ်ထားသော သိုင်းသမားအတော်များများ ရှိနေ၏။

ဦးလေးကောင်းနှင့်သခင်မလေးဆိုသော မိန်းမချောလေးတို့သည် ထိုအနက်ရောင်သိုင်းသမားများနှင့် ပတ်သက်ကြသူများ မဟုတ်ဟု ပေါ်လွင်နေ၏။



ကျင်းဖုံးသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ ပြောလိုက်လေသည်။

'သည်နေရာဟာ တားမြစ်ထားတဲ့ နေရာဆိုတာ မသိလို့ ဝင်လာမိခဲ့တာပါ၊ ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ် သွားပါရစေ'

ဦးလေးကောင်း မဲ့ပြုံး ပြုံးလိုက်လေသည်။

'ဟေ့ မင်းသွားလို့ ဘယ်ဖြစ်မလဲ၊ တားမြစ်ထားတဲ့ နေရာကို ဝင်လာတာ မင်းမှာ အကြံအစည်တစ်ခု ရှိနေတယ် မဟုတ်လား'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် တကယ်မသိလို့ပါ'

'မင်း လိမ်ပြောတာ'

ဦးလေးကောင်းမှာ ကျင်းဖုံးအား သင်္ကာမကင်းဖြစ်နေသည်။ မိန်းမချောလေးက ပြောသည်။

'ဦးလေးကောင်း သူဟာ ကျွန်မတို့ ခြံဝင်းက စည်းကမ်းကို မသိတဲ့လူသစ်တစ်ယောက်များ ဖြစ်နေမလား'

သူမ၏ ပြေရာပြေကြောင်း ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကျင်းဖုံး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ဟာ မကြာခင်ကမှ ဆရာလုထိန်နဲ့ လိုက်လာတာပါ'

လိမ်ညာပြောလိုက်ရခြင်းကြောင့် မလုံမလဲ ဖြစ်မိသည်က အမှန်ပင်။ သို့သော် ဦးလေးကောင်းသည် ဆရာလုထိန်၏ အမည်ကို ကြားရလျှင် သင်္ကာမကင်းဖြစ်နေသည့်စိတ်များ လျော့ပါးသွားပါသည်။

'လက်စသတ်တော့ မင်းဟာ ဆရာလုထိန်နဲ့ ပါလာတဲ့ လူကိုး၊

သည်နေရာက တားမြစ်ထားတဲ့ နေရာဆိုတာ ပြောပြမထားဘူးလား၊ သူမပြောရင်လည်း မှတ်ထား နောက်နောင် ဘယ်တော့မှ ဝင်မလာလေနဲ့'

ကျင်းဖုံး ဦးညွှတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ'

စကားဆုံးလျှင် ခပ်သွက်သွက် လာခဲ့လေသည်။ ဦးလေးကောင်းက အော်ပြောလိုက်သည်။

'ဟေ့ မင်း ဘယ်သွားမလို့လဲ၊ တံခါးပေါက်က သည်ဘက်မှာကွ'

ကျင်းဖုံး ရင်ထိတ်သွားသည်။ ဦးလေးကောင်းအား ဦးညွှတ်ဂါရဝပြုပြီး တံခါးပေါက်ဘက်သို့ ထွက်လာခဲ့သည်။

ဦးလေးကောင်းနှင့် မိန်းမချောလေးတို့က သူ့အား အကဲခတ်ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

တံခါးမကို ဖြတ်ကျော်ကာ အပြင်ဘက် ရောက်လာသောအခါ ခြံဝင်းကျယ်ကြီးအတွင်း၌ အဆောက်အဦးများ အစီအရီရှိနေသည်ကို တွေ့မြင်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများ အစိမ်းရောင်ဝတ်ဆင်ထားကြသူများ ပျားပန်းခတ်ကာ လှုပ်ရှားသွားလာနေကြသည်ကို တွေ့မြင်ရသည်။

မည်သူတစ်ဦးတစ်ယောက်ကမှ သူ့အား အမှုမထားကြဘဲ ကိုယ်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်။

ကျင်းဖုံး စိတ်သက်သာရသွားလေသည်။ ဟိုဟိုသည်သည်



အကဲခတ်ကြည့်လိုက်သည်။ သူက သူဌေးခြံဝင်းအတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနေပြီ ဖြစ်ပါသည်။

သခင်မလေးဆင့်ဆင့်သည်လည်း ဤခြံဝင်းအတွင်း၌ပင် ရှိနေပေလိမ့်မည်။ ကျင်းဖုံး၏ မျက်နှာ ခက်ထန်သွားသည်။

သူဌေးခြံဝင်းအတွင်း၌ ရှမ်းချီအား လုပ်ကြံသွားသူလည်း ရှိရပေမည်။

သူဌေးခြံဝင်းအတွင်းမှ လူများအား ထိထိရောက်ရောက် ဆုံးမရမည်ဟု ဆုံးဖြတ်လိုက်သည်။

ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်ရာ တစ်ခုသော အဆောက်အဦး၌ အစောင့်အကြပ်များ စောင့်ကြပ်နေကြသည်ကို တွေ့ရသည်။

ကျန်အဆောက်အဦးများ၌ကား အစောင့်အကြပ်များ မရှိချေ။ ကျင်းဖုံး စိတ်လှုပ်ရှားသွားသည်။

'သည်အဆောက်အဦးမှာ သခင်မလေးဆင့်ဆင့်ကို ဖမ်းဆီးထားတာပဲ ဖြစ်မယ်'

ချက်ချင်းပင် ထိုအဆောက်အဦးဆီသို့ လှမ်းသွားလိုက်လေသည်။ အခြားသူများက သူ့အား အမှုမထားကြပါ။

သို့သော် အဆောက်အဦးရှေ့မှ အစောင့်အကြပ်များကမူ သူ့အား ဂရုပြုမိသွားကြသည်။

ကျင်းဖုံးအနီးသို့ ရောက်လာသည်နှင့် အစောင့်ခေါင်းဆောင်က မေးလာလေ၏။

'မင်း ဘယ်သွားမလို့လဲ'

ကျင်းဖုံး ပြေလှမ်းရပ်လိုက်သည်။

'ပြောစမ်း မင်း ဘယ်သွားမလို့လဲ'
အစောင့်ခေါင်းဆောင်က မေး၏။ ကျင်းဖုံးက
'သခင်မလေးကို ခေါ်သွားမလို့ပါ'
'ဘာ'

ကျင်းဖုံး၏ စကားကြားလျှင် အစောင့်ခေါင်းဆောင် လှုပ်လှုပ်ရှားရှားဖြစ်သွားလေတော့သည်။

**စာစဉ်(၂)ပြီး၏။**
**စာစဉ်(၃) ဆက်လက်ဖတ်ရှုပါရန်**